
# ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း

## သင်တန်းလက်စွဲ

CAPACITY BUILDING INITIATIVE

ဒီဇင်ဘာလ၊ ၂၀၁၃ ခုနှစ်။

(စီမံချက်နယ်မြေတွင်းကန့်သတ်)



# ပါဝင်ဆောင်ရွက်ရင်းလေ့လာသင်ယူခြင်း

# သင်တန်းလက်စွဲ

## PARTICIPATORY LEARNING AND ACTION

### သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်

ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း (Participatory Learning and Action) သင်ရိုးညွှန်းတမ်းသည် ပူးပေါင်းဆောင်ရွက်ရင်း လေ့လာသင်ယူခြင်းနည်းလမ်းများကို စနစ်တကျ လေ့လာသင်ယူခြင်းဖြင့် မိမိတို့ အဖွဲ့အစည်းလုပ်ငန်းများတွင် ပိုမိုထိရောက် အောင် မြင်စွာ အသုံးချနိုင်ရန်နှင့် မိတ်ဖက် အဖွဲ့အစည်းများ၊ ဦးတည်အုပ်စုများနှင့် ဒေသခံများကိုလည်း ဆင့်ပွား ပို့ချခြင်းဖြင့် ၎င်းတို့၏ အရည်အသွေးများ မြှင့်တင်နိုင်စေရန် ရည်ရွယ်ပါသည်။

သင်ခန်းစာတစ်ခုချင်းစီအတွက် ရည်ရွယ်ချက်၊ အသုံးပြုရမည့်အချိန်၊ သင်တန်း အထောက် အကူပြုပစ္စည်းများနှင့် လုပ်ငန်းစဉ်များကို လွယ်ကူရှင်းလင်းစွာ ရေးသားဖော်ပြပေးထားပါသည်။ ထို့ပြင် သင်ခန်းစာနှင့် ဆက်စပ်အသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး သင်တန်းအထောက်အကူပြု ရုပ်ပုံများကိုလည်း ဖော်ပြပေးထားပါသည်။ မြန်မာဘာသာဖြင့် လွယ်ကူရှင်းလင်းစွာ ရေးသားပေးထားပြီး ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း (PLA) နှင့်ဆိုင်သော ကိရိယာများ (Tools) နှင့် နည်းလမ်းများ (Methods) ၏ အမည်များကို မူရင်းစကားလုံးအတိုင်း သုံးစွဲရေးသားပေးထားပါသည်။ ဤသင်တန်း လက်စွဲ စာအုပ်ကို အသုံးပြုပြီး ဆင့်ပွားသင်တန်း ပြန်လည်ပေးနိုင်ရန် ရှင်းလင်းချက်များနှင့်အတူ ရေးသား ပြုစု ပေးထားပါသည်။

စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း(စီဘီအိုင်)

# ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း

## မာတိကာ


| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| အခန်း (၁) | ပံ့ပိုးကူညီခြင်းဆိုတာဘာလဲ | ၅ |
| အခန်း (၂) | လူထုဆိုတာဘာလဲ | ၂၅ |
| အခန်း (၃) | လူထုဖွံ့ဖြိုးမှုဆိုတာဘာလဲ | ၂၉ |
| အခန်း (၄) | လူထုပူးပေါင်းပါဝင်ခြင်းဆိုတာဘာလဲ | ၃၉ |
| အခန်း (၅) | ပါဝင်ဆောင်ရွက်ရင်းလေ့လာသင်ယူခြင်း နည်းလမ်း၏ သမိုင်းကြောင်း | ၄၅ |
| အခန်း (၆) | အချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်ခြင်း | ၅၁ |
| အခန်း (၇) | လိုအပ်ချက်များ ဆန်းစစ်ခြင်း | ၅၅ |
| အခန်း (၈) | ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူမှု ကိရိယာများနှင့် နည်းလမ်းများ | ၆၁ |

# အခန်း ၁

## ပုံပိုးကူညီခြင်း

# ပံ့ပိုးကူညီခြင်း (Facilitation)

## ရည်ရွယ်ချက်

- ပံ့ပိုးကူညီခြင်း၏ အဓိပ္ပါယ်နှင့် လုပ်ငန်းရပ်များကိုသိရှိနားလည်ပြီး သင်တန်းနှင့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရာတွင် အသုံးချနိုင်စေရန်။

## အဓိကသင်ယူစေလိုသောအချက်များ

- ပံ့ပိုးကူညီခြင်းဆိုသည်မှာ အဖွဲ့တစ်ဖွဲ့(သို့) လူအုပ်စုတစ်ခုအတွက် ထိရောက်သော ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်
- အပြန်အလှန်နားလည်မှုမှတဆင့် စိတ်ခွန်အားတက်ကြွမှုများ ဖြစ်ပေါ်စေရန်

## သင်ကြားနည်းပုံစံများ

- အပြန်အလှန်ဆွေးနွေးသင်ကြားခြင်း

## ဖြစ်စဉ်အသေးစိတ်

- အဖွဲ့ ၅ ဖွဲ့ ခွဲပါ။
- ပံ့ပိုးကူညီခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက် ၅မျိုးကို တစ်ဖွဲ့ကို တစ်ခုစီပေး၍ ဆွေးနွေးစေပါ။
- မိမိအဖွဲ့ကဆွေးနွေး၍ နားလည်သည့်အတိုင်း အဓိပ္ပါယ်ဖွင့်ဆိုချက်အသစ်တစ်ခုပြန်လည်ရေးသားပါစေ။
- တစ်ဖွဲ့ချင်းစီက မိမိတို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အသစ်ကို အဖွဲ့အားလုံးသို့တင်ပြပါစေ။
- ပံ့ပိုးသူမှ အဖွဲ့အသီးသီး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှ အားလုံးသဘောတူသည့် အကြောင်းအရာများကို ဆွဲထုတ်ပြီး အနှစ်ချုပ်ပါ။

## ကြာချိန်

- ၉၀ မိနစ်

## လိုအပ်သော သင်ထောက်ကူပစ္စည်းများ

- စာရွက်ကြီးများ၊ ရောင်စုံမင်ချောင်းများ၊ ပံ့ပိုးကူညီခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက် ၅ မျိုး။

# ပံ့ပိုးကူညီခြင်း (Facilitation)ဆိုသည်မှာ

ပံ့ပိုးကူညီခြင်းဆိုသည်မှာ ကြိုးကိုင်မှုများ၊ ထိန်းချုပ်မှုများ မပါစေဘဲ ဦးဆောင်ဦးရွက်ပြုသော နည်းလမ်းများဖြင့်သာ အထောက်အပံ့ပေးခြင်းဖြစ်သည်။ အခြားသူများ မိမိတာဝန်ယူနိုင်သည်၊ ဦးဆောင်နိုင်သည်ဟူသော ခံစားချက်များ ရရှိအောင်လုပ်ခြင်းသည် ပံ့ပိုးကူညီသူတစ်ယောက်၏ အလုပ်ဖြစ်သည်။ ဥပမာ သင်၏ ဝန်ထမ်းတစ်ဦးသည် သင့်ထံသို့ ပြဿနာတစ်ခု လာရောက်တင်ပြသောအခါ သင်က ထိုပြဿနာ၏ အဖြေကို သူတို့အတွက် ရှာပေးမည့်အစား သူတို့ကိုယ်တိုင် အဖြေရှာဖွေတွေ့ရှိနိုင်အောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ အပြန်အလှန်ဆွေးနွေးခြင်းများကို တဆင့်ပြီးတဆင့် ပြုလုပ်စေခြင်းဖြင့် ၎င်းတို့ ကိုယ်တိုင် ဆုံးဖြတ်နိုင်သည်အထိ တွန်းအားပေးခြင်း ဖြစ်ပါသည်။ ပံ့ပိုးကူညီသူတစ်ယောက်သည် ကစားပွဲတစ်ခုတွင် ကစားသမား (Player) ထက် ဒိုင်လူကြီး (Referee) နေရာတွင်ပို၍ နေသင့်သည်။ ဆိုလိုသည်မှာ ထိုဖြစ်ရပ်တွင် ပါဝင်ခြင်းထက် ထိုဖြစ်စဉ်ကို သေချာစွာ ကြည့်ရှုနေခြင်းဖြစ်သည်။ ဖြစ်စဉ်တွင် ဖြစ်ပေါ်လာသော ကိစ္စရပ်များကို ထိန်းကျောင်းရခြင်းဖြစ်သည်။ ထိုကိစ္စရပ်များကို မည်သည့် အချိန်တွင် ရပ်စေချင်သည်၊ ဆက်လက်ဖြစ်စေချင်သည်ကို ပြုလုပ်နိုင်သော အထိန်းခလုတ်ပေါ်တွင် သင့်လက်ရှိသည်နှင့်တူပါသည်။ အရေးကြီးဆုံးအရာမှာ ပါဝင်သူများကိုယ်တိုင် ရည်ရွယ်ချက်ကို သတ်မှတ်ရန်နှင့် ထိုရည်ရွယ်ချက်ကို သူတို့ကိုယ်တိုင် ရရှိအောင်ကူညီပေးခြင်းဖြစ်သည်။

## ပံ့ပိုးကူညီခြင်း

- ပံ့ပိုးကူညီခြင်းဖြင့် လိုချင်သော ပြောင်းလဲမှု (သို့)ဦးတည်မှုကို အဆင်ပြေပြေ ချောချောမွေ့မွေ့ ရရှိစေနိုင်သည်။
- ပံ့ပိုးကူညီခြင်းသည်လုပ်ဆောင်မှုတစ်ခု၊ ဆွေးနွေးမှုတစ်ခုကို ဦးဆောင်ခြင်းထက် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ထိုလုပ်ဆောင်မှု ဆွေးနွေးမှုတွင် အဖွဲ့ဝင်အားလုံး ပါဝင်လာစေရန် အားပေးခြင်း ဖြစ်သည်။
- ပံ့ပိုးကူညီခြင်းသည် ဆွေးနွေးသူတို့ လိုချင်သည်များကို စဉ်းစား၍ ၎င်းတို့ကိုယ်တိုင် ရရှိအောင် ဆောင်ရွက်နိုင်ရန် ကူညီပေးခြင်းဖြစ်သည်။
- ပံ့ပိုးကူညီခြင်းသည် ဖြစ်စဉ်တစ်ခုဖြစ်ပြီး ပါဝင်သူအားလုံး၏ ပူးပေါင်းပါဝင်မှု၊ ပတ်သက် ဆက်နွယ်မှုနှင့် တီထွင်ဖန်တီးနိုင်မှုတို့ ပေါ်ထွက်လာအောင်အားပေးကာ သဘောတူညီထားသော ဦးတည်ချက်များဆီသို့ ပါဝင်သူများကို ဦးဆောင်ခြင်း အနုပညာဖြစ်သည်။
- နောက်ဆုံးဦးတည်ချက်တစ်ခုကို ရရှိစေနိုင်ရန် တိကျသောစံသတ်မှတ်ချက်များပေါ်တွင် အခြေခံကာ ပါဝင်သူများ၏ ဆွေးနွေးမှုများ၊ လုပ်ဆောင်မှုများဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုတစ်ရပ်ကို ဖန်တီးခြင်းဖြစ်သည်။

## ပံ့ပိုးကူညီသူတစ်ဦး၏အရည်အသွေးများနှင့် စိတ်နေစိတ်ထားများ

၁. လွှမ်းမိုးနိုင်သော အသံရှိရမည်။

၂. စကားကြွယ် ရမည်။

၃။ ဟာသဉာဏ် ရှိရမည်။
၄။ အားလုံး၏ စိတ်ဝင်စားမှုကို ရအောင်ယူတတ်ရမည်။
၅။ ဖန်တီးနိုင်စွမ်း ရှိရမည်။
၆။ အချိန်ကို စီမံခန့်ခွဲ နိုင်ရမည်။
၇။ မိမိကိုယ်ကို ယုံကြည်မှုရှိရမည်။
၈။ မေးခွန်းများ မေးတတ်ရမည်။
၉။ အပြန်အလှန် ဆွေးနွေးခွင့် ပေးနိုင်ရမည်။
၁၀။ စီစဉ်တကျ ကြိုတင်ပြင်ဆင်နိုင်ရမည်။
၁၁။ အပြုသဘောဆောင်သော သဘောထားရှိရမည်။
၁၂။ နားထောင်တတ်ရမည်။ လိုအပ်ချက်များကို သိနိုင်စွမ်းရှိရမည်။
၁၃။ လေ့လာနိုင်စွမ်း၊ အခြေအနေကို နားလည်နိုင်စွမ်းရှိရမည်။
၁၄။ ဘာသာရပ်ဆိုင်ရာ ပိုင်နိုင်ကျွမ်းကျင်မှုရှိရမည်။
၁၅။ အားပေးတတ်၊ လက်တွဲခေါ်တတ်ရမည်။
၁၆။ စေတနာ ထားတတ်ရမည်။
၁၇။ စိတ်ရှည်သည်းခံနိုင်စွမ်းရှိရမည်။
၁၈။ သင်တန်းနည်းလမ်းများကို သိရှိရမည်။
၁၉။ အနှောင့်အယှက်ရှိပါက ဖြေရှင်းနိုင်ရမည်။
၂၀။ ပြန်လည်ထင်ဟပ် သုံးသပ်အကဲဖြတ်နိုင်စွမ်းရှိရမည်။
၂၁။ အကောင်း၊ အဆိုး တုံ့ပြန်ချက်များကို လက်ခံနိုင်စွမ်းရှိရမည်။
၂၂။ အားလုံးပါဝင်လာနိုင်စေရန် စွမ်းဆောင်နိုင်စွမ်းရှိရမည်။

ပံ့ပိုးကူညီသူတစ်ဦးတွင်ရှိသင့်သော အခြေခံစိတ်နေစိတ်ထား (၄)မျိုးမှာ–

၁။ လူတို့၏အခြေအနေများကို စိတ်ဝင်စားရမည်။ သို့မှသာ လူတို့သည် ၄င်းတို့၏ အတွေးအခေါ် အယူအဆများကို ယုံကြည်စွာဖော်ထုတ်ပြသကြလိမ့်မည်။
၂။ လူတို့၏မတူညီမှုများနှင့် စိတ်ဝင်စားမှုများကို ကောင်းစွာနားလည်တတ်ရမည်။
၃။ လူတစ်ဦးစီ၏ အရည်အသွေးနှင့် သဘာဝကို တန်ဖိုးထား လေးစားရမည်။
၄။ မည်ကဲ့သို့ဖွဲ့စည်းထားသောအဖွဲ့ဖြစ်စေ အဆုံးသတ်အဖြေသည် ၄င်းတို့၌သာရှိကြောင်းကို ယုံကြည်၍ ထိုအဆုံးသတ်ကိုရောက်ရှိစေရန် ပံ့ပိုးကူညီရမည်။
စိတ်နေစိတ်ထားကို အောက်ပါပုံစံအမျိုးမျိုးဖြင့်လည်း ဖော်ပြနိုင်ပါသည်။

- စကားလုံးများနှင့် အယူအဆများ
- အသံနေအသံထား
- ကိုယ်အမူအရာ
- အဖွဲ့တွင်းအပြုအမူ
- မျက်နှာအမူအရာ

ပံ့ပိုးကူညီသူ တစ်ဦးအနေဖြင့် သတိပြုသင့်သော အချက်များမှာ–

- **အခြားသူ၏ အယူအဆများကို အကဲမဖြတ်ရန်**
- **မိမိထင်မြင်ယူဆချက်နှင့် အခြားသူများ၏ ထင်မြင်ယူဆချက်များကို မတိုင်းတာရန်**
- **အခြားသူများသည် မိမိအကူအညီကို မရှိမဖြစ်လိုအပ်သည်ဟုမယူဆရန်**
- **စစ်မှန်စွာဖော်ရွေရန်**
- **လေးစားမှုဖြင့် ဆက်ဆံရန်**
- **လူတိုင်းတွင် ကိုယ်ပိုင်အမြင်၊ အပြုအမူနှင့် တန်ဖိုးထားမှုများရှိခြင်းကိုလက်ခံရန်**
- **လူတို့ကို စိတ်ဝင်စားကြောင်း ပြသရန်**
- **သူတပါးက မိမိအပေါ် ဆက်ဆံစေလိုသောပုံစံအတိုင်း မိမိက သူတပါးအပေါ်ဆက်ဆံရန်**
- **မိမိက ၎င်းတို့ထက် ပို၍သိ၊ ပိုတတ်သည်ဟု မတွေးရန်**
- **အကြံဉာဏ်မပေးရန် တို့ ဖြစ်သည်။**

**မိမိကိုယ်တိုင်နှင့်တကွ ပါဝင်သူများကိုလေးစားမြတ်နိုးရမည်။ လူတို့သည် သင့်ရင်ထဲမှ စေတနာ၊ မေတ္တာများကိုသင့် မျက်လုံး၊ အမူအရာနှင့် အပြောအဆိုများမှတဆင့် ခံစားနိုင်ကြပါသည်။**

## ပံ့ပိုးကူညီခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**ပံ့ပိုးကူညီခြင်းဆိုသည်မှာ အဖွဲ့အတွင်းရှိ တစ်ဦးချင်းစီနှင့် အဖွဲ့ငယ်များ၏ အကြံဉာဏ်များအားလုံး ထွက်ပေါ်လာစေရန်နှင့် ပါဝင်ဆွေးနွေးထားသော အချက်များအပေါ် မူတည်၍ ဆုံးဖြတ်ချက်များ အတူတကွ ချမှတ်နိုင်စေရန်အတွက် ဆွေးနွေးသောအကြောင်းအရာများကို ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ ထိန်းကျောင်း ပေးခြင်းဖြစ်သည်။**

**ပံ့ပိုးကူညီသူတစ်ယောက်ဆိုသည်မှာ ဆွေးနွေးမှုအကြောင်းအရာများတွင် လုံးဝ ဝင်ရောက်စွက်ဖက်ခြင်း မရှိဘဲ ထိရောက်သောဖြစ်စဉ် အဆင့်ဆင့်ကိုရောက်ရှိရန်၊ ကျော်လွှားရမည့်အခက်အခဲများကို အတူတကွ ကျော်လွှားနိုင်စေရန်၊ လုပ်ငန်းတာဝန်ပြီးမြောက်ရန်၊ ထိရောက်သော ဆုံးဖြတ်ချက်များ အတူတကွ ချမှတ်နိုင်ရန်၊ အချင်းချင်းအပြုသဘောဆောင်ပြီး အပြန်အလှန် လေးစားမှုရှိသော ဝန်းကျင်တစ်ခုတွင် အပြည့်အဝ ပါဝင် ဆွေးနွေးနိုင်စေရန်အတွက် လမ်းကြောင်း ပေးရသူ ဖြစ်သည်။**

**ပံ့ပိုးကူညီခြင်းဆိုသည်မှာအဖွဲ့၏ ကိစ္စရပ်တစ်ခုတွင် ပါဝင်သော အရာများထက် ထိုအရာများအတွက် လိုအပ်သောရလဒ်များရရှိစေရန် ဆောင်ရွက်သော ဖြစ်စဉ်ကိုဆိုလိုသည်။ ၎င်းသည် အစမှတ်တစ်ခုမှ အဆုံးမှတ်တစ်ခုသို့ ရွေ့လျားမှု တစ်ခုပြုလုပ်ရန် လမ်းကြောင်းနှင့်ပတ်သက်သည်။ တစ်နည်းအားဖြင့် ပံ့ပိုး ကူညီသူသည် ဖြစ်စဉ်ကိုသာ အာရုံစိုက် ဦးဆောင်ရပြီး ပါဝင်သူများကို ထိုဖြစ်စဉ် တစ်လျှောက်လုံး အဆင်ပြေ ချောမွေ့စွာနှင့် သူတို့သွားရမည့် ရည်မှန်းချက်ကို သူတို့ကိုယ်တိုင် ရှာဖွေကာ အားလုံး၏ သဘောတူညီမှုများဖြင့် ခရီးဆုံးပန်းတိုင်ကိုရောက်ရှိစေခြင်းဖြစ်သည်။**

**ပံ့ပိုးကူညီသူသည် ဖြစ်စဉ်တစ်ခုတည်းကိုသာအာရုံစိုက်ပြီး ပါဝင်သူအားလုံး၏ အကြံဉာဏ်များနှင့် ဆုံးဖြတ်ချက်များကိုသုံးသပ်ခြင်း၊ အကြံဉာဏ်ပေးခြင်းများကိုရှောင်ကြဉ်ရမည်။ တစ်နည်းအားဖြင့် ကိစ္စရပ် တစ်ခုအတွက်အကြောင်းအရာနှင့် ပတ်သက်၍ ဦးဆောင်ပါဝင်ခြင်းမရှိဘဲ ပါဝင်သူများနှင့် အတူတကွ**

**နေထိုင်ပြောဆိုကာ ပါဝင်သူများ၏ ရည်ရွယ်ချက်ရောက်ရှိစေရန် လမ်းကြောင်း ထိန်းညှိပေးခြင်းဖြစ်သည်။ ဤနေရာတွင် ဖြစ်စဉ်မှ ချော်ထွက်သွားသောအရာများကို လမ်းကြောင်း ပြန်တည့်ပေးခြင်း၊ ပါဝင်သူများ၏ ပါဝင်မှုအားကောင်းလာအောင် ဆောင်ရွက်ပေးခြင်းနှင့် အချင်းချင်း ဝေဖန် တိုက်ခိုက်ခြင်းများကို ထိန်းညှိပေးခြင်းများသည် ထိရောက်သော ပံ့ပိုးကူညီမှုပင်ဖြစ်သည်။**

**ပါဝင်သူများ၏ အတွေးအခေါ် အကြံဉာဏ်သစ်များပေါ်ထွက်လာစေရန် အထောက်အပံ့ပေးခြင်းသည် ပံ့ပိုးကူညီသူ၏ အဓိက တာဝန်ပင်ဖြစ်သည်။ ပံ့ပိုးကူညီသူအနေဖြင့် ပါဝင်သူများအားလုံး အပြည့်အဝ ပါဝင်လာစေရန် အားပေးခြင်း၊ အဖွဲ့ဝင်အားလုံး၏ တူညီသောအသံများကို နားထောင်ပေးခြင်း၊ တူညီသော အဖြေများကို ဖော်ထုတ်ပေးခြင်းများကို လုပ်ဆောင်ပေးရန် လိုအပ်သည်။ ပံ့ပိုးကူညီသူမှ အဖွဲ့ဝင်တစ်ယောက်စီတိုင်း၏ တွေးခေါ်မှုများကိုအားပေးရန်လိုအပ်သည်။**

# အကြောင်းအရာနှင့်ဖြစ်စဉ်
# (Content and Process)

ရည်ရွယ်ချက်

- အကြောင်းအရာနှင့် ဖြစ်စဉ်တို့၏ ခြားနားချက်များကို ကောင်းစွာသိရှိနားလည်ရန်

အဓိကသင်ယူစေလိုသော အချက်များ

- အကြောင်းအရာသည် ဘာ (What) ကို ကိုယ်စားပြုသည်။
- လုပ်ငန်းစဉ်၊ ဖြစ်စဉ်သည် ဘယ်လို (How) ကို ကိုယ်စားပြုသည်။
- ဖြစ်စဉ်ကို စကားလုံးများဖြင့် မဖော်ပြနိုင်သဖြင့် ဆွေးနွေးမှုအများစုတွင် မြင်တွေ့ရန် ခဲယဉ်းပြီး လျစ်လျူရှုထားကြကာ အကြောင်းအရာကိုသာ အာရုံစိုက်တတ်ကြသည်။
- ဖြစ်စဉ်ပံ့ပိုးကူညီခြင်းဆိုသည်မှာ ထိရောက်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်နှင့် လုပ်ငန်းဆောင်တာများ ပြီးမြောက်စေရန် အကြောင်းအရာကို ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ လုပ်ငန်းစဉ်များကို ထိရောက်စွာ အသုံးပြုခြင်းဖြစ်သည်။
- သင်တန်းပံ့ပိုးကူညီခြင်းဆိုသည်မှာ တက်ကြွသောသင်ယူမှုဖြစ်စေရန် ထိရောက်သော လုပ်ငန်းစဉ်များကို အသုံးပြုပြီး အကြောင်းအရာကို သင်ယူသူများထံ ဖြန့်ဝေပေးခြင်း ဖြစ်သည်။
- ပံ့ပိုးကူညီသူအနေဖြင့် ပံ့ပိုးကူညီမှုပေးရာတွင် အထောက်အပံ့အချက်များဖြစ်သည့် နေရာ၊ ဖြစ်စဉ်၊ ရလဒ်နှင့် အချိန်တို့ကို ထည့်သွင်းစဉ်းစားထားရသည်။

သင်ကြားနည်းပုံစံများ

- အုပ်စုဖွဲ့ဆွေးနွေးခြင်း

ဖြစ်စဉ်အသေးစိတ်

- အဖွဲ့ ၃ ဖွဲ့ ခွဲပါ။
- အဖွဲ့ တစ်ဖွဲ့ချင်းစီကို မိမိတို့ နှစ်သက်ရာ ဟင်းတစ်မျိုးကို စဉ်းစားပါစေ။
- ထိုဟင်းသည် အဓိကဟင်း (Main cuisine) ဖြစ်ရမည်။ အရံဟင်းမဖြစ်စေရပါ။
- ဟင်းအမျိုးအစား စဉ်းစားပြီးပါက ထိုဟင်းတွင် ပါဝင်မည့်ပစ္စည်းစာရင်းကို ပြုစုပါ။
- ဟင်းအတွက် ပါဝင်ပစ္စည်းများပြုစုရာတွင် ပစ္စည်းများကို အလေးချိန်ပမာဏအတိအကျ အပိုအလို မရှိစေအောင် စာရင်းပြုစုစေပါ။ ထိုဟင်းသည် မိမိအဖွဲ့ဝင်များအားလုံး စားသောက်ရန် လုံလောက်သော ပမာဏ ရှိရမည်ဖြစ်ကြောင်း ပြောပါ။ ( ဥပမာ- အဖွဲ့ဝင်အရေအတွက် ၆ ယောက် ရှိလျှင် ၆ ယောက် စာ)

- **ထို့နောက် မိမိတို့ ချက်မည့်ဟင်းတစ်ခွက် ရရှိစေရန် ဟင်းချက်နည်း အဆင့်အဆင့် အသေးစိတ်ကို စာရွက်ကြီးပေါ်တွင် ချရေးစေပါ။ ဟင်းချက်နည်းအဆင့်အဆင့်ရေးသားနေသည့်အချိန်တွင် လိုအပ်လာသည့် ပစ္စည်းများရှိလာပါက ပါဝင်ပစ္စည်းများကို ပြန်လည်ပြုပြင်ခြင်း၊ ထပ်မံ ဖြည့်စွက်ခြင်း မပြုနိုင်တော့ကြောင်း ပြောပြပါ။**
- **ထိုဟင်းချက်နည်းကို ဖတ်ရှုသူတိုင်း နားလည်ပြီး ယင်းအညွှန်းအတိုင်း ပြန်လည် ချက်တတ်စေသည် အထိ ရှင်းလင်းစွာ ရေးသားစေပါ။**
- **အဖွဲ့တစ်ဖွဲ့ချင်းစီမှ မိမိတို့အဖွဲ့၏ဟင်းချက်နည်းကို တင်ပြပါစေ။**
- **ဖြစ်စဉ်ပံ့ပိုးကူညီသူသည် အထက်ပါဟင်းချက်နည်းများမှ အကြောင်းအရာနှင့် ဖြစ်စဉ်ကို ခွဲပြပြီး အနှစ်ချုပ်ပါ။**

## ကြာချိန်

- **၉၀ မိနစ်**

## ပံ့ပိုးကူညီသူများသို့အကြံပြုချက်

- **ဟင်းအမျိုးအစား စဉ်းစားရာတွင် အဓိက ဟင်းဖြစ်စေရန်**
- **ပါဝင်ပစ္စည်းပမာဏ အရေအတွက်၊ အလေးချိန် အတိအကျ ရေးသားစေရန်စသည်တို့ကို ဂရုပြုရန် လိုအပ်ပါသည်။**

## လိုအပ်သောသင်ထောက်ကူပစ္စည်းများ

- **စာရွက်လွတ်များ၊ စာရွက်ကြီးများ၊ ရောင်စုံမင်ချောင်းများ၊ စက္ကူတိတ်များ။**

# အကြောင်းအရာနှင့်ဖြစ်စဉ် (Content and Process)

## အကြောင်းအရာ


အကြောင်းအရာဆိုသည်မှာ ဆွေးနွေးနေသော ကိစ္စရပ်ဖြစ်သည်။ လုပ်ဆောင်ရမည့်လုပ်ငန်း၊ ဆွေးနွေးမှုနှင့် သက်ဆိုင်သည့် အကြောင်းအရာနှင့် ဖြေရှင်းရမည့် ပြဿနာအခက်အခဲများ ဖြစ်သည်။ အကြောင်းအရာကို စကားလုံးများဖြင့် ဖော်ပြနိုင်သည်။ ထို့ကြောင့် အကြောင်းအရာသည် မြင်သာထင်သာရှိပြီး ပါဝင်သူများ၏ အာရုံစူးစိုက်မှုကို အများဆုံးရရှိသည်။ အကြောင်းအရာသည် “ ဘာ ” ကို ကိုယ်စားပြုသည်။

## လုပ်ငန်းစဉ်၊ ဖြစ်စဉ်

လုပ်ငန်းစဉ် ဖြစ်စဉ် ဆိုသည်မှာ ဆွေးနွေးစဉ်တွင် ပေါ်ပေါက်နေသော ဖြစ်ပျက်မှုပုံစံများ ဖြစ်သည်။ ဆွေးနွေးရာ၌ အသုံးပြုသော နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ဆောင်မှုပုံစံများနှင့် လက်စွဲနည်းစနစ်များ ပါဝင်သည်။ ထို့အပြင် ဆွေးနွေးသူများ အချင်းအချင်း အပြန်အလှန် ဆက်ဆံပုံ၊ အဖွဲ့အတွင်း လှုပ်ရှားပြောင်းလဲနေမှုများ၊ ပေါ်ပေါက်လာသော အခြေအနေ စသည်တို့ လည်း ပါဝင်သည်။ ဖြစ်စဉ်ကို စကားလုံးများဖြင့် မဖော်ပြနိုင်သဖြင့် ဆွေးနွေးမှုအများစုတွင် မြင်တွေ့ရန် ခဲယဉ်းပြီး လျစ်လျူရှုထားကြကာ အကြောင်းအရာကိုသာ အာရုံစိုက်တတ်ကြသည်။ လုပ်ငန်းစဉ် ဖြစ်စဉ်သည် “ဘယ်လို” ကို ကိုယ်စားပြုသည်။

| အကြောင်းအရာ “ဘာ” ( WHAT) | ဖြစ်စဉ် “ဘယ်လို” (HOW) |
|---|---|
| ဆွေးနွေးသည့် အကြောင်းအရာ<br>လုပ်ငန်းတာဝန်များ<br>ဖြေရှင်းမည့် ပြဿနာများ<br>ချမှတ်သော ဆုံးဖြတ်ချက်များ<br>ဆွေးနွေးသည့် အစီအစဉ်<br>ရည်ရွယ်ချက် | နည်းလမ်းများနှင့် လုပ်ငန်းစဉ်များ<br>ဆက်ဆံရေးပုံစံများ<br>အသုံးပြုသည့် လက်စွဲ နည်းစနစ်များ<br>သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်<br>စံသတ်မှတ်ချက်များ<br>အဖွဲ့အတွင်းလှုပ်ရှား ပြောင်းလဲနေမှုများ<br>ဆွေးနွေးမှုတစ်ခုလုံး၏ အခြေအနေ |

ဆွေးနွေးမှု၏ရလဒ်များကို လွှမ်းမိုးရန် ရည်ရွယ်ချက်ဖြင့် မိမိ၏အမြင်ကိုတင်ပြသော ပံ့ပိုးကူညီသူသည် အကြောင်းအရာ (Content) ကို ဦးစားပေးပံ့ပိုးကူညီသူဖြစ်သည်။ ပံ့ပိုးကူညီသူအနေဖြင့် ဖြစ်စဉ် (Process) ကိုသာ တာဝန်ယူ စီမံဆောင်ရွက်ပြီး အကြောင်း အရာကို ပါဝင်သူများအား တာဝန်ယူစေရန် လိုအပ်ပါသည်။ အကြောင်းအရာပေါ်တွင် ဘက်မလိုက်ဘဲ ဖြစ်စဉ်ကိုသာ ထိရောက်စွာ ထိန်းကျောင်းသူသည် ဖြစ်စဉ် ဦးစားပေး ကူညီပံ့ပိုးသူ ဖြစ်သည်။




**ဖြစ်စဉ်ပံ့ပိုးကူညီခြင်းဆိုသည်မှာ အဖွဲ့တစ်ခုအတွက် ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် လုပ်ငန်း ဆောင်တာများ ပြီးမြောက်စေရန် အကြောင်းအရာကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ လုပ်ငန်းစဉ်များကို ထိရောက်စွာ အသုံးပြုခြင်းဖြစ်သည်။**

**သင်တန်းပံ့ပိုးကူညီခြင်းဆိုသည်မှာ တက်ကြွသော သင်ယူမှုဖြစ်စေရန် ထိရောက်သော လုပ်ငန်း စဉ်များကို အသုံးပြု၍ အကြောင်းအရာကို သင်ယူသူများထံ ဖြန့်ဝေပေးခြင်းဖြစ်သည်။**

**သမားရိုးကျ သင်ကြားခြင်းဆိုသည်မှာ သင်ကြားမည့် အကြောင်းအရာကို ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး ထိုအကြောင်းအရာကိုသာ ဦးစားပေး သင်ကြားခြင်းဖြစ်သည်။**

# သက်သာ၊ ဆွဲဆန့်၊ တုန်လှုပ်ပုံစံ

## ရည်ရွယ်ချက်

- ပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် သင်ယူသူများသည် မည်သည့်စိန်ခေါ်မှုအနေအထားတွင် အကောင်းဆုံး သင်ယူမှုများပြုလုပ်နိုင်သည်ကို သိရှိစေရန်။

## အဓိကအချက်များ

- သင်ယူသူများသည် စိတ်ပိုင်းဆိုင်ရာအရ သက်တောင့်သက်သာဖြစ်သော အခြေအနေတစ်ခုတွင် ရှိနေပါက စဉ်းစားတွေးခေါ်မှု များစွာမပြုလုပ်ဘဲ နေကြသောကြောင့် သင်ယူမှုများစွာ ဖြစ်ပေါ်ခြင်းမရှိနိုင်ပါ။
- လူတို့သည် စိန်ခေါ်မှုများနှင့် ဖန်တီးမှုများပြုလုပ်ခွင့်ကို ပိုမိုရရှိလေလေ သင်ယူမှု ပိုမိုပြုလုပ်နိုင် လေလေ ဖြစ်သည်။ သို့သော် စိန်ခေါ်မှုများ များပြားလွန်းသောအခါတွင် ဖိအားအဖြစ် ခံစားရပြီး စိတ်ရှုပ်ထွေးကာ သင်ယူမှုကို ရပ်တန့်စေသည်။
- ပံ့ပိုးကူညီသူအနေဖြင့် သင်ယူသူများကိုသင်ယူမှု ပိုမိုကောင်းမွန်စေရန် သက်တောင့်သက်သာ ရပ်ဝန်းအတွင်းမှ ဆွဲထုတ်ပြီး လက်လှမ်းမှီလောက်သည့် စိန်ခေါ်မှုများကို ဖန်တီးပေးရမည်။

## သင်ကြားနည်းပုံစံများ

- အပြန်အလှန်ဆွေးနွေးခြင်း

## ဖြစ်စဉ်အသေးစိတ်

- အဖွဲ့ ၃ ဖွဲ့ ခွဲပါ။
- ဖြစ်စဉ်ပံ့ပိုးကူညီသူက နေရာတစ်ခုခု (သို့) နံရံ (သို့) ကြမ်းပြင်ပေါ်တွင် နေရာတစ်ခုသတ်မှတ်ပါ။
- သတ်မှတ်ထားသော နေရာသည် လျှပ်စစ်စီးကြောင်းကို ကိုယ်စားပြုကြောင်း ရှင်းပြပါ။
- ထိုသတ်မှတ်လိုက်သော လျှပ်စစ်စီးကြောင်းနောက်တွင် အဖွဲ့များအား တန်းစီစေပါ။
- လျှပ်စစ်စီးကြောင်းစီးနေစေရန်အတွက် တစ်ယောက်နှင့်တစ်ယောက် အသားချင်းထိထားရန် လိုအပ်သည်။ အသားချင်းမထိတော့ပါက လျှပ်စစ်စီးကြောင်း ပြတ်တောက်သွားမည်ဆိုသည်ကို ကြိုတင်သတိပေးထားရမည်။ ထိုသို့ဖြစ်လျှင် လျှပ်စစ်စီးကြောင်းကို အစမှပြန်လည် ဆက်သွယ်စေရပါမည်။
- ပထမအကြိမ်လျှပ်စစ်စီးချိန်တွင် ဖြစ်စဉ်ပံ့ပိုးသူမှ နောက်ဆုံးအဖွဲ့ဝင်နှင့် လက်လှမ်းမီနိုင်သော နေရာတွင် ပစ္စည်းတစ်ခု ထားပါ။ (ဥပမာ– မာကာပင်)
- ဒုတိယအကြိမ်လျှပ်စစ်စီးချိန်တွင် ဖြစ်စဉ်ပံ့ပိုးသူမှ နောက်ဆုံးအဖွဲ့ဝင်နှင့် အတန်ငယ် ဝေးကွာသော်လည်း လက်လှမ်းမီနိုင်သောနေရာတွင် ပစ္စည်းကို ထားပါ။
- တတိယ အကြိမ်လျှပ်စစ်စီးချိန်တွင် ဖြစ်စဉ်ပံ့ပိုးသူမှ နောက်ဆုံးအဖွဲ့ဝင်နှင့် လက်လှမ်းမီရန် အလွန်ခက်ခဲသော နေရာတွင် ပစ္စည်းကိုထားပါ။

- **နောက်ဆုံးအကြိမ်အထိ ၎င်းတို့ အလျှော့မပေးဘဲ ဆက်လက်လုပ်ဆောင်လိုပါက ကြိုးစားခွင့်ပေးပါ။ လုံးဝထပ်မံ ကြိုးစားလိုစိတ်မရှိတော့သည်အထိ လုပ်ဆောင်ပါစေ။**
- **ထို့နောက် ဖြစ်စဉ်ပံ့ပိုးသူက သက်သာ၊ ဆွဲဆန့်၊ တုန်လှုပ် ပုံစံအကြောင်းနှင့် ပံ့ပိုးကူညီခြင်းနှင့် သမားရိုးကျ သင်ကြားခြင်းအကြောင်းရှင်းပြပြီး အနှစ်ချုပ်ပါ။**

## ကြာချိန်

- **၉၀ မိနစ်**

## ပံ့ပိုးကူညီသူများသို့ အကြံပြုချက်

- **အဖွဲ့ ခွဲသည့်နေရာတွင် အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ အရပ်အတို၊ အရှည် ညီမျှစေရန် သတိပြုရမည်။ ထိခိုက်မှုမဖြစ်စေရန်သတိပြုပေးရမည်။**
- **ပစ္စည်းထားရာတွင် ပထမအကြိမ်တွင် သက်တောင့်သက်သာနှင့် ယူနိုင်စေရန်၊ ဒုတိယအကြိမ်တွင် အနည်းငယ်အားစိုက်ထုတ်မှ ယူနိုင်စေရန်နှင့် တတိယအကြိမ်တွင် ရယူရန်ခက်ခဲသော နေရာတွင် ထားခြင်းဖြင့် သက်သာ၊ ဆွဲဆန့်၊ တုန်လှုပ် ပုံစံပေါ်လွင်အောင်ဆောင်ရွက်ရန် သတိထားရမည်။**
- **လှုပ်စီးကြောင်း ပြတ်တောက်မသွားစေရန်နှင့် လူတစ်ဦးနှင့်တစ်ဦး အသားချင်းထိနေစေရန် သတိပြုရမည်။**

## လိုအပ်သောသင်ထောက်ကူပစ္စည်းများ

- **စက္ကူတိပ်၊ မာကာပင်များ**

# သက်သာ – ဆွဲဆန့် – တုန်လှုပ် ပုံစံ (Comfort, Stretch and Panic)

သက်သာ


**သက်သာဆိုသည်မှာ လူတို့တွင် စိတ်ပိုင်းဆိုင်ရာအရ သက်တောင့်သက်သာဖြစ်သော အခြေအနေတစ်ခုကို (သက်တောင့်သက်သာ ရပ်ဝန်း) ဆိုလိုသည်။**

ဆွဲဆန့်

**ဆွဲဆန့်ဆိုသည်မှာ လူတို့တွင် စိတ်ပိုင်းဆိုင်ရာအရ ကြိုးစားအားထုတ်မှုတစ်ရပ်ကို ပြုလုပ်သော အခြေအနေတစ်ခုဖြစ်သည်။ ယင်းအခြေအနေတွင် လူတို့သည် ရုန်းကန်လှုပ်ရှားမှု ပြုလုပ်ကာ တက်ကုန်ရှက်ကုန်ဖွင့်ကြသည်။ တစ်နည်းအားဖြင့် စဉ်းစားတွေးခေါ်မှုများဖြင့် အခြေအနေအပေါ် အာရုံစိုက်မှုအားကောင်းလာကာ သင်ယူလေ့လာမှုလည်း အားကောင်းလာသည်။**

တုန်လှုပ်

**လူတစ်ဦးသည် အစွမ်းကုန် ဆွဲဆန့်ပြီးပါက ထိတ်လန့် တုန်လှုပ်မှု ဖြစ်ပေါ်လာသည်။ တစ်နည်းအားဖြင့် မဖြစ်နိုင်သော ကြိုးစားအားထုတ်မှု သို့မဟုတ် စဉ်းစားတွေးခေါ်မှုကို ပြုလုပ်သောအခါ ဖိအားများ၊ စိတ်ရှုပ်ထွေးမှုများကို ခံစားရပြီး ရှေ့ဆက်မတိုးနိုင်သော အခြေအနေတစ်ရပ်ကို ကြုံတွေ့ရလေ့ရှိပါသည်။ ထိုအခြေအနေတွင် စဉ်းစားတွေးခေါ်မှုများ ရပ်တန့်သွားပြီး အရှိန်ကုန်ကာ သက်တောင့် သက်သာရပ်ဝန်းအတွင်းသို့ ပြန်လည် နောက်ဆုတ်သွားပါသည်။ ထိုအခါ ကြိုးစား အားထုတ်ထားသမျှတို့သည် သဲထဲရေသွန်ဖြစ်တတ်သည်။ ပံ့ပိုးကူညီမှုတွင် ပါဝင်သူတို့ကို သက်တောင့်သက်သာ ရပ်ဝန်းအတွင်းမှ ဆွဲထုတ်ပြီး ရုန်းကန်လှုပ်ရှားမှုတစ်ခု ဖြစ်စေရန် လိုအပ်ပါသည်။ ပို၍ဆွဲဆန့်ပြီး စိန်ခေါ်မှုများ၊ ဖန်တီးမှုများကို ရှာဖွေလေလေ ပို၍ သင်ယူနိုင်လေလေ ဖြစ်ပါသည်။ ထိုအချိန်တွင် ပံ့ပိုးကူညီသူသည် အားပေးမှု၊ ထောက်ပံ့မှုများပေးရန် လိုအပ်ပါသည်။ သို့ရာတွင် ပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် သတိထားသင့်သည်မှာ ပါဝင်သူများ မည်မျှဆွဲဆန့်နိုင်သည်ကို သိရှိရန် အရေးကြီးပါသည်။ ဆွဲဆန့်လွန်းလျှင်လည်း တုန်လှုပ်ထိတ်လန့်ပြီး အရာအားလုံး ရပ်ဆိုင်းသွားပါလိမ့်မည်။**



## ပံ့ပိုးကူညီခြင်း (Facilitation)

**ပံ့ပိုးကူညီမှုဟူသည် လူတို့၏ အသိသညာထဲတွင် မူလအစကပင် တည်ရှိနေပြီး ဖြစ်သည်။ ၁၉၆၀ နှောင်းပိုင်း ကာလကပင် ပံ့ပိုးကူညီခြင်းဆိုင်ရာ နည်းလမ်းများကို အစည်းအဝေးများတွင် စတင် အသုံးပြုလာကြသည်။ ၁၉၈၀ ဝန်းကျင်တွင် ပိုမိုကျယ်ပြန့်တွင်ကျယ်လာပြီး သင်ကြားမှုများတွင် ပိုမိုထိရောက်စေရန်လည်း အသုံးပြုလာကြသည်။**

**ပံ့ပိုးကူညီခြင်း စတင် တွင်ကျယ်လာရခြင်းမှာ**

**(၁) အဖွဲ့ဝင်များ ပိုမိုတက်ကြွစွာ ပါဝင်လာစေရန်**

**(၂) ပြဿနာများကို အေးချမ်းစွာ ဖြေရှင်းနိုင်စေရန်**

**(၃) ရည်မှန်းချက်များ ပိုမိုထိရောက်စွာ ရောက်ရှိစေရန်**

**(၄) အချိန်ကို ထိထိရောက်ရောက် အသုံးချနိုင်စေရန်**

**(၅) လိုရင်းမရောက်သော လမ်းကြောင်းလွဲ ဆွေးနွေးမှုများ လျှော့ချနိုင်ရန် စသည်တို့ကြောင့် ဖြစ်သည်။**

**ပံ့ပိုးကူညီခြင်းဆိုသည်မှာ – အဖွဲ့အတွင်းရှိ တစ်ဦးချင်းစီနှင့် အဖွဲ့ငယ်များ၏ အကြံဉာဏ်များ အားလုံး ထွက်ပေါ်လာပြီး အားလုံး အတူတကွ တက်ကြွစွာ ပါဝင်လာစေရန်နှင့် ပါဝင်ဆွေးနွေးထားသော အချက်များပေါ် မူတည်၍ အတူတကွ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လမ်းကြောင်းပေးခြင်း ဖြစ်သည်။**

## ပံ့ပိုးကူညီခြင်း နှင့် သမားရိုးကျသင်ကြားခြင်းတို့၏ ကွာခြားချက်

| ပံ့ပိုးကူညီခြင်း | သမားရိုးကျသင်ကြားခြင်း |
|---|---|
| သတင်း အချက်အလက်များအား နည်းလမ်းများစွာဖြင့် မျှဝေသည်။ | သတင်း အချက်အလက်များအား နည်းလမ်း တစ်ခုတည်းဖြင့် မျှဝေသည်။ |
| ပံ့ပိုးကူညီသူသည် အဖွဲ့နှင့် အတူထိုင်ပြီး ဆွေးနွေးမှုကို အားပေးသည်။ | ပံ့ပိုးကူညီသူသည် ရှေ့မှနေ၍ အကြံဉာဏ် များကို တင်ပြသည်။ |
| ပံ့ပိုးကူညီသည် ခေါင်းဆောင်နေရာ မယူသော ခေါင်းဆောင်ဖြစ်သည်။ | သင်ယူသူများနှင့် သမားရိုးကျ ဆက်ဆံရေးသာ ရှိသည်။ |

**ပံ့ပိုးကူညီသူအနေဖြင့် SPOT ဆိုသောအချက် (၄)ချက်ကို တာဝန်ယူနိုင်ရမည်။**

### S = Space နေရာ

**အခန်း အပြင်အဆင်၊ ပါဝင်သူများ၏ စိတ်ခံစားချက်၊ အခန်းအတွင်း အပူချိန်၊ သက်တောင့် သက်သာရှိမှု နှင့် နေ့အလင်းရောင်ရရှိမှု။**

### P = Process ဖြစ်စဉ်

**အစီအစဉ်၊ လက်စွဲနည်းစနစ်များ၊ နည်းပညာများ။**

### O = Outcome ရလဒ်

**မျှော်လင့်ထားသော ရလဒ်များနှင့် မမျှော်လင့်ထားသော ရလဒ်များ။**

### T = Time အချိန်

**အချိန်ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း။**

**ပံ့ပိုးကူညီသူအနေဖြင့် အထက်ပါ အချက်လေးချက်နှင့် ပတ်သက်သော အခြေအနေ အရပ်ရပ်ကို သိရှိနားလည်ထားရန် လိုအပ်သော်လည်း အကြောင်းအရာကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရပါ။**

# အလုပ်ရုံဆွေးနွေးပွဲ
# (Work shopping)

## ရည်ရွယ်ချက်

- အလုပ်ရုံဆွေးနွေးပွဲနည်းလမ်း ပြုလုပ်ပုံအဆင့်အဆင့်ကို နားလည်သဘောပေါက်စေရန်
- ဆွေးနွေးပွဲများတွင် ပံ့ပိုးကူညီခြင်းပြုလုပ်ရာ၌ အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းကို ကောင်းစွာ အသုံးပြုတတ်စေရန်

## အဓိကအချက်များ

- အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းကို အဖွဲ့၏အကြံဉာဏ်၊ အနှစ်ချုပ်နှင့် ဆုံးဖြတ်ချက်ကို လိုအပ်လာလျှင် လည်းကောင်း၊ အစီအစဉ်ရေးဆွဲရာတွင် လည်းကောင်း၊ ပြဿနာများ ဖြေရှင်းရာတွင် လည်းကောင်း အသုံးပြုနိုင်သည်။
- ဤနည်းလမ်းသည် အကြံဉာဏ်များကို ဖော်ထုတ်ခြင်း၊ စုစည်းခြင်းနှင့် လုပ်ဆောင်မှုအစီအစဉ်များ ချမှတ်ပျိုးထောင်ခြင်းတို့တွင် အတွေးအမြင်သစ်တို့ကို မွေးဖွားနိုင်သော၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်စေသည့် နည်းလမ်းတစ်ခုဖြစ်သည်။

## အသုံးပြုသောနည်းလမ်းများ

- ဦးနှောက်မုန်တိုင်းဆင်ခြင်း
- သရုပ်ပြခြင်း
- ကိုယ်တိုင်လက်တွေ့လုပ်ဆောင်စေခြင်း

## ဖြစ်စဉ်အသေးစိတ်

- အုပ်စုကြီးအား မေးခွန်းများမေး၍ အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းအတွေ့အကြုံ မည်မျှရှိကြောင်း ဖော်ထုတ်ပါ။
- ပံ့ပိုးကူညီသူက အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းကို သရုပ်ပြရှင်းလင်းရန် ဆွေးနွေးမည့်ခေါင်းစဉ်ကို ကြိုတင်ရွေးချယ်ပါ။
- သင်တန်းသားများကို ရွေးချယ်ထားသည့် ခေါင်းစဉ်အတွက် အလုပ်ရုံဆွေးနွေးပွဲနည်းလမ်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။
- ဆွေးနွေးသည့်ခေါင်းစဉ်နှင့် ပတ်သက်သော အတွေးအမြင်အမျိုးမျိုးကို သင်တန်းသားများထံမှ ဦးနှောက်မုန်တိုင်းဆင်ခြင်း နည်းလမ်းကို အသုံးပြုပြီးဖော်ထုတ်ပါ။
- ရရှိလာသောအတွေးအမြင်များကို သင်တန်းသားများကအဓိပ္ပါယ်ဆင်တူသော အုပ်စုများအလိုက် အရောင်အမျိုးမျိုး (သို့မဟုတ်) သင်္ကေတအမျိုးမျိုးဖြင့် အုပ်စုများခွဲနိုင်အောင် ပံ့ပိုးကူညီပေးပါ။
- ထိုအုပ်စုများကို ဆင်တူသောအကြံဉာဏ်များအလိုက် အမည်များပေးပါစေ။
  ဆွေးနွေးမှုရလဒ်ကို အနှစ်ချုပ်ပါ။

- သရုပ်ပြသွားသော အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းကို သင်တန်းသားများက ယေဘူယျ ခြုံငုံသုံးသပ်ပါစေ။
- သင်တန်းသားများကို ပံ့ပိုးကူညီသူက သရုပ်ပြသွားသောနည်းလမ်းကို ပြန်လည်ထင်ဟပ် ဆန်းစစ်ပါစေ။
- ဆန္ဒအလျှောက် လေ့ကျင့်လိုသူတစ်ဦးကို ဖိတ်ခေါ်ပါ။
- ထိုသူက အခြားသူများကို ပြဿနာတစ်ခု အဖြေရှာနိုင်မည့် အကြောင်းအရာ တစ်ခုကို သတ်မှတ်ပါစေ (သို့မဟုတ်) ပံ့ပိုးကူညီသူက ကြိုတင်သတ်မှတ်ပေးပါ။
- ထိုသူအား အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းကို အသုံးပြု၍ ဆွေးနွေးပွဲပံ့ပိုးကူညီသူအဖြစ် လေ့ကျင့်ပါစေ။
- ဆွေးနွေးခြင်းပြီးဆုံးသွားသောအခါ ပံ့ပိုးကူညီသူအဖြစ် လေ့ကျင့်သူ၏ လုပ်ဆောင်ချက်များအပေါ် အခြားသင်တန်းသားများက တုံ့ပြန်မှု (Feedback) များပေးရမည်။
- ပံ့ပိုးကူညီသူက အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းကို အသုံးပြုရမည့်အချက်များကို ဆက်လက် ဆွေးနွေးသွားရန် ဖြစ်သည်။

## ကြာချိန်

- မိနစ် (၉၀)

## ပံ့ပိုးကူညီသူများသို့အကြံပြုချက်

- ပံ့ပိုးကူညီသူအနေဖြင့် ဦးနှောက်မုန်တိုင်းဆင်သောအဆင့်တွင် ပေါ်ထွက်လာသော အတွေးအမြင်များ အားလုံးကို ဆန်းစစ်ဝေဖန်ခြင်းမပြုဘဲ အားလုံးကိုချရေးရန် အလေးထားပြောဆိုပါ။
- ထွက်ပေါ်လာသော အကြံဉာဏ်များနှင့် အတွေးအမြင်များအားလုံးကို သင်ယူသူများ ဆက်စပ်စဉ်းစားနိုင်စေရန် ပံ့ပိုးကူညီသူမှ ကူညီပေးပါ။

## လိုအပ်သော သင်ထောက်ကူပစ္စည်းများ

- ရောင်စုံစာရွက်၊ စက္ကူတိပ်၊ ရောင်စုံမင်ချောင်းများ၊ စာရွက်ကြီး။

# အလုပ်ရုံဆွေးနွေးပွဲ

## ၁ နိဒါန်း

**အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းသည် အကြံဉာဏ်များကို ဖော်ထုတ်ခြင်း၊ စုစည်းခြင်းနှင့် လုပ်ဆောင်မှု အစီအစဉ်များ ချမှတ်ပျိုးထောင်ခြင်းတို့တွင် အတွေးအမြင်သစ်တို့ကို မွေးဖွားစေနိုင်သော ခွဲခြမ်းစိတ်ဖြာသုံးသပ်စေသည့် နည်းလမ်းတစ်ခု ဖြစ်သည်။**

## ၂ ရည်ရွယ်ချက်များ

**အလုပ်ရုံဆွေးနွေးပွဲနည်းလမ်းကို အဖွဲ့၏အကြံဉာဏ်၊ အနှစ်ချုပ်နှင့်ဆုံးဖြတ်ချက်ကို လိုအပ်လာလျှင်လည်းကောင်း၊အစီအစဉ်ရေးဆွဲရာတွင်လည်းကောင်း၊ ပြဿနာများဖြေရှင်းရာတွင် လည်းကောင်း အသုံးပြုနိုင်သည်။ ဤနည်းလမ်းတွင် အဓိကအသုံးပြုသည့် ဦးတည်မေးခွန်းသည် သင်တန်းသားများ၏ လက်တွေ့ဘဝနှင့်အလုပ်တို့ကို တိုက်ရိုက်ထင်ဟပ်ပတ်သက်နေလျှင် အထိရောက်ဆုံး အသုံးပြုနိုင်မည်ဖြစ်သည်။**

## ၃ လုပ်ဆောင်မှုဖြစ်စဉ်အဆင့်ဆင့်

**အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို အောက်ပါအဆင့်များအတိုင်း ဆောင်ရွက်လေ့ရှိသည်။**

- **နိဒါန်းပျိုးခြင်းနှင့် ဦးတည်ရာလမ်းကြောင်းစတင်သတ်မှတ်ခြင်း**
- **အကြံဉာဏ်များအတွက် ဦးနှောက်မုန်တိုင်းဆင်ခြင်း**
- **အကြံဉာဏ်များကို အုပ်စုလိုက် ခွဲခြားစုစည်းခြင်း**
- **အကြံဉာဏ်များကို အုပ်စုလိုက် အမည်တပ်ခြင်း**
- **လုပ်ဆောင်ချက်အတွက် အစီအစဉ်ချမှတ်ခြင်း**

## (၁) နိဒါန်းပျိုးခြင်း

**သင်တန်းပံ့ပိုးကူညီသူမှ ဆွေးနွေးပွဲရည်ရွယ်ချက်ကို ဦးစွာရှင်းပြမိတ်ဆက်ပေးရမည်။ ၄င်းမှာ ရေးဆွဲရန် အစီအစဉ်တစ်ခု (သို့မဟုတ်) အဖြေတစ်ခု (သို့မဟုတ်) ဆုံးဖြတ်ချက်တစ်ခု ဖြစ်နိုင်သည်။ အချိန်မည်မျှကြာမည်ဆိုသည်ကိုလည်း အဖွဲ့က သဘောတူရမည်။ (မိနစ် ၆၀ မှ ၉၀ အထိ ဖြစ်နိုင်သည်။) သင်တန်းပံ့ပိုးကူညီသူက အဓိကဆွေးနွေးမည့် အကြောင်းအရာအတွက် ဦးတည်မေးခွန်းကို သတ်မှတ် အကြံပြုရမည်။**

## (၂) အကြံဉာဏ်များအတွက်ဦးနှောက်မုန်တိုင်းဆင်ခြင်း

**ဤအဆင့်၏ ရည်ရွယ်ချက်သည်အကြံဉာဏ်များကို အကဲဖြတ်ခြင်း၊ ဝေဖန်ပိုင်းခြားခြင်းမပြုဘဲ အကြံဉာဏ်များရနိုင်သလောက် များများရအောင် ထုတ်လုပ်စုဆောင်းရန် ဖြစ်သည်။ ပါဝင်သူများ သည် ဦးတည်မေးခွန်းကိုငင်းတို့ ကိုယ်ပိုင်အတွေးအခေါ်၊ အကြံဉာဏ်များဖြင့် တုံ့ပြန်ကြပါလိမ့်မည်။ အကြံဉာဏ်အားလုံးကို မှတ်သားထားရမည်။ ၄င်းတို့ကိုအများမြင်သာအောင် တင်ပြ၍ရသော ကဒ်ပြားများ ပေါ်တွင် တစ်ယောက်ချင်းချရေးခြင်းဖြင့် လည်းကောင်း၊ ဖလစ်ချပ်စက္ကူသို့မဟုတ် သင်ပုန်းပေါ်တွင် လည်းကောင်း ချရေးခြင်းများ ပြုလုပ်နိုင်သည်။ ဦးနှောက်မုန်တိုင်းဆင်ခြင်းသည် ပါဝင်သူများအနေဖြင့် တစ်ယောက်၏အကြံဉာဏ်ပေါ်မူတည်၍ အခြားသူများက ဆင့်ပွား စဉ်းစားခြင်းကို ဖြစ်ပေါ်စေသည်။**

### သင်တန်းပံ့ပိုးကူညီသူအတွက်မှတ်ချက်

**ဆွေးနွေးသော ခေါင်းစဉ်နှင့်ပတ်သက်ပြီး ပါဝင်သူများ နီးကြားနေသောအခါမျိုးတွင် အတွေးအခေါ် အကြံဉာဏ်များ ပိုမိုထွက်ပေါ်စီးဆင်းသည်။**
**အစပိုင်းတွင် နှေးနေတတ်သည်။ ပါဝင်သူများကိုငင်းတို့၏အတွေးအခေါ်များနှင့် အကြံဉာဏ်များ အား မျှဝေရန်အားပေးပါ။**
**ပထမပိုင်း အကြံဉာဏ်အနည်းငယ် ထွက်ပေါ်လာပြီးချိန်တွင် ပိုမိုအဆင်ပြေလာမည်ဖြစ်သည်။ အကြံဉာဏ် အားလုံး မှတ်ထားနိုင်စေရန်အတွက် မြန်ဆန်စွာ ရေးမှတ်နိုင်ဖို့အရေးကြီးသည်။**
**အချိန်အနည်းငယ်ကြာသောအခါ အကြံဉာဏ်များ တဖြည်းဖြည်း နှေးကွေးစွာထွက်ပေါ်လာမည်။ ဤအချိန်သည် အဖွဲ့ကဆန်းသစ်၊ တီထွင်သော အကြံဉာဏ်များကို အများဆုံးထုတ်နိုင်သော အချိန်ပင် ဖြစ်သည်။ စိတ်ရှည်ပါ။ တိတ်ဆိတ်မှုကို ခွင့်ပြုပေးပါ။ မေးခွန်းများထပ်မေးပါ။**
**ဦးနှောက်မုန်တိုင်း ဆင်ခြင်းတစ်ခေါက်တွင် အကြံဉာဏ်အနည်းဆုံး ၂၅ မှ ၃၀အထိရသင့်သည်။**

## (၃) အကြံဉာဏ်များကိုအုပ်စုလိုက်ခွဲခြားစုစည်းခြင်း

**ပါဝင်သူများက ဆင်တူနေသော အကြံဉာဏ်များကို အတူတကွစုစည်းအုပ်စုဖွဲ့ပေးခြင်း ဖြစ်သည်။ ကဒ်ပြားများကို နံရံပေါ်တွင်ဖြစ်စေ၊ ကြမ်းပြင်ပေါ်တွင်ဖြစ်စေ အုပ်စုလိုက်ဖြစ်စေရန် ပြန်စီပေးရမည်။ ဖလစ်ချပ်ပေါ် သို့မဟုတ် သင်ပုန်းပေါ်မှာဖြစ်ခဲ့လျှင် ဆင်တူသော အကြံဉာဏ်များကို သင်္ကေတများ သို့မဟုတ်အရောင်များဖြင့် ခွဲခြားမှတ်သားနိုင်သည်။ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် စကားရည်လုခြင်းများ သည် ဤအခန်းကဏ္ဍတွင်အရေးကြီးသည်။**

### သင်တန်းပံ့ပိုးကူညီသူမှတ်သားရန်

**ပါဝင်သူများကို အတွေးအခေါ်အကြံဉာဏ်များ ဆက်စပ်စဉ်းစားကြည့်ရန် ပြောပါ။ ပါဝင်သူများက အုပ်စုဖွဲ့နိုင်ရန်အတွက် အခြားအတွေးအခေါ်အကြံဉာဏ်များကို ထပ်ပေါင်းစဉ်းစားလာကြလိမ့်မည်။ အကြံဉာဏ်အမျိုးအစား အစုအဖွဲ့ လေးခုမှ ခြောက်ခုဆိုလျှင် လုံလောက်သည်။**

## (၄) အကြံဉာဏ်များကိုအုပ်စုလိုက်အမည်တပ်ခြင်း

**ပါဝင်သူများအား ဆင်တူနေသော အကြံဉာဏ်များကို ဆက်စပ်စဉ်းစားခြင်းအားဖြင့် အကြံဉာဏ် အုပ်စုတစ်ခုချင်းအလိုက် အမည်တပ်ရန်ပါဝင်သူများ ဆွေးနွေးတိုင်ပင်ကြပါစေ။ ထို့နောက် သင်တန်းပံ့ပိုး ကူညီသူက ထိုအကြံဉာဏ်အုပ်စုများထဲတွင် အမည်အလိုက်အားလုံး ပါဝင်ခြင်း ရှိမရှိ စစ်ဆေးရန် လမ်းညွှန်ပေးရမည်။ ပင်မအကြံဉာဏ်အုပ်စုထဲတွင် အကျုံးမဝင်သော အခြားအကြံဉာဏ်များကို သီးသန့် အုပ်စုတစ်ခု အဖြစ်ဖွဲ့ထားနိုင်သည်။**

## (၅) လုပ်ဆောင်ချက်အတွက်အစီအစဉ်ချမှတ်ခြင်း

**ဤအဆင့်တွင် အဖွဲ့လိုက်ဆွေးနွေးသုံးသပ်ချက်များအတွင်း ဖြစ်ပေါ်လာသော ဆန်းစစ်ချက်ပုံစံများကို ဖော်ထုတ်ရန်နှင့်မူလပြဿနာ (သို့မဟုတ်) မေးခွန်းကိုဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုကို ရှာဖွေ ပြုစုရန် ကြိုးပမ်းကြရသည်။ ပါဝင်သူများသည် အလုပ်ရုံဆွေးနွေးပွဲလုပ်ငန်းစဉ်တစ်လျှောက် ပါဝင် ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းအစီအစဉ်တစ်ခု၏ လက်တွေ့လုပ်ရမည့်အဆင့်များကို ဆွေးနွေးခြင်း ဖြစ်စေ၊ အနှစ်ချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း (သို့မဟုတ်) အဖြေ သတ်မှတ်ရှာဖွေခြင်းတို့ကို ဖြစ်စေ လက်တွေ့လုပ်ဆောင်ကြရမည်။ လုပ်ဆောင်ရန်အစီအစဉ်သည် ရည်မှန်းချက်ပန်းတိုင်၊ လုပ်ငန်း ဆောင်တာများ၊ တာဝန်ရှိပုဂ္ဂိုလ်၊ လိုအပ်သောအရင်းအမြစ်များနှင့် အချိန်ကာလ သတ်မှတ်ချက်ကဲ့သို့သော အသေးစိတ်အချက်အလက်များ ပါဝင်နိုင်သည်။**

**အခြားတစ်နည်းအားဖြင့် အဖွဲ့ငယ်လေးများထပ်ခွဲပြီး အစီအစဉ်အတွက်သော်လည်းကောင်း၊ ဆုံးဖြတ်ချက် အတွက်သော်လည်းကောင်း၊ အဖြေအတွက်သော်လည်းကောင်း၊ တာဝန်ခွဲဝေ သတ်မှတ်ပြီး ဖော်ထုတ်နိုင် သည်။**

**သတိပြုရန်အချက်မှာ ပါဝင်သူများ အဓိက ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းစဉ်တစ်လျှောက် အထောက်အကူပြုဆွေးနွေးမှုများကို သေချာမှတ်သားထားရန်နှင့် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို မှတ်တမ်းပြုစုထားရန် ဖြစ်သည်။**

# အ ခ န်း ၂

# လူထုဆိုတာ ဘာလဲ

# (What is Community?)

# လူထုဆိုတာ ဘာလဲ
# (What is Community)

ရည်ရွယ်ချက်

**လူထု သို့မဟုတ် မိမိပတ်ဝန်းကျင်တွင် အတူတကွ နေထိုင်လျက်ရှိကြသူများ၊ ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသည့် အရင်းအမြစ်များအကြောင်းကို ပြည့်ပြည့်စုံစုံ သိရှိနားလည်လာနိုင်စေရန် ရည်ရွယ်ပါသည်။**

အချိန်

**မိနစ် ၉၀**

အထောက်အကူပြုပစ္စည်းများ

**စာရွက်လွှတ်များ ၊ စာရွက်ကြီး၊ စက္ကူတိပ်၊ ရောင်စုံမင်ချောင်းများ၊ ကြိုတင်ပြင်ဆင်ထားသော ပါဝါပွိုင့်တင်ဆက်မှုများ၊ နောက်လှန်ကားချပ်များ ။**

လုပ်ငန်းစဉ်များ

- **အဖွဲ့(၃)ဖွဲ့ ခွဲပါ ။**
- **" လူထုဆိုတာ ဘာလဲ " ဆိုသည့် ခေါင်းစဉ်ကို အဖွဲ့လိုက် (၁၀)မိနစ်ခန့် ဆွေးနွေးပါစေ။**
- **ဆွေးနွေးမှု ရလဒ်များကို ပထမအဖွဲ့အား ရုပ်ပုံဖြင့်၊ ဒုတိယအဖွဲ့အား စာဖြင့်၊ တတိယအဖွဲ့အား ရုပ်ပုံနှင့် စာသားတွဲလျက်ဖြင့် စာရွက်ကြီးတွင် ချရေးပါစေ။**
- **ထို့နောက် တစ်ဖွဲ့ချင်းစီအား တင်ပြဆွေးနွေးပါစေ။**
- **ပံ့ပိုးကူညီသူက ကြိုတင်ပြင်ဆင်ထားသော ပါဝါပွိုင့်တင်ဆက်မှုများ၊ နောက်လှန်ကားချပ်များကို အသုံးပြုပြီး လူထုဟူသည့် အကြောင်းအရာများကိုဆွေးနွေးပါ။**

# လူထုဆိုသည်မှာ အဘယ်နည်း

ဖွံ့ဖြိုးရေး လုပ်သား အများစုသည် မြို့ကြီးပြကြီးများတွင် နေထိုင်ကြသူများ ဖြစ်ကြသဖြင့် ဒေသလူထုအကြောင်း အနည်းငယ်သာ သိကြသည်။ သူတို့သည် မြို့ပြ၌ဖြစ်စေ၊ မြို့စွန် မြို့ဖျား၌ဖြစ်စေ နေထိုင်ခဲ့ကြသူများ ဖြစ်လျက် ထိုနေရာများ၌ ပညာသင်ယူရင်း ကြီးပြင်းလာကြသည်ဖြစ်ရာ မိမိတို့ စိတ်ဝင်စားရာကို လုပ်ကိုင်နိုင်သည့် အခွင့်အလမ်း ရရှိနိုင်သော ပတ်ဝန်းကျင်၌ ကျက်စားလာခဲ့ကြသူများ ဖြစ်သည်။ ထိုသူတို့အနက် အနည်းငယ်လောက်မျှသာ ကျေးလက်ဒေသများအကြောင်း သိနားလည်ကြသည်။ ထို့အတူပင် တတိယကမ္ဘာရှိ လူချမ်းသာများနှင့် အာဏာရလူတန်းစားသည်လည်း မြို့ပြကိုအခြေခံပြီး မွေးဖွားလာကြသူများ ဖြစ်ကြ၏။

ထိုသူများသည် ကျေးရွာအကြောင်း မနှံ့စပ်သဖြင့် ကျေးရွာနှင့် ပတ်သက်ပြီး စိတ်ကူးယဉ်ခဲ့ကြ၏။ ကျေးရွာလူထုဆိုသည်မှာ ဖော်ရွေမည်၊ နွေးထွေးမည်၊ တစ်ဦးနှင့်တစ်ဦး လိုက်လျောညီထွေစွာ ပေါင်းသင်းကြမည်၊ ဗဟုသုတနည်းပါးကြစေကာမူ အခက်အခဲများကို စုပေါင်းဖြေရှင်းကြမည်ဟု ယုံကြည်ခဲ့ကြ၏။ သမိုင်းနှင့် စာပေများ၌လည်း ကျေးလက်၏ ရုပ်ပုံလွှာကို အထက်ပါအတိုင်း ပုံဖော်ကာ စာဖွဲ့ခဲ့ကြ၏။ သို့ဖြစ်ရာ ထိုဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ရသည်မှာလွယ်ကူမည် ထင်ခဲ့၏။ အနည်းငယ် လေ့ကျင့်သင်ကြားပေးပြီး၊ ရန်ပုံငွေကို လုံလောက်အောင် ထုတ်ပေးလျှင် ရွာသားများအားလုံး တညီတညွတ်တည်း အလုပ်လုပ်ကြပြီး အားလုံး အကျိုး ဖြစ်ထွန်းကြလိမ့်မည်ဟု ထင်ခဲ့သည်။

အမှန်မှာ တတိယကမ္ဘာနိုင်ငံများ (Third World Country) ၌ ပဋိပက္ခ အများဆုံး တွေ့ရသည်။ အုပ်စုများ မတူညီကြသကဲ့သို့ စိတ်ဝင်စားမှုများလည်း ကွဲပြားကြပါသည်။ ကျေးရွာအဆင့်တွင်ပင် ဩဇာကြီးသူနှင့် မှီခိုသူအကြား ဆက်သွယ်ရေးများကို နားလည်ရန် လိုအပ်သည်။ စိတ်ဝင်စားမှုချင်းတူသော အချက်များ လည်းရှိ၏။ ထိုသို့ စိတ်ဝင်စားမှုတူညီကြသူများ၌ပင် မြေယာရှိသူများ၊ မြေယာမဲ့သူများ ဟူ၍ ကွဲနေသေးသည်။ လက်လုပ်လက်စားများလည်းရှိ၏။ အချို့ရွာသားများက လယ်လုပ်ကြပြီး အချို့က တံငါအလုပ် လုပ်ကြရ၏။ အချို့က သစ်တော ထဲတွင် အလုပ်လုပ်ရ၏။ အချို့မှာ လက်မှုပညာသည်များ ဖြစ်ပြီး အချို့က ကုန်သည်များဖြစ်သည်။ အချို့သည် ရာသီအလိုက် အလုပ်လုပ်ကြရပြီး လယ်ထဲတွင်လည်းကောင်း ယာထဲတွင်လည်းကောင်း နေကြရ၏။ လမ်းဘေး နေကြရ၏။ တောထဲတောင်ထဲ နေကြရ၏။

လူထုဆိုသည်မှာ မတူညီသော လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်မှု၊ ဓလေ့ထုံးစံ များဖြင့် စုပေါင်းတည်ဆောက်ထားပြီး အခြေခံအချက်တစ်ချို့ တူညီမှုရှိသည့် လူအုပ်စုတစ်စုဖြစ်သည် ။ ဥပမာ– ရွာတစ်ရွာ၊ နေရာဒေသတစ်ခု၊ အလုပ်အတူတူလုပ်သူများ သို့မဟုတ် စိတ်ဝင်စားမှုအကြောင်းအရာ၊ အခြေအနေ၊ ပတ်ဝန်းကျင် တူညီသူများဖြစ်နိုင်ပါသည် ။

## ကျေးလက်လူတန်းစား တည်ဆောက်ပုံများ

ကျေးလက်အဖွဲ့အစည်းတိုင်းတွင် လူမှုစီးပွားရေးပုံသဏ္ဌာန်ရှိသဖြင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်သူများသည် မိမိတို့သွားရောက်လုပ်ကိုင်မည့် လူတန်းစားကို ကြိုတင်လေ့လာသင့်ပေသည်။ အကြမ်းဖျဉ်း လေ့လာချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

## အလုပ်ကြမ်းသမား

**ယောက်ျားများသာမက မိန်းမများလည်း ပါဝင်သည်။ မြေမရှိ။ အခြားသူများ၏ အလုပ်ကို လုပ်ခကြေးငွေယူ၍ လုပ်ကိုင်ခြင်းဖြင့်သာ ရပ်တည်ကြ၏။**

## ဆင်းရဲသော တောင်သူလယ်သမားများ

**လုံလောက်သော မြေရှိသည်။ အခြားသူများ၏ အလုပ်ကိုလည်း အချိန်ပိုင်း လုပ်ကြရသည်။ မိမိအလုပ်အတွက်မူ အခြားအလုပ်သမား မငှားနိုင်။**

## အလယ်အလတ် တောင်သူလယ်သမားများ

**လုံလောက်သော မြေနေရာရှိသည်။ အလုပ်ကြမ်းသမားများလောက် အလုပ်မလုပ်နိုင်။ အခြားအလုပ်သမားများကိုလည်း အမြဲမငှားနိုင်၊ တစ်ခါတစ်ရံသာ ငှားနိုင်သည်။**

## ချမ်းသာသော တောင်သူလယ်သမားများ

**လုံလောက်သည်ထက် ပိုသော မြေရှိသည်။ ရောင်းချလောက်အောင် ထွက်ကုန်လည်းရှိသည်။ အခြားသူများအတွက် မည်သည့်အခါမှ အလုပ်မလုပ်။ အခြားအလုပ်သမားများကို မိမိတို့ အလုပ်၌ ငှားရမ်းသုံးတတ်၏။**

## နေ့စားများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်သူများ

**တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် မှီခိုမှုများစွာရှိ၏။ တတိယကမ္ဘာနိုင်ငံများ (Third World Country) တွင် ကျောင်းဆရာများ၊ သူနာပြု ဆရာမများ၊ အစိုးရဝန်ထမ်းများသည် လစာနည်းပါးစွာ ရရှိကြ၏။ ထို့ကြောင့် ဝန်ထမ်းအလုပ်အပြင် အခြားဝင်ငွေရမည့် အလုပ်များကို ပူးတွဲလုပ်ကြရသည်။**

## အရင်းရှင်များ

**အရင်းရှင်များကား ကုန်ထုတ်လုပ်ငန်းများ၌ ငွေပင်ငွေရင်း ရင်းနှီးမြှုပ်နှံရန် ငွေအလုံအလောက် ရှိသူများဖြစ်၏။ ဥပမာ– စီးပွားဖြစ် လယ်ယာလုပ်ငန်းရှင်ကြီးများ၊ အသေးစား အရင်းရှင်များ၊ ဗျူရိုကရက် အရင်းရှင်များလည်း ရှိ၏။ ၎င်းတို့ကား နည်းအမျိုးမျိုးဖြင့် အရင်းအနှီး ရရှိထားကြကာ ဘဏ်မှလည်း ချေးငွေများ ရရှိနိုင်သဖြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ကြသည်။**

**လူထုထဲတွင် အထက်ပါကဲ့သို့ လူတန်းစားများ ကွဲပြားနေရာ ကျေးလက်ဖွံ့ဖြိုးရေး လုပ်သားများ အနေနှင့် မည်သည့်လူတန်းစား၌ အမျိုးသား၊ အမျိုးသမီး မည်မျှပါဝင်ကြောင်း လေ့လာရမည်။ သို့သော် ထိုသို့ ခွဲခြားရန်ကား မလွယ်ကူချေ။ လူတန်းစား တစ်ခုမှ တစ်ခုသို့ ကူးပြောင်းနေသူများရှိ၏။ အရေးကြီးသည်မှာ လူထုကို နားလည်ရန်နှင့် လူထုက မည်သို့မည်ပုံ လှုပ်ရှား ရပ်တည်နေခြင်းကို နားလည်ရန် ဖြစ်သည်။**

# အခန်း ၃

## လူထုဖွံ့ဖြိုးမှုဆိုတာဘာလဲ

## (What is Community Development?)

# လူထုဖွံ့ဖြိုးမှုဆိုတာဘာလဲ

# (What is Community Development?)

ရည်ရွယ်ချက်

**လူထုဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် သမားရိုးကျဖွံ့ဖြိုးရေးနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ ဖွံ့ဖြိုးရေးများ အကြောင်း ကောင်းမွန်စွာ သိရှိနားလည်နိုင်စေရန် ရည်ရွယ်ပါသည် ။**

အချိန်

**မိနစ် ၉၀**


အထောက်အကူပြုပစ္စည်းများ

**လက်ဖက်ရည်ဆိုင်ပုံသဏ္ဍာန် ကြိုတင်ပြင်ဆင်ထားသော စားပွဲဝိုင်း (၃)ဝိုင်း၊ နောက်လှန်ကားချပ်များ ၊ ရောင်စုံမင်ချောင်းများနှင့် "သမားရိုးကျဖွံ့ဖြိုးမှုဆိုတာကို ဘယ်လိုနားလည်ပါသလဲ၊ ပူးပေါင်း ပါဝင်သော ဖွံ့ဖြိုးမှု ဆိုတာဘာလဲ၊ လူထုဖွံ့ဖြိုးမှုဆိုတာကို ဘယ်လိုနားလည်ပါသလဲ " စသည့် မေးခွန်း တစ်ခုချင်းစီ ရေးသားထားသော စာရွက်ကြီး (၃)ရွက် ။**

လုပ်ငန်းစဉ်များ

- **အဖွဲ့(၃)ဖွဲ့ခွဲပါ ။**
- **တစ်ဖွဲ့စီအား ကြိုတင်ပြင်ဆင်ထားသည့် စားပွဲဝိုင်းများပေါ်တွင် နေရာချထားပေးပါ။ ထိုစားပွဲဝိုင်းများ ပေါ်တွင် မေးခွန်းကြိုတင်ရေးထားသော စာရွက်ကြီးနှင့် စာရွက်အလွတ်များ၊ ရောင်စုံမင်ချောင်းများ ပြင်ဆင် ထားပေးပါ။**
- **ပံ့ပိုးကူညီသူမှ လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု (World Café) နည်းလမ်း အသုံးပြုမှုဆိုင်ရာ စည်းမျဉ်း များ ၊ ညွှန်ကြားချက်များကို ရှင်းလင်းစွာပြောပြပါ ။**
- **လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု နည်းလမ်းသုံးပြီး ဖြစ်စဉ်များကို ပံ့ပိုးကူညီသူမှ ဦးဆောင်ပါ။ ရလာသော အချက်အလက်များကို ဆိုင်ရှင်များမှ ပြန်လည်ဆွေးနွေးတင်ပြပါစေ ။**
- **ပံ့ပိုးကူညီသူမှ ကြိုတင်ပြင်ဆင်ထားသော ပါဝါပွိုင့်တင်ဆက်မှုများ၊ နောက်လှန်ကားချပ်များကို အသုံးပြုပြီး လူထုဖွံ့ဖြိုးမှုဆိုတာဘာလဲ ဆိုသည်ကို ဆွေးနွေးပါ။**

# လူထုဖွံ့ဖြိုးမှု(Community Development)




လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှုဆိုသည်မှာ **လူထုဖွံ့ဖြိုးရေးအတွက် ရည်ရွယ်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုများကြောင့် လူထုမှ ကျေးရွာ၊ ကျေးရွာမှ နယ်မြေ၊ နယ်မြေမှ နိုင်ငံတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာခြင်းကို ဆိုလိုသည်။**

စီးပွားရေးဆိုင်ရာဖွံ့ဖြိုးမှုဆိုသည်မှာ **တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း မိမိစားသုံးရန်နှင့် ပိုလျှံသည်များကို ရောင်းနိုင်သော အဆင့်အထိ ရောက်အောင် ထုတ်လုပ်သည့် ဖြစ်စဉ်ကို ဆိုလိုသည်။**

နိုင်ငံရေးဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ **လူထုသည် မိမိ၏ စွမ်းဆောင်နိုင်မှု၊ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ပိုမိုသိရှိလာပြီး တဖြည်းဖြည်း ကောင်းသော ပြောင်းလဲခြင်းနှင့် ပြောင်းလဲလာသော ဖြစ်စဉ်ကို ဆိုလိုသည်။**

မိမိကိုယ်တိုင်ဖွံ့ဖြိုးမှုဆိုသည်မှာ **တစ်ဦးတစ်ယောက်ချင်း၏ အားသာချက်၊ အားနည်းချက်များမှ တဆင့် ကောင်းသော ပြောင်းလဲခြင်းများနှင့်အတူ အများနှင့် စုပေါင်း လုပ်ကိုင်တတ်မှု၊ မိမိကိုယ်ကို အားထားမှုများ ရရှိလာသည့် ဖြစ်စဉ်ကို ဆိုလိုသည်။**

လူထုဖွံ့ဖြိုးရေးဆိုသည်မှာ **လူထုဖွဲ့စည်းပုံအပြောင်းအလဲကြောင့် ကိုယ်ပိုင်စွမ်းရည်များ၊ အခွင့်အာဏာများ တိုးတက် ပြောင်းလဲလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိမိကိုယ်တိုင် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်လာနိုင်ခြင်း ဖြစ်သည်။**

## လူထုဖွံ့ဖြိုးရေး

- **မိမိတို့၏ ရပိုင်ခွင့်များ နှင့် တာဝန်ဝတ္တရားများကို လေ့လာသင်ယူ၍ မျှဝေခံစားကြသည်။**
- **မိမိတို့ လူ့အဖွဲ့အစည်း တိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင်ကြိုးစားအားထုတ်ကြသည်။**
- **မိမိတို့၏ အနာဂတ်အတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူ ဆုံးဖြတ်ကြသည်။**

## လူထု ဖွံ့ဖြိုးရေးဖြစ်စဉ်ကို သက်သေပြနိုင်သည့် လက္ခဏာ(၄)ရပ်မှာ –

**(၁)** **ဖွံ့ဖြိုးရေး အသီးအပွင့်ဖြစ်ထွန်းရန် လူထုကိုယ်တိုင် စွမ်းဆောင်နိုင်မှု၊ လူထုအတွင်း ဆုံးဖြတ်ခွင့်၊ ရပိုင်ခွင့်များ ရရှိပြီး၊**

**(၂)** **တာဝန်များကို သက်ဆိုင်ရာ အပိုင်းအလိုက် ကျေပွန်စွာ ခွဲဝေဆောင်ရွက်လျက်ရှိနေခြင်း ၊**

**(၃)** **ဖွံ့ဖြိုးရေး အသီးအပွင့်အများကို လူထုအတွင်း မျှတစွာ ခံစားရရှိနေခြင်း ၊**

**(၄)** **ဖွံ့ဖြိုးမှု ဖြစ်စဉ်ကို ဆက်လက်ရှင်သန်ရပ်တည်နိုင်စေခြင်း တို့ဖြစ်ပါသည်။**

### (၁) ဖွံ့ဖြိုးမှုအသီးအပွင့်ဖြစ်ထွန်းရန် လူထုကိုယ်တိုင်စွမ်းဆောင်နိုင်ခြင်း **(Productivity)**

**ဖွံ့ဖြိုးရေး၏ အခြေခံသဘောတရားကို နားလည်ကြပြီး မိမိတို့၏အင်အားများ၊ စွမ်းရည်များကို တိုးပွားအောင် အားထုတ်နေသော၊ အသီးအပွင့် အကျိုးကျေးဇူးများ ဖြစ်ထွန်း ရရှိနေအောင်လည်း စွမ်းဆောင်နေကြသော၊ ကိုယ့်အားကိုယ်ကိုးနိုင်သည့် အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်အောင် အားထုတ် ဆောင်ရွက်နေကြသော ဖြစ်စဉ်သည် ဖွံ့ဖြိုးမှုအသီးအပွင့်ဖြစ်ထွန်းရန် လူထုကိုယ်တိုင်စွမ်းဆောင်နိုင်ခြင်း (Productivity) ဖြစ်ပါသည်။**

### (၂) ရပိုင်ခွင့်များ ရရှိနေခြင်း၊ တာဝန်ပိုင်းများ **(Responsibilities)** ကိုလည်း ကျေပွန်စွာ ခွဲဝေ ဆောင်ရွက်လျက် ရှိနေခြင်း **(Task Allocation)**

**လူ့အသိုင်းအဝိုင်း၊ အဖွဲ့အစည်းများနှင့် မိသားစုများအတွင်း လူတိုင်းအတွက် ရပိုင်ခွင့်များရှိသကဲ့သို့ တာဝန်ပိုင်းဆိုသည်လည်း ရှိနေပါသည်။ သားသမီးတစ်ဦးသည် မိဘထံမှ စား၊ ဝတ်၊ နေရေး၊ ပညာ သင်ကြားရေး အထောက်အပံ့များကို ရပိုင်ခွင့်ရှိသကဲ့သို့ မိဘကို ရိုသေမှု၊ မိဘများ၏ အဆုံးအမကို နာခံမှု၊ ပညာကို ကြိုးစားအားထုတ်သင်ယူမှုဆိုသည့် တာဝန်ပိုင်းများကိုလည်း မပျက်မကွက် ကျေပွန်အောင် ဆောင်ရွက်ရပါလိမ့်မည်။ ထိုသားသမီးများ တွေးခေါ်စဉ်းစားနိုင်သည့် အရွယ်ရောက်လာလျှင် မိသားစုအရေးများ၌ ဝင်ရောက်ဆွေးနွေးပြောဆိုခွင့်နှင့် မိမိဘဝရှေ့ရေးကို ကိုယ်ပိုင်ရွေးချယ်ခွင့် စသည်တို့ကို ရရှိလာမည်ဖြစ်သည်။ မိမိတို့ ကိုယ်ပိုင်ရွေးချယ်ခွင့် ရရှိသောကြောင့် ရွေးချယ်ဆောင်ရွက်ကြပြီဆိုလျှင်လည်း ဖြစ်ပေါ်လာသမျှကိစ္စများကို ကိုယ်တိုင်တာဝန်ယူကြရပေမည်။ ယင်းသည် ဖွံ့ဖြိုးရေး၏ အခြေခံသဘောတရားပင် ဖြစ်ပါသည်။ ထို့ကြောင့် လူထု ဖွံ့ဖြိုးရေးဖြစ်စဉ်၌ လူထုသည် မိမိတို့အနာဂတ်အတွက် ကိုယ်ပိုင်ရွေးချယ် ဆုံးဖြတ်ခွင့် ရှိကြသလားဆိုသည်ကို လေ့လာနိုင်ပါသည်။ အထူးသဖြင့် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ ဆုံးဖြတ်ဆောင်ရွက်ခွင့် ရှိမရှိလေ့လာပြီး ဖွံ့ဖြိုးမှုဖြစ်စဉ်ကို ပံ့ပိုးနိုင်ပါသည်။**

### (၃) ဖွံ့ဖြိုးမှုအသီးအပွင့်များကို လူထုအတွင်း မျှတစွာ ခံစားရရှိနေခြင်း **(Equity)**

**ဖြစ်ထွန်းလာသော ဖွံ့ဖြိုးမှုအကျိုးရလဒ်များကို လူတစ်ဦး၊ လူတစ်စုကသာ အများဆုံးရရှိ ခံစားနေလျှင်**

ယင်းဖြစ်စဉ်ကို ဖွံ့ဖြိုးရေးဟု မဆိုနိုင်ပါ။ နေရာတိုင်း၌ မျှတမှု လိုအပ်ပါသည်။ မျှတမှုဆိုသည်မှာ လူအားလုံး ညီတူညီမျှ ခွဲဝေကြရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ လူတိုင်း မိမိတို့ လုပ်ဆောင်မှု၊ တာဝန်ယူမှုနှင့် ထိုက်တန်သော ခံစားမှုရှိသည်ကို ဆိုလိုခြင်းဖြစ်ပါသည်။ လူတိုင်း တရားသဖြင့် ခံစားရရှိမှုကို ဆိုလိုပါသည်။ အမျိုးသားနှင့် အမျိုးသမီးများကြား၌လည်း ကျား-မ မျှတမှု (Gender Equity) ရှိရပါမည်။ ထို့ကြောင့် မျှတမှု ဆိုသော အရာသည်လည်း လူထုဖွံ့ဖြိုးမှုဖြစ်စဉ်ကို သုံးသပ်ရာတွင် ပါဝင်သော အချက်တစ်ချက် ဖြစ်ပါသည်။

## (၄) ရေရှည်ခိုင်မြဲသောဖွံ့ဖြိုးမှုဖြစ်စဉ် (Sustainability)

လူသားများသည် မျိုးဆက်တစ်ခုပြီးတစ်ခု ဆက်လက်ရှင်သန် ရပ်တည်နေကြရသောကြောင့် ဖွံ့ဖြိုးမှု ဖြစ်စဉ်သည်လည်း ပြီးဆုံးသွားခြင်းမရှိပါ။ ဆက်လက်ပြီး ဖြစ်ထွန်းနေရမည်သာဖြစ်ပါသည်။ အကောင်းဆုံး ဖြစ်သွားပြီ၊ အောင်မြင်သွားပြီဟု ထင်မှတ်ပြီး ရပ်တန့်၍ မရပါ။ အကောင်းဆုံး အနေအထား၌ ဆက်လက် ရပ်တည် ရှင်သန်နေရန် လိုအပ်ပါသည်။ ကောက်ရိုးမီးများကဲ့သို့ တစ်ဟုန်ထိုးတောက်လောင်ပြီး ငြိမ်းသွားသကဲ့သို့ မဖြစ်စေရပါ။ ထို့ကြောင့် ဖွံ့ဖြိုးမှုဖြစ်စဉ်ကို ခိုင်မြဲစွာ ရှင်သန်နိုင်စေခြင်း (sustainability) ဆိုသည်မှာ မျိုးဆက်တစ်ခုတည်းအတွက် မဟုတ်ဘဲ နောင်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းပြီး အမွေကောင်းများ ဆက်လက်ပေးသွားနိုင်ကြရပါမည်။ ဖွံ့ဖြိုးရေးဖြစ်စဉ်၌ မြဲမြံစွာ ရှင်သန်နိုင်ခြင်းသည် အရေးအကြီးဆုံးဖြစ်ပါသည်။

## လူထုဖွံ့ဖြိုးရေး ပံ့ပိုးမှု အခန်းကဏ္ဍများ

လူထု၏ ဖွံ့ဖြိုးရေးဖြစ်စဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ပံ့ပိုးကူညီရန် အောက်ပါ အခန်းကဏ္ဍများဖြင့် ဆောင်ရွက်နိုင်ပါသည်။

(က) ယုံကြည်မှု တည်ဆောက်ခြင်း၊
(ခ) အသိပေး ဆွေးနွေးခြင်း၊
(ဂ) စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊
(ဃ) အခြားအဖွဲ့အစည်းများ နှင့် ပူးပေါင်းလုပ်ကိုင်နိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊
(င) လူထုဦးဆောင်မှုအရည်အသွေးဖွံ့ဖြိုးစေခြင်း၊
(စ) လုပ်ပိုင်ခွင့်ရရှိရန် ပံ့ပိုးပေးခြင်း

## (က) ယုံကြည်မှု တည်ဆောက်ခြင်း (Trust Building)

လူထုဖွံ့ဖြိုးရေးလုပ်ဆောင်ကြရာတွင် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ရပ်ရွာပြင်ပအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုကြား အချင်းအချင်း အပြန်အလှန် အကျိုးရှိရှိဆက်ဆံပြုမူရာတွင် အထောက်အကူပြုစေရန် ယုံကြည်မှု တည်ဆောက်ခြင်းသည် အရေးကြီးဆုံးသောအချက်ဖြစ်သည်။

## (ခ) အသိပေး ဆွေးနွေးခြင်း (Advocacy)

အသိပေးဆွေးနွေးခြင်းသည် အဖွဲ့အစည်းတစ်ခုက လုပ်ငန်းများ မစတင်မီနှင့် လုပ်ငန်းဆောင်ရွက်နေချိန်များတွင် အခြားအဖွဲ့အစည်းတစ်ခု (သို့မဟုတ်) အဖွဲ့အစည်းများကို ဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူများ၏ ခေါင်းဆောင်များကို ဖြစ်စေ လုပ်ငန်းများအကြောင်းကို အသိပေးဆွေးနွေးခြင်း၊ ပါဝင်ကူညီရန် တောင်းဆိုခြင်း စသော ဆောင်ရွက်မှုများကို ဆိုလိုခြင်း ဖြစ်ပါသည်။

လူမှုရေးအဖွဲ့အစည်းများသည် အသိပေးဆွေးနွေးခြင်းကို အစိုးရဌာနများ၊ အာဏာပိုင်များ၊ ရပ်ရွာရှိ ဦးဆောင်နေသူများ၊ အခြားအဖွဲ့အစည်းများနှင့် ကိစ္စတစ်ရပ်ရပ် (သို့) အကြောင်းအရာတစ်ခုခုအတွက် တွေ့ဆုံ

ဆွေးနွေးကာ ၎င်းကိစ္စရပ်များအကြောင်း သတိပြုမိလာစေရန်၊ သိရှိနားလည်လာစေရန်၊ တာဝန်ရှိသည့် အတိုင်း (သို့မဟုတ်) သက်ဆိုင်မှုရှိသည့်အတိုင်း ဆောင်ရွက်လာနိုင်စေရန်နှင့် အမှန်တကယ် ဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန် ပြုလုပ်ကြခြင်း ဖြစ်ပါသည်။

## (ဂ) စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း

**အဖွဲ့အစည်းများသည် လူထုအခြေပြုနည်းလမ်းများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြရသည် ဖြစ်သောကြောင့် ရပ်ရွာ၏ ကိုယ်စားလှယ်အဖွဲ့များနှင့် လူထုအခြေပြု အဖွဲ့များက ဦးဆောင်စီမံ ခန့်ခွဲကြရပါသည်။ ရပ်ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကိုစနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ထိုသူများတွင် စွမ်းဆောင်နိုင်မှုများ ရှိရန် လိုအပ်ပါသည်။**

**လူထုအဖွဲ့အစည်းများနှင့် ရပ်ရွာရှိ စေတနာ့ဝန်ထမ်းများအတွက် သင်ယူလေ့လာရန် ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်နိုင်မှုများကိုမြှင့်တင်ပေးရာတွင် သင်တန်းများပေးရုံဖြင့် မလုံလောက်ပါ။ သင်တန်းပို့ချပြီးသည့်နောက်တွင် ၎င်းတို့ကိုယ်တိုင် လူထုအတွင်း၌ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကျွမ်းကျင်မှုများ ရရှိလာစေရန် လေ့ကျင့်ခြင်း၊ လိုအပ်သော လုပ်ငန်းသုံး ပစ္စည်းများကို ထောက်ပံ့ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးခြင်းအားဖြင့် လူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။**

## (ဃ) အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း

**လူထုအားကူညီပံ့ပိုးရာတွင် အဖွဲ့အစည်းတစ်ခုတည်းက လုပ်ဆောင်နေသည်ထက်စာလျှင် အခြား အဖွဲ့ အစည်းများပါ ပူးပေါင်းပါဝင်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ကြရပါမည်။**

**ရပ်ရွာအတွင်း၌ရှိနေသော လူထုအခြေပြု အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ အစရှိသည့် အသင်းအဖွဲ့များ၏ အင်အားများကိုပါ ပါဝင်လာစေခြင်းဖြင့် ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိနိုင်ပါလိမ့်မည်။**

## (င) လူထုအား ဦးဆောင်မှုအရည်အသွေးဖွံ့ဖြိုးစေခြင်း

**ရပ်ရွာကိုယ်စားပြုအဖွဲ့များသည် ရပ်ရွာ၌ ဖွံ့ဖြိုးရေး လုပ်ဆောင်နေကြရသောကြောင့် နားလည်သိရှိရမည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ နှင့် သင်တန်းများမှ ရရှိလာသော ဗဟုသုတများကို အင်အားအပြည့်အဝဖြင့် ဦးဆောင်ဦးရွက်ပြုကြရန် လိုပါသည်။ ဦးဆောင်မှုသည် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် မရရှိနိုင်ပါ။ တစ်ဖွဲ့လုံးရှိ အဖွဲ့ဝင်များအားလုံး မိမိတာဝန်ယူရသောအပိုင်း၊ ကိုယ့်ကဏ္ဍများ၌ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ကြရန် လိုအပ်ပါသည်။ ဦးဆောင်မှု ကောင်းမွန်မှုသည် ဖွံ့ဖြိုးရေးတွင် အလွန်အဓိကကျသော နေရာ၌ ရပ်တည်နေပါသည်။**

## (စ) လုပ်ပိုင်ခွင့်ရရှိရန် ပံ့ပိုးပေးခြင်း

**ရပ်ရွာလူထုကို ၎င်းတို့၏ အရေးကိစ္စရပ်များအတွက် ၎င်းတို့အချင်းချင်း ညှိနှိုင်းဆွေးနွေးကြ၍ ကိုယ်တိုင် ဆောင်ရွက်သင့်သော ကိစ္စများကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်စသော အခွင့်အာဏာများနှင့် လုပ်ပိုင်ခွင့်များကို ပေးအပ်ရန် လိုပါသည်။ လုပ်ပိုင်ခွင့်များကို ရယူခွင့်ရှိသကဲ့သို့ ရရှိလာသော ရလဒ်များနှင့် ပတ်သက်၍လည်း တာဝန်ယူ၊ တာဝန်ခံနိုင်ရန်လည်း လိုအပ်ပါသည်။**

**လူအများစု၏ အမြင်၊ သဘောထား၊ ဆန္ဒများကို အခြေပြု၍ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး ဝိုင်းဝန်း ဆောင်ရွက်ကြရာတွင် ရလဒ်ကောင်းသည် ဖြစ်စေ၊ ရလဒ်ဆိုးသည် ဖြစ်စေ အားလုံး တန်းတူဝေမျှ တာဝန်ယူကြ၍ ကောင်းသည်ထက် ပိုမိုကောင်းမွန်ရန် ဆက်လက်လုပ်ဆောင်ကြရပါမည်။**

# သမားရိုးကျဖွံ့ဖြိုးရေးနှင့် ပူးပေါင်းပါဝင်သော ဖွံ့ဖြိုးရေး၏ ခြားနားချက်များ

## သမားရိုးကျဖွံ့ဖြိုးရေး

- ကူညီပံ့ပိုးသူကို ဦးတည်သည်။
- လုပ်ဆောင်မှုနှင့် ရလဒ်ကို အဓိကထားသည်။
- အထက်မှအောက်သို့ စေခိုင်းသည့်ပုံစံဖြစ်သည်။
- သမားရိုးကျ ခေါင်းဆောင်မှုပုံစံဖြစ်သည်။
- သင်ကြားခြင်း ဖြစ်သည်။
- ကာလတိုသာ ဖြစ်သည်။
- တစ်ကြိမ်တစ်ခါတည်း၌ အမျိုးအစားများစွာ ပြုလုပ်ခြင်း ဖြစ်သည်။
- စီစဉ်ရန်လွယ်သည်။ ခန့်မှန်းနိုင်သည်။
- အဆင့်မြင့်နည်းပညာများသုံးသည်။
- အမာထည် (မြင်ရသော) အစိတ်အပိုင်းများ၌ ရင်းနှီးမြှုပ်နှံမှု ပိုများသည်။
- ရလဒ်၏ အထောက်အထားများရရန် လွယ်ကူသည်။
- ရှိရင်းစွဲ အခြေအနေနှင့် လိုက်လျောညီထွေ ရှိသည်။
- ဦးတည်လမ်းကြောင်း ပြောင်းရန် ခက်ခဲသည်။
- အရှုံးက ပျက်စီးခြင်းကို ဦးတည်သည်။
- အပေါ်ယံ ပြောင်းလဲမှုသာ ဖြစ်သည်။
- စနစ်ပေါ်၌သာ အဓိက မူတည်သည်။
- ငွေကို တဆင့်လွှဲပေးခြင်းသာဖြစ်သည်။ (ငါးကိုသာ ပေးခြင်း ဖြစ်သည်။)

## ပူးပေါင်းပါဝင်သောဖွံ့ဖြိုးရေး

- အကျိုးခံစားခွင့်ရသူကို ဦးတည်သည်။
- အကြောင်းရင်းနှင့် ဖြစ်စဉ်ကို အဓိကထားသည်။
- အောက်မှအထက်သို့ ချဉ်းကပ်သည့်ပုံစံ ဖြစ်သည်။
- မိမိတို့ ကိုယ်တိုင် စီမံဆောင်ရွက်စေသည့် ခေါင်းဆောင်မှုဖြစ်သည်။
- သင်ယူနိုင်ရန် ကူညီပေးခြင်းဖြစ်သည်။
- ကာလရှည်လိုအပ်သည်။
- တစ်ကြိမ်လျှင်  တစ်ဆင့်သာ ပြုလုပ်ခြင်းဖြစ်သည်။
- စီစဉ်ရန် ခက်သည်။ မခန့်မှန်းနိုင်။
- သင့်တော်သော နည်းပညာများကိုသာ သုံးသည်။
- အပျော့ထည် (ကျွမ်းကျင်မှု) အစိတ်အပိုင်းများ၌ ရင်းနှီးမြှုပ်နှံမှု ပိုများသည်။
- ဖြစ်ရပ်မှန် အတွေ့အကြုံများမှ အထောက်အထားများကို ရှာဖွေရသည်။
- ရှိရင်းစွဲ အခြေအနေကို ပြောင်းလဲရန် စိန်ခေါ် သည်။

- ဦးတည်လမ်းကြောင်း ပြောင်းရန် လွယ်ကူသည်။
- အရှုံးမှ သင်ခန်းစာယူနိုင်သည်။
- ရေရှည်တည်တံ့စေသော ပြောင်းလဲမှုဖြစ်သည်။
- လူထုပေါ် အဓိကမူတည်သည်။
- လူကိုပြောင်းလဲစေသည်။ (ငါးမျှားနည်း သင်ပေးခြင်းဖြစ်သည်။)

## ပူးပေါင်းပါဝင်ခြင်း၏ အဓိပ္ပါယ် နှင့် ရည်ရွယ်ချက် နှိုင်းယှဉ်သုံးသပ်ခြင်း
## Defination of Participation and Purpose of Participation

| ပူးပေါင်းပါဝင်ခြင်း၏ အဓိပ္ပါယ် | | ပူးပေါင်းပါဝင်ခြင်း ရည်ရွယ်ချက် |
|---|---|---|
| - ပူးပေါင်းပါဝင်ခြင်းဖြင့်ကြိုတင်ချမှတ်ထားသော ရည်မှန်းချက်များကိုအောင်မြင်စေခြင်း | | - ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်သော အခွင့်အာဏာ ရှိစေခြင်း |
| - စီမံချက် အောင်မြင်စေရန် မူလရှိနေသော အရင်းအမြစ်များကိုအကျိုးရှိစွာအသုံးချစေခြင်း | | - ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင် လူထု၏ အခန်းကဏ္ဍ တိုးတက်စေခြင်း |
| - ပူးပေါင်းပါဝင်မှုတစ်ခုတည်းမဟုတ်ဘဲ ရည်မှန်းချက်အောင်မြင်မှုကို အလေးထားခြင်း | | - ကြိုတင်ချမှတ်ထားသော စီမံချက်၏ ရည်မှန်းချက်များ၊ အောင်မြင်မှုများရရှိစေရန် အတွက် လူထုပူးပေါင်းမှုစွမ်းရည် တိုးတက်စေခြင်း |
| - ပူးပေါင်းပါဝင်ခြင်းသည် ပေးအပ်ထားသော တာဝန်များကို ပိုမိုထိရောက်စေရန် လူထုအား စည်းရုံးရသော အစီအစဉ်များ၌ ဖြစ်လေ့ရှိခြင်း | | - အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO) နှင့် အခြေခံ သဘောတရားအရ တူညီခြင်း |
| - ပူးပေါင်းပါဝင်ခြင်း၏ ရည်ရွယ်ချက်သည် ယေဘုယျအားဖြင့်ကာလတိုရေတိုသာဖြစ်ခြင်း | | - ပူးပေါင်းပါဝင်ခြင်း၏ ရည်ရွယ်ချက်သည် ကာလရှည်၊ ရေရှည် ဖြစ်ခြင်း၊<br>အင်တိုက် အားတိုက် တက်တက်ကြွကြွပါဝင် ဆောင်ရွက်စေခြင်း |

# ပူးပေါင်းပါဝင် ဖွံ့ဖြိုးတိုးတက်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ပူးပေါင်းပါဝင်ခြင်းကို နှိုင်းယှဉ် သုံးသပ်ခြင်း
# Analysing Participatory Development Process and Participation in Development Process

## အဓိကကျသော ကိုယ်ပိုင်သဘောထားနှင့် အပြုအမူများကို အတည်ပြုခြင်း

**အဓိကကျသော ကိုယ်ပိုင်သဘောထားနှင့် အပြုအမူများကို အလှူရှင်အဖွဲ့အစည်းများ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် အကြံပေးအဖွဲ့များ စသည်တို့က အသုံးပြုသည်။ ပူးပေါင်းပါဝင်ခြင်းနည်းဖြင့် ဝန်ထမ်းများ၏ဘဝကို အားပေးနိုင်သည်။ ပူးပေါင်း ပါဝင်ခြင်း သဘောထားနှင့် အပြုအမူများကို အသိအမှတ်ပြုရန် ဝန်ထမ်းများ၏ သုံးသပ်မှုပုံစံများကို ပြောင်းလဲ ရမည်။**

**ဝန်ထမ်းများကို အလယ်အလတ်နှင့် ဆင်းရဲသော ဒေသခံများနှင့် တွေ့စေခြင်းမှတဆင့် မျက်နှာချင်းဆိုင် သင်ယူခွင့်ရရှိစေသည်။ ရာထူးမြင့် ဝန်ထမ်းများကိုလည်း လူထုအခြေပြု ပူးပေါင်းပါဝင်မှု ဆန်းစစ်လေ့လာခြင်း (PRA) ဖြစ်စဉ်ကို သိမြင်နိုင်သည့် အကျိုးကျေးဇူးရရှိစေသည်။ ဆင်းရဲသော ဒေသခံများကိုလည်း သူတို့၏ အမြင်မှန်ကို ဖွင့်ဟခွင့်ပေးသည်။ အလျင်မလိုပါနှင့်။ အချိန်ယူပါ။ ဒေသခံများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ အစပျိုးချိန်၌ အချိန်ကို ပိုမိုပေးရမည်။ အချိန်၌ နှစ်မြှုပ်မှုသည် အပြည့်အဝ ပူးပေါင်းပါဝင်ရာတွင်လည်းကောင်း၊ လူထု ဦးစားပေးအဆင့် သတ်မှတ်ခြင်း (အမျိုးသမီး၊ ဆင်းရဲသူများနှင့် အလယ်အလတ်တန်းစား) တွင် လည်းကောင်း အဓိကကျသည်။**

**အထက်မှ စေခိုင်းသော ပုံစံဖြင့် ပူးပေါင်းပါဝင်မှုပုံစံအစား ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်သော လူထုအခြေပြု ပူပေါင်းပါဝင်မှု ဆန်းစစ်လေ့လာခြင်း (PRA) ဖြစ်စဉ်များကို အဓိကထားပြီး အသုံးပြုသင့်သည်။ ပူးပေါင်း ပါဝင်ခြင်းကြောင့် ပြောင်းလဲသွားနိုင်သော စီမံကိန်းများကို လက်ခံသင့်သည်။**

**ရလဒ်ထက် အရည်အချင်းပြောင်းလဲမှုကိုသာ အဓိကထားသော ဖြစ်စဉ် ဖြစ်ရမည်။ ဒေသခံ ပြည်သူများ (ဆင်းရဲသူ၊ မိန်းမနှင့် အလယ်အလတ်တန်းစား) ၏ အသင်းအဖွဲ့အဖြစ် ရပ်တည်နိုင်စေရမည်။ ရလဒ်များကို ဖြစ်စဉ်၌ တွေ့နိုင်သည်။**

**အဖွဲ့အစည်းအားလုံးနှင့် တစ်ပြေးညီဖြစ်သော စဉ်ဆက်မပြတ် လူထုအခြေပြု ပူပေါင်းပါဝင်မှု ဆန်းစစ် လေ့လာခြင်း ဖြစ်စေရမည်။ ထိရောက်သော ကာလရှည်၊ စွဲမြဲစွာ လုပ်လိုစိတ်ရှိသော ဝန်ထမ်းများနှင့် အရင်းအမြစ် များ လိုအပ်သည်။ ကာလရှည်ကို ရည်ရွယ်သော အဖွဲ့အစည်း၏စရိုက်သဘာဝကို ပြောင်းလဲရန် ကြိုးပမ်းရာတွင် ဆယ်စုနှစ် တစ်ခုစာ သို့မဟုတ် တစ်ခု ထက်ပိုသော အချိန်လိုအပ်သည်။ ဝန်ထမ်းများ၊ အခြေခံမှုကြမ်း ရေးဆွဲသူများ၊ ကွင်းဆင်း ဝန်ထမ်းများသည် ရာထူးတစ်ခုကို အနည်းဆုံး (၃) နှစ်မှ (၅) နှစ် အထိ လုပ်ကိုင်နိုင်ရမည်။**

**ဓလေ့ထုံးစံများ၊ လုပ်ငန်းစဉ်များ၊ အလှူရှင် အဖွဲ့အစည်းများ၊ အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)များ၏ အပြန်အလှန် ဆက်သွယ်မှုများကို ပြောင်းလဲနိုင်အောင်ဆောင်ရွက်ရမည်။ လက်တွေ့ လုပ်ငန်းစဉ်များ တည်မြဲစေရန် ပူးပေါင်းပါဝင် အုပ်ချုပ်ခြင်းနှင့် အပြန်အလှန် ဆက်သွယ်မှုသည် အရေးကြီးသည်။ ထိုပြောင်းလဲမှုများ ဖြစ်ပေါ်စေရန် အလှူရှင်များ၊ အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။**

# အခန်း ၄

## လူထု ပူးပေါင်းပါဝင်ခြင်း

## (What is Community Participation?)

# လူထုပူးပေါင်းပါဝင်ခြင်း
# (What is Community Participation?)

ရည်ရွယ်ချက်

**ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ အရေးကြီးပုံနှင့် လူထုပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်သော နယ်ပယ်များ၊ ပူးပေါင်းပါဝင်ခြင်း အဆင့်များကို ကောင်းစွာ သိရှိနားလည်သွားစေရန် ရည်ရွယ်ပါသည် ။**

အချိန်

**မိနစ် ၉၀**

အထောက်အကူပြုပစ္စည်းများ

**ကြိုတင်ပြင်ဆင်ထားသည့် ပူးပေါင်းပါဝင်ခြင်းအဆင့် စာရွက်များ၊ နောက်လှန်စာရွက်များ ၊ ရောင်စုံ မင်ချောင်းများ ။**

လုပ်ငန်းစဉ်များ

- **အဖွဲ့ (၂)ဖွဲ့ ခွဲပါ။**
- **တစ်ဖွဲ့အား ပူးပေါင်းပါဝင်ခြင်း၏ အားသာချက်များ ရေးစေပြီး ကျန်တစ်ဖွဲ့အား စီမံချက်လုပ်ငန်း များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် နယ်ပယ်များကို ချရေးပါစေ ။**
- **ထို့နောက် တစ်ဖွဲ့ချင်းစီအား ၎င်းတို့ရေးသားထားချက်များကို တင်ပြဆွေးနွေးပါစေ ။**
- **ကြိုတင်ပြင်ဆင်ထားသော ပူးပေါင်းပါဝင်မှုအဆင့် စာရွက်များကို တစ်ဖွဲ့ချင်းစီသို့ ဝေငှပြီး၊ ပူးပေါင်းပါဝင်မှု အဆင့် အနိမ့်ဆုံးမှ အမြင့်ဆုံးသို့ အစီအစဉ်တကျဖြစ်အောင် စီပါစေ ။**
- **၎င်းတို့၏ စီထားမှုများအား ဘာကြောင့် ထိုကဲ့သို့ စီထားရကြောင်း မေးမြန်းဆွေးနွေးပါ ။**
- **ပံ့ပိုးကူညီသူမှ ကြိုတင်ပြင်ဆင်ထားသော ပါဝါပွိုင့် တင်ဆက်မှုများ၊ နောက်လှန်ကားချပ်များကို အသုံးပြုပြီး လူထုပူးပေါင်းပါဝင်ခြင်း ဆိုသည်ကို ဆွေးနွေးပါ ။**

# လူထုပူးပေါင်းပါဝင်ခြင်း
# (Community Pariticipation)

**အဆင့်အတန်း၊ အလွှာအမျိုးမျိုး၌ရှိသော လူထုအား ၎င်းတို့ လိုအပ်ချက်များ၊ အခက်အခဲများနှင့် တာဝန်ဝတ္တရားများကို ကိုယ်တိုင်သိရှိပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၌ တက်တက်ကြွကြွ ပါဝင်လာစေခြင်းကို ဖွံ့ဖြိုးရေး၌ လူထုပူးပေါင်းပါဝင်ခြင်းဟု အဓိပ္ပါယ်သတ်မှတ်သည်။**

**အောက်ပါ လုပ်ငန်းစဉ်များတွင် လူထုကပူးပေါင်း ပါဝင်လေ့ရှိသည်။**

## လိုအပ်ချက်များ ဆန်းစစ်ခြင်း

**တိုးတက်ပြောင်းလဲလိုမှုများ၊ ရောက်လိုသော ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်ပြီး မိမိ၏ သဘောထားကို ဖော်ပြရာ၌ ပူးပေါင်းပါဝင်ခြင်း။**

## အစီအစဉ်ရေးဆွဲခြင်း

**ရည်ရွယ်ချက်၊ ပန်းတိုင်နှင့် အစီအစဉ်များရေးဆွဲရာ၌ ပူးပေါင်းပါဝင်ခြင်း။**

## စည်းရုံးလှုံ့ဆော်ခြင်း

**လူထုက မိမိတို့လိုအပ်ချက်များကို မိမိတို့လူထုကိုယ်တိုင် သိမြင်လာစေခြင်း၊ အဖွဲ့အစည်းကို လူထုက ထောက်ခံ အားပေးခြင်း။**

## သင်တန်းများ

**ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် ငွေကြေးနှင့် အခြားစီမံခန့်ခွဲခြင်းဆိုင်ရာ စွမ်းရည်နှင့် ပတ်သက်သော သင်တန်းများ တက်ရောက်ခြင်း။**

## အကောင်အထည်ဖော်ခြင်း

**စီမံခန့်ခွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကုန်ကျစရိတ်များ ထည့်ဝင်ရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုပေးရာတွင် လည်းကောင်း၊ ဒေသအဖွဲ့အစည်းများသို့ အသင်းဝင်ကြေးပေးခြင်း အားဖြင့်လည်းကောင်း ပါဝင်ခြင်း။**

## စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုံးသပ်ခြင်း

**အလုပ်ပြီးမြောက်မှု တိုင်းတာရာတွင် လည်းကောင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးမှုကို တိုင်းတာရာတွင် လည်းကောင်း ပါဝင်ခြင်း ။**

**ပူးပေါင်းပါဝင်မှု အရေးပါရခြင်းမှာ....**

- **ဒေသခံများ၏ ရှိရင်းစွဲဖြစ်သော စွမ်းရည်များ၊ ခွန်အားများကို ဖော်ထုတ်နိုင်ခြင်း**

- ဒေသခံလူထု၏ အရေးတကြီး လိုအပ်ချက်များကို သိရှိနိုင်ခြင်း
- ကြုံတွေ့နေရသော အခြေအနေအရပ်ရပ်ကို ခွဲခြားနိုင်ခြင်း
- လူထု၏ အဓိက ဖြစ်လိုသောဆန္ဒများကို သေချာစွာ သိရှိနိုင်ခြင်း
- လူထုလိုအပ်ချက်နှင့် ကိုက်ညီသော သင့်လျော်သည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးနိုင်ခြင်း
- လူထုအား မိမိကိုယ်တိုင်ရပ်တည်နိုင်စေရန် ခွန်အားများရရှိစေခြင်း
- စိတ်ဒဏ်ရာ ခံစားနေရသူများရှိပါက လူမှုရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်စေခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ အင်အားများ ရရှိစေခြင်း
- ရေရှည်တည်တံ့စေသော နည်းစနစ်များ ဖန်တီးနိုင်ခြင်းတို့ ဖြစ်သည်။

## ပူးပေါင်းပါဝင်ခြင်း၏ အကျိုးကျေးဇူး

- တာဝန်ခွဲဝေယူနိုင်ခြင်း
- ဒေသ၏ အရင်းအမြစ်များကို အသုံးပြုနိုင်ခြင်း
- တစ်ဦးချင်း လိုအပ်ချက်အလိုက် အစီအစဉ်များ ရေးဆွဲနိုင်ခြင်း
- တစ်ဦးချင်း လိုအပ်ချက်များကို ခွဲခြားနိုင်ခြင်း
- အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ခြင်း
- မိမိကိုယ်ပိုင်လုပ်ငန်း (သို့မဟုတ်) တွဲဖက်လုပ်ကိုင်ရသော လုပ်ငန်းအဖြစ် ခံယူစေခြင်း
- စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ခြင်း တို့ဖြစ်သည်။

## ပူးပေါင်းပါဝင်နိုင်ရေးအတွက် စိန်ခေါ်မှု (အခက်အခဲ) များ

- ဖွဲ့စည်းပုံနှင့်ဆိုင်သော ကန့်သတ်ချက်များရှိခြင်း
- အချိန်အကန့်အသတ်ရှိခြင်း
- စရိတ်ကြီးမားခြင်း နှင့်
- အုပ်စုပြိုကွဲခြင်း (သို့) လုံခြုံရေးဆိုင်ရာ ပြဿနာများရှိလာခြင်း တို့ဖြစ်သည်။

## ပူးပေါင်းပါဝင်သင့်သူများမှာ....

**နေရာဒေသအလိုက် လိုအပ်ချက်များ ခြားနားမှုပေါ် မူတည်၍ ပူးပေါင်းပါဝင်သူ အမျိုးမျိုးရှိသည်။**

- အမျိုးသားများ၊ ထိခိုက်လွယ်သူ၊ အန္တရာယ်ကျရောက်လွယ်သူများ။
- အမျိုးသမီးများ၊ မုဆိုးမများ၊ မုဆိုးဖိုများ၊ သက်ကြီးရွယ်အိုများ၊ ကလေးများ၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ။

# ပူးပေါင်းပါဝင်ခြင်း (၁၀) မျိုး နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် လူထု၏ ပူးပေါင်းပါဝင်မှု အတိုင်းအတာ ပမာဏ

| စဉ် | ပူးပေါင်းပါဝင်ခြင်း သဘောသဘာဝ | ပူးပေါင်းပါဝင်မှု အတိုင်းအတာ | | |
|---|---|---|---|---|
| | | သာမန် | အလယ်အလတ် | အပြည့်အဝ |
| ၁ | သတင်းပေးခြင်းဖြင့် ပူးပေါင်းပါဝင်ခြင်း | △ | | |
| ၂ | အထင်အမြင်ကို ပြောဆိုခြင်းဖြင့် ပူးပေါင်းပါဝင်ခြင်း | △ | | |
| ၃ | အကြံဉာဏ်ပေးခြင်းဖြင့် ပူးပေါင်းပါဝင်ခြင်း | △ | | |
| ၄ | သတင်းအချက်အလက်များ ရယူမှုတွင် ပူးပေါင်းပါဝင်ခြင်း | △ | | |
| ၅ | ကာလအလိုက် လုပ်ငန်းသဘောအရ ဆက်သွယ်မှု ပြုလုပ်ခြင်း | △ | | |
| ၆ | ရေရှည်လုပ်ငန်း သဘောအရ ဆက်သွယ်မှုပြုလုပ်ခြင်း | | △ | |
| ၇ | ပြင်ပမှလာသော အဖွဲ့အစည်းများမှ ရပ်ရွာတွင် အဖွဲ့အစည်းများ တည်ထောင်ခြင်း | | △ | |
| ၈ | စုပေါင်း ပါဝင် ဆုံးဖြတ်ချက် ချမှတ်ခြင်း | | △ | |
| ၉ | ကိုယ်ပိုင်စတင် ဖွဲ့စည်းမှုများ ပြုလုပ်ခြင်း | | | △ |
| ၁၀ | စီမံကိန်းအစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများတွင် အဓိကကျသော လူပုဂ္ဂိုလ်များဖြင့် ဦးဆောင်မှုပြုခြင်း နှင့် ထိန်းချုပ်မှုများ ဖြစ်ပေါ်လာခြင်း | | | △ |

## ပူးပေါင်းပါဝင်ခြင်း အမျိုးအစားများ

### ကိုယ်တိုင် စည်းရုံး လှုံ့ဆော်နိုင်ခြင်း

**မတူညီသော ဩဇာအာဏာနှင့်ပစ္စည်းဥစ္စာ ကြွယ်ဝမှုတို့ကို စိန်ခေါ်သည့် လုပ်ငန်းဆောင်တာများကို ပြင်ပ အဖွဲ့အစည်းများ၏ အကူအညီမပါဘဲ ဒေသခံပြည်သူများကိုယ်တိုင် ဦးစီးဆောင်ရွက်ခြင်း။**

## အချင်းချင်း ပူးပေါင်းပါဝင်ခြင်း

**ဒေသခံလူထုများကိုယ်တိုင် လုပ်ငန်းဆောင်တာများကို ရှိရင်းစွဲထက် ပိုမိုကောင်းမွန်လာစေရန်နှင့် ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ပြင်ပအဖွဲ့အစည်းများနှင့်အခြားဒေသခံ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း။**

## လက်တွေ့အသုံးချ ပူးပေါင်းပါဝင်ခြင်း

**လူမှုရေး အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စီမံချက်၏ ရည်မှန်းချက်များကို ဆုံးဖြတ်ရာ၌ လူထုကိုယ်တိုင်ပါဝင်စေခြင်း ဖြစ်သည်။ ထိုပါဝင်မှုမျိုးသည် စီမံချက်သံသရာ စတင်ကာစ သို့မဟုတ် အစီအစဉ်ရေးဆွဲရာ၌ မဟုတ်ဘဲ ဆုံးဖြတ်ချက်များချပြီး နောက်ပိုင်းတွင်သာ ဖြစ်သည်။**

## အကြံပေးခြင်းဖြင့် ပူးပေါင်းပါဝင်ခြင်း

**ပြင်ပ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်းဖြင့် လူထုက ပူးပေါင်းပါဝင်ခြင်း ဖြစ်သည်။ လူထု၏ အကြံပေးချက်အပေါ် အခြေခံ၍ လုပ်ငန်းများ၊ စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သည်။**

## သတင်းပေးခြင်းဖြင့် ပူးပေါင်းပါဝင်ခြင်း

**သုတေသန မေးခွန်းလွှာများ၊ ကွင်းဆင်းတိုင်းတာချက်များကို ဖြေဆိုခြင်းဖြင့် လူထုက ပူးပေါင်းပါဝင်ခြင်း ဖြစ်သည်။ ထိုသုတေသနပြုလုပ်ရာတွင် ရှာဖွေတွေ့ရှိချက်များကို လူထုအား ပြန်လည်မျှဝေ အသိပေးခြင်း မရှိပါ။**

## သဘောမျှသာ ပူးပေါင်းပါဝင်ခြင်း

**စီမံချက် အုပ်ချုပ်သူများက မိမိတို့၏ စီမံချက်အကြောင်းကို လူထုအား အသိပေးရုံမျှသာဖြစ်ပြီး လူထု၏ သဘောထားကို နားထောင်ပေးခြင်းမရှိသော ပူးပေါင်းပါဝင်မှုမျိုး ဖြစ်သည်။**

# အခန်း ၅

# ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း
# နည်းလမ်း၏ သမိုင်းကြောင်း

# (History of PLA)

# ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း နည်းလမ်း၏ သမိုင်းကြောင်း (History of PLA)

## ရည်ရွယ်ချက်

**ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူမှုနည်းလမ်း၏ အခြေခံသမိုင်းကြောင်းနှင့် လူထုအား ပါဝင်ဆောင်ရွက်စေခြင်း၏ အခြေခံနည်းလမ်းများကို သိရှိနားလည်သွားစေရန် ရည်ရွယ်ပါသည်။**

## အချိန်

**မိနစ် ၉၀**

## အထောက်အကူပြုပစ္စည်းများ

**ကြိုတင်ပြင်ဆင်ထားသည့် ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူမှု နည်းလမ်းများ ရေးသားထားသည့် နောက်လှန်ကားချပ်များ ၊ စာရွက်ကြီးများ၊ ရောင်စုံမင်ချောင်းများ ။**

## လုပ်ငန်းစဉ်များ

- **လူထုပါဝင်သော ကျေးလက်အကဲဖြတ်ခြင်းနှင့် ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း (PRA and PLA) သမိုင်းကြောင်း ကစားနည်းကို ကစားပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ )**
- **ကစားပွဲတွင် ပြောပြသွားသည့် လူထုပါဝင်သော ကျေးလက်အကဲဖြတ်ခြင်းနှင့် ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း သမိုင်းကြောင်းကို ပါဝင်သူများ မည်မျှမှတ်မိကြောင်း ပြန်လည်မေးမြန်း ဆွေးနွေးပါ ။**
- **သင်တန်းသားများ အသုံးပြုခဲ့ဖူးသော ကိရိယာများကို မေးမြန်းပါ။**
- **သင်တန်းသားအားလုံးနှင့် ထိုအကြောင်းအရာများကို ပြန်လည်ဆွေးနွေးပါ။**
- **လူထုပါဝင်သော ကျေးလက်အကဲဖြတ်ခြင်းနှင့် ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်းဆိုင်ရာ ကိရိယာများ၏ (PRA and PLA tools) ကွာခြားချက်များကို ကြိုတင်ပြင်ဆင်ထားသော ပါဝါပွိုင့်တင်ဆက်မှုများ၊ ကြိုတင်ရေးသားထားသော စာရွက်များကို အသုံးပြုပြီး လူထုက PLA သမိုင်းကြောင်းနှင့် စီမံချက်လုပ်ငန်းများတွင် အသုံးများသော ပါဝင်ဆောင်ရွက်ရင်း သင်ယူမှု နည်းလမ်းများကို ပြောပြပါ ။**

## ဖြစ်စဉ်ပံ့ပိုးကူညီသူ အနေဖြင့် သတိပြုရန် အချက်များ

**ပံ့ပိုးသူအနေနှင့် ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း ကစားနည်း ကစားရန်အတွက် ဖြစ်ရပ်ကို ကြိုတင်ပြင်ဆင်ထားရန် နှင့် RRA, PRA နှင့် PLA တို့၏ ကွာခြားချက်များကို သေချာစွာ ရှင်းလင်းပြောပြရန် လိုအပ်ပါသည်။**

# လူထုပါဝင်သော ကျေးလက်ဆန်းစစ် အကဲဖြတ်ခြင်း
# (Participatory Rural Appraisal)

လူထုပါဝင်သောကျေးလက် ဆန်းစစ်အကဲဖြတ်ခြင်း ကိရိယာများကို သုံးကြသည့်အခါ ဒေသခံ လူထုထံမှ အရေးကြီးသော သတင်းအချက်အလက်များကို ရရှိနိုင်မည်ဟု ယုံကြည်ကြသည်။ လူထုပါဝင်သော ကျေးလက် အကဲဖြတ်ခြင်း (PRA) ကိရိယာများကို သုံးခြင်းဖြင့် ဒေသခံလူထု၏အသိ၊ အတတ်ပညာ၊ ဗဟုသုတနှင့် သင့်လျော်သော နည်းပညာများကို ၎င်းတို့၏ နေ့စဉ်ဘဝတွင် မည်ကဲ့သို့ အသုံးပြုနေကြသည်ကို ဖော်ပြသော အချက်အလက်များကို ရရှိနိုင်ပါသည်။ လက်တွေ့အခြေအနေတွင် ဒေသခံလူထုသည် ၎င်းတို့၌ ရှိနေသော နည်းပညာ၊ ဗဟုသုတများကို အသုံးပြုသည့်အခါ အခက်အခဲများကို ရင်ဆိုင်နေရသည်။

အထက်ပါ အကြောင်းအရာများကြောင့် လူထုပါဝင်သောကျေးလက်အကဲဖြတ်ခြင်း (PRA) ကိရိယာများကို အသုံးပြုသည့်အခါ ဗဟုသုတများ၊ လုပ်ငန်း ကျွမ်းကျင်မှုများ၊ တန်ဖိုးထားမှုများနှင့် တီထွင်ဖန်တီးနိုင်မှုများ စသည်တို့သည် ဒေသခံလူများနှင့် ကိုက်ညီပြီး အထောက်အကူဖြစ်စေရန် အရေးကြီးပါသည်။ အောင်မြင်သော စီမံချက်တစ်ခုဖြစ်စေရန်အတွက် ထိုလူထုပါဝင်သော ကျေးလက်အကဲဖြတ်ခြင်း ကိရိယာများကို နည်းလမ်း ပေါင်းစုံနှင့် အသုံးပြုနိုင်ပါသည်။

## လူထုပါဝင်သော ကျေးလက်အကဲဖြတ်ခြင်း (PRA) ဆိုတာဘာလဲ။

လူထုပါဝင်သော ကျေးလက်အကဲဖြတ်ခြင်း ဆိုသည်မှာ ဖွံ့ဖြိုးမှုဆိုသည့် ဖြစ်စဉ်တစ်ခုကို ဆောင်ရွက်ကြသည့် အခါ ထိုဒေသခံများ၏ အကူအညီများကိုရယူပြီး ၎င်းတို့၌ရှိသော ဗဟုသုတများနှင့် လုပ်ငန်းကျွမ်းကျင်မှုများကို အခြေခံပြီး အတူတကွ ပူးပေါင်းဆောင်ရွက်သော တိတိကျကျ သတ်မှတ်ထားသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ လူထုပါဝင်သော ကျေးလက်အကဲဖြတ်ခြင်းသည် ဒေသခံလူများ၏ ပြဿနာများနှင့် လိုအပ်ချက်များကို အခြေခံပြီး ၎င်းတို့နှင့်အတူ သတ်မှတ်ကာ မည်ကဲ့သို့ ပြုလုပ်ရမည်ဆိုသော အစီအစဉ်များကို အတူတကွ ရေးဆွဲခြင်းဖြစ်သည်။ (လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းစသော ဖြစ်စဉ်တစ်ခုလုံးဖြစ်သည်။)

## ဘာကြောင့် ဒီနည်းပညာတွေ သုံးရတာလဲ။

မည်သည့် စီမံချက်မဆို အောင်မြင်သည်ဆိုသည့် အတိုင်းအတာမရပါက ထိုစီမံချက်တွင် သက်ဆိုင်သူများ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူများကိုယ်တိုင် အတူတကွ ပါဝင်ဆောင်ရွက်ခွင့်နည်းသည်ဟု သတ်မှတ်၍ ရပါသည်။ လူထုပါဝင်သော ဆန်းစစ်အကဲဖြတ်ခြင်းသည် လုပ်ပိုင်ခွင့် အာဏာပေးသည့်ဖြစ်စဉ် (Empowerment process) ဖြစ်ပြီး ထိုဖြစ်စဉ်တွင် ဒေသခံလူများကိုယ်တိုင် ဖော်ထုတ်သတ်မှတ်ထားသော ၎င်းတို့၏ ပြဿနာ များနှင့် လိုအပ်ချက်များကို ၎င်းတို့ကိုယ်တိုင် မည်ကဲ့သို့ကျော်လွှားရမည် ဟူသော ဖြစ်စဉ်ကို စ-လယ်-ဆုံး ပြုလုပ်ရ သောကြောင့် မိမိတို့ကိုယ်ကို ယုံကြည်စိတ်ချမှု ရှိစေသည်။ ၎င်းတို့ကိုယ်တိုင် အစီအစဉ်များ ချမှတ်လုပ်ဆောင်ရ သောကြောင့် စီမံကိန်း (သို့) စီမံချက်များ အောင်မြင်မှုကို ဖြစ်စေသည်။ ထို့ကြောင့် အဖွဲ့အစည်းများသည် ဒေသခံ ပြည်သူလူထုကို လိုအပ်သော အကြံဉာဏ်များပေးခြင်းနှင့် နည်းလမ်းများကို ထောက်ပံ့ပေးကြသည်။

## လူထုပါဝင်သော ကျေးလက် ဆန်းစစ်အကဲဖြတ်ခြင်း၏ သဘောတရားများ

လူထုပါဝင်သော ကျေးလက်ဆန်းစစ်အကဲဖြတ်ခြင်း ကိရိယာများကို အသုံးပြုကြသည့်အခါတွင် ခက်ခဲခြင်း၊ မြန်ဆန်ခြင်းဟူသည့် စည်းကမ်းများမရှိပါ။ ကိရိယာများကို သုံးသည့် ဧရိယာ၊ ဒေသခံများ၊ ထိုဒေသခံများ၏ လူမှုစီးပွား အခြေအနေနှင့် ခံယူချက် သဘောထားစသည်တို့ပေါ်တွင် မူတည်သည်။ ထို့ကြောင့် လက်တွေ့ပြုလုပ်

ကြသည့်အခါ နည်းလမ်းများကို ကိုင်တွယ် အသုံးပြုသည့် ကျွမ်းကျင်မှုအပေါ် မူတည်၍ ဒေသ၊ ရေိယာ စသည်တို့ တူညီသော်လည်း ရရှိသည့် ရလဒ်များမှာ ကွာခြားလေ့ရှိကြသည်။ ဆုံးဖြတ်ချက်များသည်လည်း ထိုဒေသခံ၊ ရေိယာ တွင် နေထိုင်သူများနှင့်အတူ ဆွေးနွေးပွဲများ ပြုလုပ်ပြီးမှသာ ဆုံးဖြတ်ချက်ချမှတ်သင့်သည်။
လူအများ ပူးပေါင်းပါဝင်မှုများ ရရှိစေရန် ကိရိယာများကို ကျယ်ပြန့်စွာ အသုံးပြုကြသည်။

PRA ကိရိယာများကို အသုံးပြုခြင်းအားဖြင့် အောက်ပါတို့ကို သိရှိနိုင်သည်။

- ရပ်ရွာလူထု၏ အခြေအနေကို ရှင်းလင်းစွာ သိနိုင်ခြင်း
- ရပ်ရွာလူထု၏ အကြောင်းကို အတွင်းကျကျသိရှိပြီး တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နေကြပုံ အခြေအနေများကို သိနိုင်ခြင်း
- ရပ်ရွာလူထု၌ရှိသော အရင်းအမြစ်များကို သိနိုင်ခြင်း
- ရပ်ရွာလူထု၏ ဖြစ်နိုင်ချေ၊ အလားအလာ၊ အခြေအနေကောင်းများကို သိရှိနိုင်ခြင်း
- ရပ်ရွာလူထု၏ တွေ့ကြုံနေရသော အခက်အခဲများကို ဆွေးနွေးသိရှိခြင်း
- ရပ်ရွာလူထု၏ ဖွံ့ဖြိုးရေး လုပ်နိုင်သော ကဏ္ဍများကို ပိုမို သိရှိနိုင်ခြင်း
- ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ရန် အခက်အခဲများကို ဦးစားပေး ဖြေရှင်းနိုင်ခြင်း
- အခက်အခဲများ ဖြစ်ရခြင်း အကြောင်းအရင်းနှင့် ကွင်းဆက်များကို သုံးသပ်နိုင်ခြင်း

PRA ကိရိယာများ အသုံးပြုရာတွင် လိုအပ်သည့် အကြောင်းအချက်များ

(၁) PRA ကိရိယာများ အသုံးပြုရန် အချိန်လုံလုံလောက်လောက် ရှိရမည်။

(၂) PRA ကိရိယာများ အသုံးပြုသော ဖွံ့ဖြိုးရေး လုပ်သားသည် –

- ပံ့ပိုးကူညီမှု (Facilitation) စွမ်းရည် ကျွမ်းကျင်ရန် လိုအပ်သည်။
- လူထုအဖွဲ့အစည်း၏ ယုံကြည်မှု လိုအပ်သည်။
- PRA ကိရိယာများကို အသုံးပြုလေ့ပြုထရှိသူ ဖြစ်ရမည်။
- ပါဝင်ဆောင်ရွက်ခြင်း နည်းလမ်းကို မှန်ကန်စွာ သက်ဝင်ယုံကြည်သူ ဖြစ်ရန်လိုသည်။

(၃) ရွာရှိလူထုဘက်ကလည်း ပြင်ဆင်ရမည့် အချက်မှာ ပါဝင်ကြသူ ရွာသားများဘက်မှ သတင်းပေးနိုင်သူများအပြင် ဆုံးဖြတ်ချက်ချပေးနိုင်သူများ ပါဝင်ရန် လိုအပ်သည်။

| PRA ကိရိယာများ | ရည်ရွယ်ချက် |
|---|---|
| နောက်ခံသမိုင်းကြောင်းပြ မြေပုံ (Historical Timeline) | (၁) ကျေးရွာဒေသနှင့် ပြည်သူလူထု၏ သမိုင်းကြောင်း တစ်ခုလုံးကို နားလည်ရန်။<br>(၂)ကျေးရွာဒေသ သို့မဟုတ် ပြည်သူလူထု၏ အဆိုးဘက်သော် လည်းကောင်း၊ အကောင်းဘက်သော်လည်းကောင်းကို ညွှန်ပြလျက်ရှိသော အဓိက အကြောင်းအရာများနှင့် ဦးတည်ရာ လမ်းကြောင်းများကို သတ်မှတ်ရန်။<br>(၃) ကျေးရွာ၏ နောက်ခံ သမိုင်းကြောင်းထဲရှိ လွှမ်းမိုးထားသော အဓိက အကြောင်းအရာ၏ အကျိုးထိရောက်မှုများကို တိုင်ပင် ဆွေးနွေးရန်။ |
| အရင်းအမြစ်ပြ မြေပုံ (Resource Map) | (၁) ကျေးရွာဒေသတစ်ခု၏ တည်နေရာကို မြင်သာအောင် ရေးဆွဲထားသော မြေပုံ (visual map) တစ်ပုံဖြစ်ပြီး ၎င်းမြေပုံတွင် ကျေးရွာ၌ရှိသော အရင်းအမြစ်များနှင့် ထိုအရင်းအမြစ်များကို မည်ကဲ့သို့ အသုံးချသနည်းဆိုသည့် အရာများကို ဖော်ပြရန်။<br>(၂) ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများနှင့် အရင်းအမြစ်များ၏ ရှားပါးမှုနှင့် ပေါများမှုတို့ ကို သတ်မှတ်ရန်။ |
| ကျေးရွာသို့ သွားရောက် စူးစမ်းလေ့လာခြင်း (Transect Walk) | (၁) ကွဲပြားခြားနားလျက်ရှိသော မြေ (ပထဝီဝင်မြေ) အနေအထား၊ အခြေအနေနှင့် ပြဿနာများအပေါ် အခြေခံပြီး ပံ့ပိုးကူညီ ဆွေးနွေးရန်။<br>(၂) မိမိတို့ အသုံးပြုလျက်ရှိသော ပထဝီဝင်မြေ (မြေအနေအထား) နှင့် ပတ်သက်ပြီး ပူးတွဲ ဖြစ်တည်လျက်ရှိသော ပြဿနာများနှင့် ထိုပြဿနာများ ဖြစ်ရသည့် အကြောင်းအရာ (Causes) များကို ဆွေးနွေးရန်။ |
| ဓနဥစ္စာကြွယ်ဝမှု အခြေအနေကို အဆင့်ခွဲကြည့်ခြင်း (Wealth Ranking) | (၁) ကျေးရွာတစ်ခု သို့မဟုတ် တစ်ခုအတွင်း ကြွယ်ဝ ချမ်းသာသော အဆင့်အတန်းတစ်ခုကို သတ်မှတ်ရန်။<br>(၂) ကြွယ်ဝချမ်းသာသော အဆင့်အတန်းတစ်ခု၏ အရင်းအမြစ်များနှင့် ဝိသေသလက္ခဏာများကို သတ်မှတ်ရန်။<br>(၃) ကျေးရွာတစ်ရွာတည်းတွင် ရှိသော အိမ်ထောင်စုများ၏ ကြွယ်ဝချမ်းသာမှုကို အဆင့်သတ်မှတ်ရန်။ |

| | |
|---|---|
| ရာသီခွင်အလိုက် လူမှုစီးပွားရေး အခြေအနေပြဇယား (ရာသီခွင်ပြ ပြက္ခဒိန်) (Seasonal Calendar) | (၁) ကျေးရွာတစ်ရွာ၏ ပုံမှန်ရာသီအလိုက် ကျင်းပနေသော ပွဲတော်များ၊ စိုက်ပျိုးရေးလုပ်ငန်းများ စတင်ချိန်၊ ရာသီ အလိုက် ပြုလေ့ရှိသော ဓလေ့များ စသည်တို့ကို ရှာသူ၊ သားများဖြင့် ဆွေးနွေးရန် (ဥပမာ – ကောက်ရိတ်သိမ်းချိန်၊ နွား ၊ ဝက် ၊ တိရစ္ဆာန် မွေးမြူသည့်အချိန် ၊ ဝင်ငွေ ၊ ထွက်ငွေ)။ |
| ဦးတည်အုပ်စုဆွေးနွေးခြင်း (Focus Group Discussion) | (၁) ပါဝင်ဆွေးနွေးသူများက ဦးဆောင်သူ၏ မေးခွန်းများကို ဖြေခြင်းထက် အချင်းချင်း စကားပိုမိုပြောနိုင်စေရန် ဖြစ်သည်။ ထိုဆွေးနွေးပွဲမှတဆင့် အကြောင်းအရာတစ်ခုအပေါ် ၎င်းတို့၏ အမြင်ကို သိရှိနိုင်စေရန်။<br>(၂) တစ်ဦးတစ်ယောက်တည်း၏ ပြောကြားချက်သီးသန့် မဟုတ်သည့်အတွက် ခိုင်မာသော သတင်းများကို တစ်ထိုင်တည်းနှင့် ရရှိလာနိုင်စေရန်။ |
| ဇယားသုံး၍ အမှတ်ပေးခြင်းနှင့် အဆင့်သတ်မှတ်ခြင်း (Matrix Scoring and Ranking) | (၁) အသက်မွေးဝမ်းကြောင်း မတူညီသော အိမ်ထောင်စုများ၏ စိတ်ဝင်စားမှု၊ ဦးစားပေးမှုတို့ကို ဆန်းစစ်ရန်နှင့် ထိုအိမ်ထောင်စုများထံမှ စိတ်ဝင်စားမှု၊ ဦးစားပေးမှုတို့၏ ရည်ရွယ်ချက်များကို ဖော်ထုတ်ရန်။<br>(၂) ယေဘူယျ ပြဿနာများ သို့မဟုတ် အကြောင်းအရာများကို အမှတ်များပေးခြင်း သို့မဟုတ် အဆင့်အတန်း သတ်မှတ်ပေးခြင်း စသည်တို့ကို အရေးကြီးသော အစီအစဉ်အတိုင်း ဆန်းစစ်ရန်။ ( ဥပမာ– ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ပြဿနာများ ) |
| စက်ဝိုင်းပုံစံ ချိတ်ဆက်မှုပြ ဇယား (Venn Diagram) | (၁) ရပ်ရွာအတွင်းတွင် ဩဇာရှိသော သို့မဟုတ် အကျိုးပြုသော လူ၊ အဖွဲ့အစည်းများ၏ အခြေအနေများကို သိရှိရန်။<br>(၂) ရပ်ရွာနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် အကျိုးပြုပုံကို သိရှိရန်။ |
| အတွဲလိုက် အဆင့်ခွဲ သတ်မှတ်ခြင်း (Pair-Wise Ranking) | (၁) ရပ်ရွာတွင်းရှိ လူများအားလုံးပူးပေါင်းပါဝင်မှုကို ရရှိရန်။<br>(၂) ရပ်ရွာအတွင်း၌ ဖြစ်ပျက်နေသော ပြဿနာများကို အလုံးစုံ သိရှိရန်။<br>(၃) ပြဿနာများ၏ ဦးစားပေးအဆင့်များကို အများ သဘောတူညီမှုရယူရန်။ |

# အခန်း ၆

# အချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်ခြင်း

# (Data Analysis)

# အချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်ခြင်း
# (Data Analysis)

## ရည်ရွယ်ချက်
**အချက်အလက်များ စုစည်းခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီအရင်ခံစာ ရေးသားတင်သွင်းခြင်းတို့ကို သိရှိလာစေရန် ရည်ရွယ်ပါသည် ။**

## အချိန်
**မိနစ် ၉၀**

## အထောက်အကူပြုပစ္စည်းများ
**စာရွက်လွတ်များ၊ စစ်ဆေးရန်စာရင်း (check list) ၊ စာရွက်ကြီး၊ စက္ကူတိပ်၊ ရောင်စုံမင်ချောင်းများ၊ ကြိုတင်ရေးသားထားသော ကျေးရွာသတင်းအချက်အလက်များ။**

## လုပ်ငန်းစဉ်များ
- **သင်တန်းသားများကို အဖွဲ့ငယ်အဖြစ် (၂)ဖွဲ့ ခွဲပြီး တစ်ဖွဲ့ကို စီမံချက်ဝန်ထမ်း(၄)ဦး၊ အခြားတစ်ဖွဲ့ကို လူထုအဖြစ်(၁၀)ဦး သရုပ်ဆောင်စေပါ။ လေ့လာစောင့်ကြည့်သူ (၆)ယောက် ထားပါ ။**
- **စီမံချက်ဝန်ထမ်းများကို ကျေးရွာလူထုထံမှ အချက်အလက်များကို ကောက်ရန်ညွှန်ကြားပါ။**
- **လေ့လာစောင့်ကြည့်သူက ထိုစီမံချက်အဖွဲ့များက ဒေသခံလူထုထံမှ မည်သည့်အချက်အလက်များ ကောက်ယူသွားသည်ကို စောင့်ကြည့်စေရမည်။**
- **စောင့်ကြည့်လေ့လာသူများက စီမံချက် ဝန်ထမ်းများနှင့် ကျေးရွာလူများအကြားရှိ အချင်းချင်း ချိတ်ဆက်ပုံ၊ ဝန်ထမ်းများ၏ အပြုအမူများနှင့် အချက်အလက်များကို ကောက်ယူခြင်း ပုံစံအဆင့်ဆင့်ကို မှတ်သားထားပါစေ ။**
- **စီမံချက် ဝန်ထမ်းများ စီမံကိန်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ဦးတည်အုပ်စုသို့ ပြောပြပါစေ။**

## ဖြစ်စဉ်ပံ့ပိုးကူညီသူ အနေဖြင့် သတိပြုရန် အချက်များ
**ကျေးရွာနှင့်ဆိုင်သည့် လိုအပ်သော အချက်အလက်များ ကြိုတင်ပြင်ဆင်ထားရန်နှင့် ဖြစ်စဉ်တွင် ပါဝင်သူများအား ၎င်းတို့ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို ရှင်းရှင်းလင်းလင်း ပြောပြထားရပါမည်။ စိတ်ကူးမြေပုံရေးဆွဲခြင်း (Mind Mapping) ကို ပံ့ပိုးကူညီသူအနေဖြင့် လေ့လာထားရန်လိုအပ်ပါသည်။**

# အချက်အလက် ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ပြင်ဆင်ခြင်း

## အချက်အလက် ဆန်းစစ်ခြင်း (Data Analysis)

အချက်အလက် ဆန်းစစ်ခြင်းဆိုသည်မှာ ကွင်းဆင်းလေ့လာခြင်းမှ ရရှိလာသော ကိန်းဂဏန်းများ၏ ခြုံငုံသုံးသပ်ချက် (ဥပမာအားဖြင့် ကောက်ယူရရှိထားသော ကိန်းဂဏန်းများမှ အသင့်လျော်ဆုံးတို့ကို ထုတ်နှုတ်ရယူခြင်း) များကို ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။ ဆန်းစစ်ခြင်းကို အကြောင်းအရင်းများ (ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်ဖြင့် အခြေအနေ) အပေါ် အခြေခံကာ ပြုလုပ်သင့်သည်။ လိုအပ်သော နယ်ပယ်အားလုံးမှ အချက်အလက်များကို မရရှိဘဲ အချက်အလက် ဆန်းစစ်ခြင်းဆိုသည့် အခန်းကဏ္ဍကို မစတင်သင့်ပါ။

ကျယ်ပြန့်သော အကြောင်းအရာများကို သေးငယ်သော အကြောင်းအရာဖြစ်အောင် ခွဲခြမ်းစိတ်ဖြာကာ ကိန်းဂဏန်း အချက်အလက်များကိုလည်း လိုက်လျောညီထွေစွာ စီစဉ်ရမည်။ ( ဥပမာ- ကျယ်ပြန့်သော အကြောင်းအရာဖြစ်သည့် ပညာရေးကို ခွဲခြမ်းစိတ်ဖြာပါက ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စနစ်များ၊ လိုအပ်သော ပစ္စည်းများ)

သတင်းအချက်အလက်များကို သွားရောက်ကောက်ယူရာတွင် ကြိုတင်ပြင်ဆင်မထားသော သတင်းအချက်အလက်များလည်း ရရှိနိုင်သည်။ ထို့ကြောင့် ယင်းသတင်း အချက်အလက်များအတွက် မေးခွန်းများကိုလည်း ကြိုတင်စဉ်းစားထားရန်လည်း လိုအပ်သည်။ ကြိုတင်ပြင်ဆင်မထားဘဲ ရရှိလာသော သတင်း အချက်အလက်များကို ဆန်းစစ်မှုပြုသည့်အခါတွင် ထည့်သွင်းစဉ်းစားသင့်ပါသည်။ အဓိက အရေးကြီးသည်မှာ အစီရင်ခံစာတွင် သတင်းအချက်အလက်များကို စာရင်းအင်း အထောက်အထားနှင့် ဖြစ်ရပ်လေ့လာချက် (Case study) တို့ကို ဖော်ပြထားသင့်သည်။

လူမှုရေးဆိုင်ရာ အချက်အလက်များကို ဆန်းစစ်ပြီးသည့်နောက်တွင် သက်ဆိုင်ရာ ပတ်သက် ဆက်နွယ်သော သူများထံမှ တွေ့ရှိချက်များကိုလည်း ရယူသင့်သည်။ ထိုအဆင့်၌ အခြား အချက်အလက်များကိုလည်း ဆန်းစစ်ခြင်း ပြုလုပ်သင့်သည်။ ဒေသခံပုဂ္ဂိုလ်ထံမှ ရရှိလာသော သတင်းအချက်အလက်များသည် ကနဦး အခြေခံဖြစ်ပြီး ထိုသတင်းအချက်အလက်များကို ကျိုးကြောင်းခိုင်လုံစွာ အတည်ပြုပေးသင့်သည်။ တစ်နည်းအားဖြင့်ဆိုသော် တွေ့ရှိချက်များ အပေါ် အခြေခံပြီး ရေးဆွဲထားသော အစီအစဉ်များကို လူအများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးသင့်သည်။ နောက်ဆုံး အနေနှင့် ကွဲလွဲဆန့်ကျင်မှုများ မရှိစေရန် ရှင်းလင်းမှုများကို ထိရောက်စွာ ပြုလုပ်သင့်ပါသည်။

## အစီရင်ခံစာ ပြင်ဆင်ခြင်း

ကွင်းဆင်းလေ့လာခြင်းမှ ကောက်ယူရရှိသော အချက်အလက်များအပေါ် ဆန်းစစ်ချက်များကို အစီရင်ခံစာ ရေးသားရန် ပြင်ဆင်ထားသင့်သည်။ အစီရင်ခံစာ ပြင်ဆင်ခြင်းအဆင့်သည် အလွန်အရေးကြီးသော အဆင့်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအဆင့်တွင် ကွာဟချက်များ ကျန်ရှိနေခဲ့သော် ကွင်းဆင်းလေ့လာခြင်း တစ်ခုလုံး၏ ရည်ရွယ်ချက်နှင့် ထိရောက်မှုများအားလုံး ဆုံးရှုံးပါလိမ့်မည်။

## ယေဘုယျအားဖြင့် အစီရင်ခံစာ အသုံးပြုသူများမှာ

၁) ပြည်သူလူထု၊ ဖွံ့ဖြိုးရေးလုပ်သူများ

၂) ဌာနဆိုင်ရာ အဖွဲ့အစည်း၊ အလှူရှင်များ စသည်တို့ ဖြစ်ပါသည်။

အစီရင်ခံစာ၏ သဘောသဘာဝမှာ အသုံးပြုသူ၏ အသုံးပြုမည့် ပုံစံပေါ်တွင် မူတည်ပါသည်။

စံပြအစီရင်ခံစာ တစ်စောင်တွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များမှာ–

၁) **ရှင်းလင်း တိကျ မှန်ကန်သော စကားလုံးများ အသုံးပြုမှု**

၂) **ဒွိဟဖြစ်စေသော စကားလုံးများကို ရှောင်ရှားအသုံးပြုမှု**

၃) **အကြံဉာဏ်များကို အစီအစဉ်တကျ ရေးသားဖော်ပြခြင်း**

၄) **ပုံကြီးချဲ့ခြင်း၊ ချဲ့ကားရေးသားခြင်းများကို ရှောင်ရှားခြင်း**

၅) **လွယ်ကူရှင်းလင်းစွာဖြင့် ဖော်ပြခြင်း**

၆) **စာဖတ်သူဘက်မှ စဉ်းစားခြင်း စသည့် အချက်များသည် အစီရင်ခံစာရေးသူအနေဖြင့် အထူးသတိထားရန် လိုအပ်သည့် အချက်များဖြစ်ပါသည် ။**

# အခန်း ၇

## လိုအပ်ချက်များ ဆန်းစစ်ခြင်း
## (Need Assessment)

# လိုအပ်ချက်များ ဆန်းစစ်ခြင်း (Need Assessment) နှင့် ကွင်းဆင်းချိန်တွင် ရှောင်ရန်၊ ဆောင်ရန် အချက်များ

## ရည်ရွယ်ချက်

**လိုအပ်ချက် ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကို သိရှိလာစေရန်နှင့် စစ်တမ်းကောက်ယူရာတွင် ရှောင်ရန်၊ ဆောင်ရန်များကို လေ့လာသင်ယူနိုင်စေရန် ရည်ရွယ်ပါသည် ။**

## အချိန်

**မိနစ် ၉၀**

## အထောက်အကူပြုပစ္စည်းများ

**စာရွက်အလွတ်များ ၊ စာရွက်ကြီး၊ စက္ကူတိပ်၊ ရောင်စုံမင်ချောင်းများ။**

## လုပ်ငန်းစဉ်များ

- **သင်ယူသူများအား ၎င်းတို့ စစ်တမ်းကောက်ဖူးသော စစ်တမ်းကောက်ယူမှု ပုံစံများကို ဦးနှောက်မုန်တိုင်းဆင်သော နည်းဖြင့် စဉ်းစားရှာဖွေဖော်ထုတ်ပါစေ။**
- **ရရှိလာသော အချက်အလက်များကို ပံ့ပိုးကူညီသူမှ လိုအပ်သောအရာများ (Needs) နှင့် လိုချင်သောအရာများ (Wants) တို့၏ မတူညီသော အကြောင်းကို ဆွေးနွေးပြီး လိုအပ်ချက် အကဲဖြတ်မှု (Need Assessment) အကြောင်းကို ပြောဆို ဆွေးနွေးပါ ။**
- **ထို့နောက် ပံ့ပိုးကူညီသူက ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်သောအခါတွင် ပြုလုပ်ရမည့်အချက်များနှင့် ရှောင်ရှားရမည့်အချက်များကို ပြောဆိုဆွေးနွေးပါ ။**

## ဖြစ်စဉ်ပံ့ပိုးကူညီသူ အနေဖြင့် သတိပြုရန် အချက်များ

- **ပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် လိုအပ်ချက် စစ်တမ်းကောက်ယူခြင်းနှင့် စွမ်းဆောင်ရည် အကဲဖြတ်ခြင်းကိုပါ တွဲ၍ မိတ်ဆက်ပြရန်။**
- **စွမ်းဆောင်ရည် အကဲဖြတ်ခြင်း၏ အရေးကြီးသော သတ်မှတ်ချက်များကို ရှင်းပြရန်။**
- **လိုအပ်ချက်နှင့် လိုချင်မှု (Need and Want) အကြောင်းကို ရှင်းရှင်းလင်းလင်း ဆွေးနွေးတတ်ရန်။**
- **ပံ့ပိုးကူညီသူအနေနှင့် ဦးနှောက်မုန်တိုင်းဆင်ခြင်းနည်းလမ်း (Brain Storming Method) ကို ကျွမ်းကျင်စွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။**

# လိုအပ်ချက်များကို စစ်တမ်းကောက်ယူခြင်း (Need Assessment)

## လိုအပ်ချက် (Need) ဆိုတာ ဘာလဲ။

လိုအပ်ချက်ဆိုသည်မှာ လူထု၏ လူမှုစီးပွား၊ ယဉ်ကျေးမှုများ နှင့် နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် လိုအပ်ချက်များကို ခြုံငုံဖော်ပြနိုင်သော လူသားတစ်ရပ်လုံး၏ လိုအပ်ချက်ပင် ဖြစ်သည်။

## လိုအပ်ချက်များကို ခွဲခြားသတ်မှတ်ခြင်း

တူညီသော အရပ်၊ ဒေသများတွင် အတူတကွ နေထိုင်သူများသည်ပင်လျှင် ၎င်းတို့၏ လိုအပ်ချက်များမှာ မတူညီကြပါ။ မတူညီသော အစုအဖွဲ့များတွင် မတူညီသော လိုအပ်ချက်များရှိသည်။ မိသားစုများ၊ မျိုးနွယ်စုများ၊ စိတ်တူသဘောတူ လူစုများ၏ လိုအပ်မှုများအပေါ် မူတည်၍ ကွဲပြားခြားနားသော လိုအပ်ချက်များရှိသည်။ (ဥပမာ- လူမှုရေးဆိုင်ရာ အဆင့်အတန်းအရ ကွဲပြားသော လိုအပ်ချက်၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လိုအပ်ချက်၊ စီးပွားရေး ဆိုင်ရာ လိုအပ်ချက်၊ ဘာသာရေး၊ ကိုးကွယ်မှုဆိုင်ရာ လိုအပ်ချက်)

လိုအပ်ချက်များသည် လူနေမှုအဆင့်အတန်းအရ ချမ်းသာသူ၊ ဆင်းရဲသူနှင့် အလယ်အလတ် လူတန်းစားများ၏ အသက်မွေးမှုလုပ်ငန်းများ (ဥပမာအားဖြင့် ရေလုပ်သား၊ လယ်သမား၊ နေ့စားလုပ်သားများ၊ ဝန်ဆောင်မှု ပေးသော လုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းရှင်များ) စသည်တို့၏ လူနေမှုစနစ်နှင့် သွင်ပြင်စရိုက်လက္ခဏာများပေါ်တွင် မူတည်သည်။

ဥပမာအားဖြင့် ပညာရေးဆိုင်ရာ လိုအပ်ချက်စစ်တမ်းကောက်ယူရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများမှာ-

- မတူညီသော လူတန်းစားများ၏ ပညာတတ်မြောက်မှုနှုန်း
- ပညာရေးပိုင်းဆိုင်ရာ လှုံ့ဆော်မှုများ၊ မိသားစုများ၏ လွှမ်းမိုးမှု ၊ အစုအဖွဲ့များ၏ လွှမ်းမိုးမှု
- ခေါင်းဆောင်မှု၏ လုပ်ပိုင်ခွင့် အာဏာနှင့် သဘောသဘာဝ
- အရင်းအမြစ်များကို လှုံ့ဆော်စည်းရုံးနိုင်သည့် စွမ်းရည်
- ဆရာ/ဆရာမများ၏ စွမ်းရည်များ
- သင်ကြားမှု အထောက်အကူပြု ပစ္စည်းများနှင့် နေရာများ
- ပညာရေးဆိုင်ရာ ချိတ်ဆက်ထားသော နေရာနှင့် အလုပ်အကိုင်များ
- သင်ယူမှုအတွက် အချိန်ပေးနိုင်မှု
- အမျိုးသမီးများ၏ နေထိုင်မှုအဆင့်အတန်း
- ဝင်ငွေတိုးလုပ်ငန်း (Income Generation) များတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု
- ပူးပေါင်းပါဝင်ဆောင်ရွက်သည့် လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ
- လူမှုဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပြောင်းလဲမှုများ
- ဒေသခံလူထု၏ အသိပညာဗဟုသုတများ
- သီးခြားသတ်မှတ်ထားသော လူအုပ်စုတစ်စု၏ အပြုအမူပိုင်းဆိုင်ရာ ပုံစံများကို သိရှိနားလည်မှု
- ဘာသာစကားပိုင်းဆိုင်ရာတတ်ကျွမ်းမှု
- လူထုအတွင်းရှိ ကျား၊မ ဆိုင်ရာ ရှုထောင့်မှ လက်တွေ့ကျင့်သုံးမှု
- လူမှုရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ယင်းတို့၏ ဩဇာသက်ရောက်မှု

- မတူညီသော အစုအဖွဲ့များ၏ ဝိသေသလက္ခဏာများ
- လူမှုရေးဆိုင်ရာ အဆင့်အတန်းခွဲခြားမှုများ
- အလုပ်အကိုင်၊ ကျွမ်းကျင်မှု နှင့် ဝင်ငွေရနိုင်သည့် ရင်းမြစ် စသည်တို့ ဖြစ်ပါသည် ။

## ကွင်းဆင်းလေ့လာခြင်း (Field Visit) ပြုလုပ်စဉ်တွင် ရှောင်ရန်၊ ဆောင်ရန်များ

| ဆောင်ရန် | ရှောင်ရန် |
| --- | --- |
| အဖွဲ့စိတ်ဓါတ်ဖြင့် လုပ်ဆောင်ခြင်း။ | မေးခွန်းများစွာကို ဆက်တိုက် မေးမြန်းခြင်း။ |
| ဆွေးနွေးမှုတွင် လွှမ်းမိုးသူများကို စကားပရိယာယ် ကြွယ်ဝစွာဖြင့် ထိန်းပေးခြင်း။ | အကြောင်းအရာများစွာကို တစ်ချိန်တည်းတွင် မိတ်ဆက်ပြောဆိုခြင်း။ |
| ဆွေးနွေးမှုအချက်အလက်များကို မှတ်သားထားခြင်း။ | မိမိအဖွဲ့ဝင်များအကြား သင်္ကေတများဖြင့် သိသာစွာ ပြောဆိုဆက်သွယ်ခြင်း။ |
| လူထုအား အလေးထားမှုကို ပြသခြင်း။ | မေးခွန်းများ ထပ်ခါထပ်ခါ မေးခြင်းဖြင့် ဆွေးနွေးမှုတွင် ကြားဖြတ် ပါဝင်ခြင်း။ |
| ဒေသစကား အသုံးအနှုန်းများနှင့် ရိုးရှင်းသော ဘာသာစကား အသုံးပြုခြင်း။ | အလွန်အကျူး ပြုမူလုပ်ဆောင်ခြင်းများ။ |
| အသက်ဝင်သောပတ်ဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ခြင်း။ | အဓိက အချက်အလက်များမှ လွဲချော်ခြင်း။ |
| သဘာဝအတိုင်း ပြုမူခြင်း။ | စကားများစွာ ပြောဆိုခြင်း။ |
| မိမိကိုယ်ကို ဝေဖန်မှုပြုလုပ်ခြင်း။ | လူသိနည်းသော စကားလုံးများ အသုံးပြုခြင်း။ |
| လူထု၏တန်ဖိုးနှင့်ကျေးဇူးတရားကို ဖော်ထုတ်ပြသခြင်းဖြင့် ဆွေးနွေးမှုကို အဆုံးသတ်ခြင်း။ | အလွန်အကျူး လေးစားမှုကို ပြသခြင်း။ |
| တစ်စုံတစ်ခုအား လေ့လာသင်ယူရန်အတွက် လာရောက်ကြောင်း အမြင်မျိုးရရှိစေရန် ပြုလုပ်ခြင်း။ | အပျော်သဘော ပေါ့တန်စွာ ပြုလုပ်ခြင်း။ |

| | |
|---|---|
| ရည်ရွယ်ချက်နှင့် ဆွေးနွေးမှုဖြစ်စဉ်ကို ရှင်းလင်းပြခြင်း။ | ကူညီထောက်ပံ့မှုများတွင် အနာဂတ်အတွက် မလိုလားအပ်သော အာမခံချက်များ ပေးခြင်း။ |
| ဂရုတစိုက် နားထောင်မှု ပြုလုပ်ပေးရန် ပြင်ဆင်ထားခြင်း။ လူထုက ပြောဆိုသော အကြောင်းအရာများကို နားလည်မှုပေးခြင်းနှင့် သင်ယူခြင်း။ | လူထုမှ ပါဝင်မှု ပြုလုပ်ရန် ခက်ခဲသော၊ ရှုပ်ထွေးသော နည်းလမ်းများ အသုံးပြုခြင်း။ |
| ဆွေးနွေးပြောဆိုမှုများ ပြီးဆုံးပါက မေးခွန်းများ မေးခွင့်ပေးခြင်း။ | ကတိုက်ကရိုက်ဖြစ်သော ဆွေးနွေးမှုများ စီစဉ်ထားခြင်း။ |
| ဖြစ်စဉ် မစတင်မီ အသုံးပြုသော နည်းလမ်းကို အသေးစိတ်ရှင်းပြခြင်း။ | မဖြစ်မနေ ပူးပေါင်းပါဝင်မှု ပြုလုပ်စေခြင်း။ |
| ၎င်းတို့၏ သတင်းအချက်အလက်များကို ရှင်းရှင်းလင်းလင်း ဖြစ်စေရန် အားပေးမှု ပြုလုပ်ခြင်း။ | တဖြည်းဖြည်း စိတ်မရှည်ဖြစ်လာခြင်း။ |

# အခန်း ၈

# ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူမှု ကိရိယာများနှင့် နည်းလမ်းများ (Participatory Learning and Action Tools)

# ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူမှု ကိရိယာများနှင့် နည်းလမ်းများ

## (Participatory Learning and Action Tools)

### ရည်ရွယ်ချက်

**PLA ကိရိယာ များကို အသုံးပြုပြီး ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုကို ရယူနိုင်သည့် နည်းလမ်းများကို သိရှိစေရန် ရည်ရွယ်ပါသည် ။**

### အချိန်

**မိနစ် ၉၀**

### အထောက်အကူပြုပစ္စည်းများ

**စာရွက်လွတ်များ၊ စာရွက်ကြီး၊ စက္ကူတိပ်၊ ရောင်စုံမင်ချောင်းများ၊ ရောင်စုံမြေဖြူများ၊ ကော်ဖြင့်ပြုလုပ်ထားသော သစ်ပင်များ ၊ တိရစ္ဆာန်ရုပ်များ ၊ အိမ်များ။ (မြေပြင်တွင် အသုံးပြုလျှင် သဘာဝအလျောက် ပေါက်ရောက်နေသော သစ်ပင်များ၊ မြက်ပင်များ၊ ကျောက်ခဲများ၊ တုတ်ချောင်းများကိုလည်း အသုံးပြုနိုင်ပါသည်။)**

### လုပ်ငန်းစဉ်များ

- **ရပ်ရွာလူထုအဖွဲ့နှင့် စီမံချက်ဝန်ထမ်းများအဖွဲ့ စသည်ဖြင့် နှစ်ဖွဲ့ခွဲပါ။**
- **စီမံချက်ဝန်ထမ်းများ အဖွဲ့အား ကြိုတင်ပေးထားသော အချက်အလက်များအပေါ် အခြေခံပြီး လူမှုရေးပြမြေပုံကို ရေးဆွဲခိုင်းပါ ။**
- **ထို့အတူ လူထုနှင့် စီမံချက်ဝန်ထမ်းများ ပါဝင်သော အဖွဲ့အား အတူတကွ ပူးပေါင်းပြီး ကျေးရွာ၏ မြေပုံကို ရေးဆွဲစေပါ ။**
- **အဖွဲ့နှစ်ဖွဲ့မှ ရေးဆွဲထားသော မြေပုံများ၏ ရလဒ်များကို နှိုင်းယှဉ်ကြည့်ပါစေ ။**
- **ပံ့ပိုးကူညီသူမှ ထိုအဖွဲ့နှစ်ဖွဲ့ဆွဲသော မြေပုံနှစ်ခု၏ ကွာခြားချက်များနှင့် ပူးပေါင်းပါဝင်မှု၏ အားသာချက်များ အကြောင်းကို ရှင်းလင်း ပြောဆိုဆွေးနွေးပါ။**

### ဖြစ်စဉ်ပံ့ပိုးကူညီသူ အနေဖြင့် သတိပြုရန် အချက်များ

- **ပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် မြေပုံများအကြောင်းနှင့် လိုက်နာရမည့် အချက်များကို ရှင်းပြပြောဆိုရန်။**
- **မြေပုံတစ်ခုချင်းစီတွင်ရှိသော ရည်ရွယ်ချက်များကို ပြောဆိုရန်။**
- **ကိရိယာတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များ အကြောင်းကို ရှင်းပြရန်။**

# လူမှုရေးပြမြေပုံ
# (Social Map)

နေထိုင်မှုပုံစံ၊ အိမ်အမျိုးအစား၊ လူမှုအဆောက်အအုံများဖြစ်ကြသော လမ်း၊ ရေစီးဆင်းမှုစနစ်၊ ကျောင်း၊ သောက်သုံးရေရရှိမှု၊ ရုံး၊ ဈေး၊ ဘုန်းကြီးကျောင်း အစရှိသည်တို့ကို ဖော်ပြသော မြေပုံဖြစ်ပါသည်။

## အသုံးပြုပုံ

- ရပ်ရွာတစ်ခု၏ အဆောက်အဦး နှင့် လူမှုရေး အခြေအနေများကို ပိုမိုနားလည်စေရန်။
- လူဦးရေနှင့် အခြားအိမ်ထောင်စုဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရန်။
- လူမှုဘဝအမျိုးမျိုးအတွက် ဆွေးနွေးနိုင်ရန်။
- စီမံကိန်း လုပ်ငန်းစဉ်များတွင် လမ်းညွှန်နည်းလမ်း(ကိရိယာ)တစ်ခုအဖြစ် အသုံးပြုရန်။
- စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုံးသပ်ခြင်းတွင် ကိရိယာတစ်ခုအဖြစ် အသုံးပြုရန်။

## လုပ်ငန်းစဉ်

(၁) ရွာသားများနှင့်အတူ ဆွေးနွေးမည့် နေရာနှင့် အချိန်ကို သတ်မှတ်ပါ။ အုပ်စုအမျိုးမျိုးမှ ပါဝင်မည့် သူများကို ဖိတ်ကြားပါ။

(၂) လေ့ကျင့်ခန်းလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပါဝင်သူများအား ရှင်းပြပါ။ ပထမဦးဆုံး ၎င်းတို့ရွာတွင်ရှိသော အထင်ရှားဆုံး အဆောက်အဦးများကို စပြီးဆွဲပါစေ။ ရွာအတွင်း၌ အလွယ်တကူ ရနိုင်သော ပစ္စည်းများကို သုံးပါစေ။ (ဥပမာ– ပဲစေ့၊ ကျောက်ခဲ၊ စပါးစေ့)။ ၎င်းတို့၏ တီထွင်ဖန်တီးမှု များများပါအောင် တိုက်တွန်းပါ။

(၃) အလျင်စလို မလုပ်ပါစေနှင့်။ ပံ့ပိုးကူညီသူမှ စကားဝင်မပြောပါနှင့်။ ရွာသားများကို အာရုံ စူးစူးစိုက်စိုက်နှင့် တက်တက်ကြွကြွ ပါဝင်ပါစေ။ အရာအားလုံးကို ၎င်းတို့ကိုယ်တိုင် စတင်ပြီး ၎င်းတို့ဘာသာ ထိန်းသိမ်းပါစေ။ ပံ့ပိုးကူညီသူမှ ၎င်းတို့ကို ယုံကြည်ကြောင်းပြပါ။

(၄) မည်သူက တက်တက်ကြွကြွနှင့် ပါဝင်သလဲ၊ မည်သူက မပါဝင်ဘူးလဲ ဆိုသည်များကို စောင့်ကြည့်ပြီး မပါဝင်သူများကို ပါဝင်လာနိုင်အောင် အားပေးပါ။

(၅) လိုအပ်သည့်အခါမှသာ ကြားဖြတ်ဝင်ပါ။ ပံ့ပိုးကူညီသူအနေဖြင့်သာနေပါ။

(၆) ရွာသားများ ရေးဆွဲနေသည်ကို မနှောင့်ယှက်ပါနှင့် ။ မရှင်းတာရှိလျှင် ဆွဲပြီးသည်အထိ စောင့်ပါ။ ပြီးမှ " ဒါကဘာလဲ "၊ " ဒီသင်္ကေတက ဘာကို ဆိုလိုချင်သလဲ " စသည်ဖြင့် ပြန်မေးပါ။

(၇) မြေပုံဆွဲပြီးသွားလျှင် ပါဝင်ရေးဆွဲသူများကို ၎င်းတို့နေအိမ်ကို မြေပုံပေါ်တွင် နေရာသတ်မှတ်ခိုင်းပါ။

(၈) အိမ်များကို နံပါတ်မှတ်ပါ။ နောက်ပိုင်း အချက်အလက်များ ကောက်ယူသောအခါ အသုံးဝင်ပါလိမ့်မည်။

(၉) အိမ်ထောင်စုတစ်ခုချင်းနှင့် ပတ်သက်သော အချက်အလက်များကို အသေးစိတ်မေးပါ။ ( ဥပမာ– ကျောင်းနေသော ကလေး ဘယ်နှစ်ယောက်ရှိသလဲ၊ လူဦးရေ ဘယ်လောက်ရှိသလဲ၊ ရေ ဘယ်လိုရသလဲ၊ တိရစ္ဆာန်များ အညစ်အကြေး စွန့်သော နေရာက ဘယ်မှာလဲ စသည်ဖြင့်)။ လေ့ကျင့်ခန်းလုပ်သည့် ရည်ရွယ်ချက်ပေါ် မူတည်ပြီး စိတ်ဝင်စားသလို မေးနိုင်ပါသည်။

(၁၀) မြေပုံနှင့် ပတ်သက်ပြီး သေချာမေးပါ။ နားမလည်၊ မရှင်းလင်းသည်များကို သေသေချာချာ မေးပါ။ လိုအပ်လျှင် သတင်းအချက်အလက် ပိုပြီး ပြည့်စုံအောင် မေးပါ။

(၁၁) မြေပုံကို စာရွက်ကြီးတစ်ခုပေါ်သို့ ပြန်လည်ကူးယူပါ။ မူလပုံနှင့် လုံးဝ မကွဲလွဲပါစေနှင့်။
(၁၂) ရွာ၌ရှိသော အခြားသူများကို မေးကြည့်ပြီး သတင်းအချက်အလက်တွေ ထပ်မံဆွေးနွေးပါ။ (သုံးဖက်မြင် ဆွေးနွေးပါ)
(၁၃) နောက်ဆုံးတွင် ပါဝင်သူများအား ယခုကဲ့သို့ အချိန်ပေးပြီး တက်တက်ကြွကြွ ပါဝင်ခဲ့သည့်အတွက် ကျေးဇူး တင်ကြောင်းပြောကြားပါ။

## ဆန်းစစ်ချက်


| အကြောင်းအရာ | မြေကြီးပေါ်၌ ဆွဲသော မြေပုံ | စာရွက်ပေါ်၌ ဆွဲသော မြေပုံ |
|---|---|---|
| ပါဝင်ရေးဆွဲသူဦးရေ | လူများစွာ ပါဝင်ရေးဆွဲနိုင် | လူ(၂)ဦး (၃)ဦးသာ အဓိက ပါဝင်နိုင် |
| အသုံးပြုသည့် ပစ္စည်းများ | ဒေသထွက် ပစ္စည်းများသာသုံး၊ သစ်ရွက်၊ ပဲစေ့၊ သဲ၊ ရွှံ့စသဖြင့် | စာရွက်၊ ခဲတံ၊ ဘောပင်၊ မာကာပင်များ သာသုံး |
| စိတ်ခံစားမှုများ | ရွာသားများအနေဖြင့် သက်တောင့် သက်သာရှိပြီး စိတ်သက်သာစွာ ပါဝင်နိုင် | စာမရေးတတ်သူများအတွက် စိတ်ဝင်စားမှု နည်းနိုင်/စိတ်အနှောင့်အယှက် ရှိနိုင် |
| အပြောင်းအလဲ | အလွယ်တကူ ပြောင်းလဲနိုင် | ပြောင်းလဲရန် ခက်ခဲမှုရှိ |
| သတင်းအချက်အလက် | ရေးဆွဲရန် နေရာကျယ်သည့်အတွက် သတင်းအချက်အလက် ပြည့်ပြည့်စုံစုံ ထည့်နိုင် | ရေးဆွဲရန် နေရာကျဉ်းသည့်အတွက် သတင်းအချက်အလက် အနည်းငယ်သာထည့်နိုင် |
| ပါဝင်သူများ | စာမတတ်သောသူများနှင့် ဖယ်ထားခံရသူများအတွက် သက်တောင့်သက်သာ ဖြစ်စေ | စာတတ်သောသူများသာ အဓိကပါဝင် |
| အခက်အခဲ | စာရွက်ပေါ်သို့ ပြန်ကူးရသည့်အတွက် အချိန်ပိုကုန် | လူအနည်းငယ်ကသာရေးဆွဲသောကြောင့် အမှန်သို့ ပြန်ပြင်သောအခါ အချိန်ပိုယူရ။ သို့သော် ပြန်ထပ်ကူးစရာမလို။ |
| ဆန်းစစ်ချက် | ရေးဆွဲသည့်အခါလူတိုင်းပါဝင်နိုင်။ ၎င်းတို့မြင်သာသောဆက်သွယ်မှု များနှင့်သတင်းအချက်အလက်များကို ပိုသိနိုင်။ | လူအနည်းငယ်သာ ပါဝင်ရေးဆွဲနိုင်။ တစ်ခုနှင့် တစ်ခု ဆက်သွယ်မှုများကို မမြင်နိုင်။ |

## အကျိုးကျေးဇူးများ

- လူတိုင်း ပါဝင်ဆွေးနွေးနိုင်သောကြောင့် နားလည်မှု ပိုမိုရရှိသည်။
- လူမှုအဖွဲ့များကို သတ်မှတ်နိုင်၊ စီးပွားရေး လူမှုရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်သည်။
- ကျန်းမာရေး၊ ပညာရေး နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပေါင်းစပ်နိုင်သည်။
- စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အကဲဖြတ်သုံးသပ်သည့်အခါ အသုံးပြုနိုင်သည်။

## အဟန့်အတားများ

- အစကနဦးတွင် စာမတတ်သူများ ပါဝင်ရန် ခက်ခဲနိုင်သည်။
- စာတတ်သူများနှင့် ဆက်ဆံရန် အနည်းငယ် ခက်ခဲသည်။ ၎င်းတို့အနေဖြင့် သိထားပြီးသား ဖြစ်သောကြောင့် ရေးဆွဲရန် အတွက် နှောင့်နှေးနိုင်သည်။




ပုံ-၁ ။ ။ လူမှုရေးပြမြေပုံ (Social Map)

# အရင်းအမြစ်ပြ မြေပုံ
# (Resource Map)

အရင်းအမြစ်ပြမြေပုံသည် လူမှုရေးပြမြေပုံပြီးလျှင် အများဆုံး အသုံးပြုသောနည်းလမ်းဖြစ်ပါသည်။ အရင်းအမြစ်ပြမြေပုံသည် ရပ်ရွာ၌ရှိသော မြေအမျိုးအစား၊ တောင်ကုန်း၊ မြစ်ချောင်းများ၊ လယ်ကွင်း၊ ဟင်းသီးဟင်းရွက် စိုက်ခင်း စသည့် သဘာဝအရင်းအမြစ်များ၏ တည်နေရာနှင့် အနေအထားများကို ဖော်ပြသော မြေပုံဖြစ်ပါသည်။

စကေးတကျနှင့် ရေးဆွဲခြင်းမဟုတ်ပါ။ ရွာလူထုအနေနှင့် ၎င်းတို့နေထိုင်သည့် ပတ်ဝန်းကျင်၏ အနေအထား များနှင့် ပတ်သက်ပြီး အချိန်ကာလ ကြာရှည်စွာရင်းနှီးခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့၏ သဘာဝအရင်းအမြစ်များကို မည်ကဲ့သို့ မြင်ကြသည်ဆိုသည်ကို ယင်းမြေပုံက ထင်ဟပ်ပြနိုင်ပါသည်။

## အသုံးပြုပုံ

သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု နှင့် ပတ်သက်၍ အသုံးပြုသည်။

- မြေမျက်နှာသွင်ပြင်၊ မြေပြင်အနေအထား၊ အနိမ့်အမြင့်
- သစ်တော၊ ဟင်းသီးဟင်းရွက်နှင့် သစ်ပင် အမျိုးအစားများ
- မြေဆီလွှာ အမျိုးအစား၊ မြေသြဇာ၊ တိုက်စားမှု နှင့် မြေအတိမ်အနက်
- မြေအမျိုးအစား နှင့် အသုံးချမှု၊ စားကျက်မြေ၊ နယ်နိမိတ် နှင့် ပိုင်ဆိုင်မှု
- ရေ၊ ရေမျက်နှာပြင်၊ ရေအရင်းအမြစ်၊ ဆည်မြောင်းများ၊ မြစ်ချောင်းများနှင့် ရေစီးဆင်းမှု
- ရေဝေ ရေလဲ၊ မြေဆီလွှာ နှင့် ရေထိန်းသိမ်းမှု လုပ်ငန်းများ
- စိုက်ပျိုးရေး နှင့် ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးမှုပုံစံ၊ သီးနှံရိတ်သိမ်းမှု၊ ထွက်နှုန်း

## လုပ်ငန်းစဉ်

(၁) ရွာသားများနှင့်တိုင်ပင်ပြီး မြေပုံဆွဲမည့်နေရာနှင့် အချိန်ကို သတ်မှတ်ပါ။ ရွာမှာရှိနေသော အလွှာအမျိုးမျိုးက လူအသီးသီး၊ အထူးသဖြင့် အမျိုးသမီးများ၊ အခွင့်အရေးအရ နည်းသူများ ပါဝင်ပါစေ။

(၂) သတ်မှတ်ထားသော အချိန်တွင် အတိအကျ စတင်ပါ။ ဤလေ့ကျင့်ခန်းလုပ်ရသော ရည်ရွယ်ချက်ကို ရှင်းပြပါ။

(၃) အဓိက အရင်းအမြစ်များကို မေးပြီး စတင်ဆွဲခိုင်းပါ။ ရွာ၌ရှိသော ဒေသထွက် ပစ္စည်းများနှင့် တီထွင်ဉာဏ် များများသုံးပြီး ဆွဲပါစေ။

(၄) ကြားဝင်၍ အနှောင့်အယှက်မပေးပါနှင့်။ ၎င်းတို့ဘာသာ ရေးဆွဲပါစေ။ အလွန် အခက်အခဲတွေ့မှသာ ဆက်လက် ရေးဆွဲနိုင်ရန် ဝင်ရောက် ကူညီပါ။

(၅) ပါဝင်သူများ၏ ဆွေးနွေးချက်များကို သေသေချာချာ နားထောင်ပြီး မှတ်သားသင့်သည်များကို မှတ်သားထားပါ။

(၆) မိမိစိတ်ဝင်စားသည့် အကြောင်းအရာ မပါသော်လည်း ၎င်းတို့ မြေပုံဆွဲပြီးသည်အထိ စိတ်ရှည်ရှည်ဖြင့် စောင့်ပါ။ မြေပုံဆွဲပြီးသွားသောအခါ ပါဝင်သူများ ရေးဆွဲသောပုံသည် သင်လိုချင်သော အချက်အလက်များကို ကိုယ်စားမပြုလျှင် " မြေပုံထဲမှာ ဒါကို ပြနိုင်မလား " ဆိုသည့် အနှောင့်အယှက်မပေးသော မေးခွန်းမျိုး မေးပါ။

(၇) သင်္ကေတများ၊ အရောင်များ၊ ပုံများကို ရှင်းပြခိုင်းပါ။

(၈) မြေပုံဆွဲရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး အခက်အခဲ ပြဿနာများနှင့် အားသာချက်များကို ဆွေးနွေးပြီး သရုပ်ဖော်ပြပါစေ။


(၉) အားလုံးပြီးသွားလျှင် အခြားမည်သည့်အရာများ ထပ်ဖြည့်ချင်ပါသလဲ၊ ပြင်ဆင်ချင်ပါသလဲဟု မေးပါ။
(၁၀) အဓိကပါဝင် ဆွေးနွေးသောသူနှင့် ပါဝင်ဆွေးနွေးခြင်း မရှိသူများကို လေ့လာပါ။ မပါဝင်သော သူများကို ပါဝင်လာအောင် အားပေးပါ။
(၁၁) မြေပုံနှင့် ပတ်သက်ပြီး အသေးစိတ်မေးပါ။
(၁၂) မြေပုံကို စာရွက်အကြီးပေါ်တွင် ကူးယူပါ။ အညွှန်းများမှအစ အားလုံး မလွဲမသွေ ပါဝင်ပါစေ။
(၁၃) မြေပုံနှင့်အတူ ရွာထဲသို့ ဖြတ်လျှောက်သွားကြည့်ပါ။ အခြားသူများနှင့်လည်း ဆွေးနွေးပြီး တုံ့ပြန်မှု ရယူပါ။ (သုံးပွင့်ဆိုင် စစ်ဆေးခြင်း)
(၁၄) ရွာလူထုအနေနှင့် တက်တက်ကြွကြွ ပါဝင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။

## အကျိုးကျေးဇူး

ပါဝင်သောသူများကို ပျော်ရွှင်မှုရစေသည်။ ဒေသမှရသော ပစ္စည်းများကို သုံးရသဖြင့် တီထွင်မှု တိုးတက်လာနိုင်သည်။ မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို လူတိုင်းနားလည်နိုင်သည်။ သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလွန်အသုံးဝင်သည်။ ဆင်းရဲသားများနှင့် နွမ်းပါးသူများကို လုပ်ငန်းစဉ်ထဲတွင် ပါဝင်လာစေရန်အတွက် အထောက်အကူပြုသည်။

## အဟန့်အတားများ

မြေယာအငှားချမှု၊ မြေယာပိုင်ဆိုင်မှုများ ပြောဆိုရန် ခက်ခဲသောဒေသများတွင် အသုံးပြုရန်မလွယ်ကူပါ။ သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှုများ၌သာ အဓိက ထားသုံးသည်။




ပုံ-၂ ။ ။ အရင်းအမြစ်ပြမြေပုံ (Resource Map)

# ရွှေ့လျားမှုပြ မြေပုံ (Mobility Map)

ရွှေ့လျားမှုပြ မြေပုံသည် တစ်ဦးချင်း၊ အဖွဲ့လိုက် (သို့မဟုတ်) ရွာနေလူထု၏ ရွှေ့လျားနေပုံနှင့် မည်သည့် အကြောင်းကြောင့် ရွှေ့လျားနေကြသည်ဆိုသည်ကို လေ့လာသော နည်းလမ်းဖြစ်ပါသည်။ လူများ ဘယ်ကို ဘာကြောင့် သွားကြသလဲ ဆိုသည်ကို အဓိကထား လေ့လာပါသည်။ ခရီးအကွာအဝေး၊ အလည်သွားသော နေရာ၏ အရေးပါမှု စသည်တို့ကိုလည်း လေ့လာပြီး သရုပ်ဖော်ပြပါသည်။

## အသုံးပြုပုံ

- ဒေသခံ လူထု၏ ရွှေ့လျားသွားလာမှုပုံစံကို နားလည်ရန်။
- ရွှေ့လျားမှုပုံစံများနှင့် ပတ်သက်ပြီး မည်သို့သော အကျိုးဆက်များရှိသည်ကို အကဲဖြတ်သုံးသပ်ရန်။
- ကျား၊မ သဘောသဘာဝ၏ ကန့်သတ်ချက်များကို ပိုမိုနားလည်ရန်နှင့် ပိုမိုသတိပြုမိစေရန်။
- စီမံချက်လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ရန်၊ အကောင်အထည်ဖော် ရေးဆွဲရန်။

## လုပ်ငန်းစဉ်

(၁) မိမိစိတ်ဝင်စားသော (သို့) သိလိုသော လူအုပ်စု (သို့) ရွာလူထုကို ရွေးချယ်ပါ။

(၂) လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။ ၎င်းတို့ အလည်အပတ်သွားခဲ့သော နေရာများကို စတင် ဆွေးနွေးပြီး စာရင်းပြုစုပါစေ။ ပြီးလျှင် ၎င်းတို့အနေဖြင့် မည်သည့်နေရာများ ထပ်ဖြည့်ချင်သလဲ (သို့) ဖယ်ထုတ်ချင်သလဲ မေးပါ။

(၃) သွားခဲ့သည့် နေရာများကို စာရွက်ပေါ်တွင် စာလုံးကြီးနှင့် ထင်ရှားစွာ ရေးခိုင်းပါ။ စာမတတ်သောသူများအတွက် သင်္ကေတ (သို့) ပုံဖြင့် ဖော်ပြရန် အားပေးပါ။

(၄) စာရွက် (သို့) မြေကြီးပေါ်တွင် ရွာ (သို့) နေရာကို ကိုယ်စားပြုသော စက်ဝိုင်းတစ်ခု ဆွဲခိုင်းပါ။ ပြီးလျှင် ၎င်းတို့ သွားတတ်သော နေရာများကို စာရွက်ငယ်များပေါ်တွင် ရေးပြီး ထိုစာရွက်ပိုင်းများကို စက်ဝိုင်းပတ်လည်၌ နေရာချခိုင်းပါ။

(၅) ရွာနေရာကိုယ်စားပြုသော စက်ဝိုင်းနှင့် သွားခဲ့သောနေရာများကို မျဉ်းကြောင်းဖြင့် ဆက်ခိုင်းပါ။ အကြိမ်များများသွားသော နေရာများကို မျဉ်းကြောင်း အထူ၊ တခါတရံမှ သွားသော နေရာများကို မျဉ်းကြောင်းအပါးဖြင့် ဆွဲပါစေ။ ဆက်သော မျဉ်းအထူ၊ အပါးသည် သွားသော အကြိမ်အရေအတွက်ကို ဖော်ပြပါသည်။

(၆) သွားသော နေရာတိုင်းကို အထက်ပါအတိုင်း လုပ်ဆောင်ပါစေ။

(၇) ၎င်းတို့ ထိုနေရာသို့ သွားရသော ရည်ရွယ်ချက်၊ သွားခဲ့သောနေရာနှင့် ယင်း၏ အရေးပါမှု၊ နေရာ၏ အကွာအဝေး၊ သွားသော လမ်းကြောင်း၊ သွားခဲ့သော အကြိမ်အရေအတွက်၊ တစ်ယောက်တည်း (သို့) အခြား သူများ နှင့် အတူ သွားခဲ့သလား စသဖြင့် မေးပါ။ ၎င်းတို့ကို သင်္ကေတ၊ ပုံ (သို့) စာရေးပြီး ထောင်ပြခိုင်းပါ။

(၈) ရေးဆွဲပြီးသွားပါက ပြင်ဆင်စရာရှိ၊ မရှိ မေးမြန်းပါ။

(၉) ရွှေ့လျားမှုပြ မြေပုံကို ရှင်းပြခိုင်းပြီး ဤလေ့ကျင့်ခန်းတွင် မည်သည်တို့ကို လေ့လာရခဲ့ရသလဲဟု မေးမြန်းပါ။

(၁၀) ပုံများကို အသေးစိတ် ရှင်းပြခိုင်းပါ။ မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းပါ။

(၁၁) ၎င်းတို့ ဆွေးနွေးသည်များကို သေသေချာချာ နားထောင်ပြီး မှတ်သားထားပါ။

(၁၂) မြေပုံကို စာရွက်ကြီးပေါ်တွင် ထပ်တူ ကူးဆွဲပါ။ အသေးစိတ် ကူးယူပါ။


(၁၃) အချိန်ပေးပြီး ပါဝင်ရေးဆွဲပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောပြပါ။

## အကျိုးကျေးဇူး

တစ်ဦးချင်း၊ အဖွဲ့လိုက်နှင့် ရပ်ရွာရှိ ရွာသားများ၏ ရွှေ့လျားသွားလာမှုများကို လေ့လာရာတွင် အသုံးဝင်ပါသည်။ ပါဝင်ရေးဆွဲသူများလည်း ပျော်ရွှင်ကြပါသည်။ ၎င်းတို့နှင့်အတူ ဆွေးနွေးမှုနှင့် ဆန်းစစ်မှုများလည်း ထပ်မံ ဆောင်ရွက်နိုင်ပါသည်။

## အဟန့်အတား

တစ်ခုတည်းကိုသာ အာရုံစိုက်နေရသောကြောင့် အခြားအရေးကြီးသော အချက်အလက်များကို မရရှိနိုင်ပါ။




ပုံ – ၃။ ။ ရွှေ့လျားသွားလာမှုပြ မြေပုံ (Mobility Map)

# နောက်ခံ သမိုင်းကြောင်း အချိန်ကာလပြ လမ်းကြောင်းများကို လေ့လာခြင်းနှင့် ကျေးရွာသို့ စူးစမ်း လေ့လာ ဖြတ်လျှောက်ခြင်း (Historical Time Line and Transect Walk)

## ရည်ရွယ်ချက်

ကျေးရွာတစ်ရွာ၏ သမိုင်းကြောင်းတစ်ခုလုံးကို သိချင်သောအခါနှင့် မိမိသိချင်သော အကြောင်းတစ်ခု သို့မဟုတ် ဧရိယာတစ်ခု၏ အစိတ်အပိုင်းတစ်ခုကို သိချင်သောအခါ အသုံးပြုနိုင်သော ကိရိယာများကို သိရှိပြီး အသုံးပြုလာနိုင်စေရန် ရည်ရွယ်ပါသည်။

## အချိန်

မိနစ် ၉၀

## အထောက်အကူပြုပစ္စည်းများ

စာရွက်အလွတ်များ ၊ စာရွက်ကြီး၊ စက္ကူတိပ်၊ ရောင်စုံမင်ချောင်းများ၊ ရောင်စုံစက္ကူများ။

## ဖြစ်စဉ်ပံ့ပိုးကူညီသူ အနေဖြင့် သတိပြုရန် အချက်များ

- ပံ့ပိုးကူညီသူအနေဖြင့် နောက်ခံသမိုင်းကြောင်းကာလနှင့် ပြောင်းလဲမှုကာလ (Historical time and time trend) များ အကြောင်းနှင့် စူးစမ်းလေ့လာဖြတ်လျှောက်ခြင်း (Transect walk) ၏ လိုက်နာရမည့်အချက်များကို ရှင်းပြပြောဆိုရန်။
- ကိရိယာတစ်ခုချင်းစီအတွက် ထားရှိသော ရည်ရွယ်ချက်များကို ပြောဆိုရန်။
- ကိရိယာတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များအကြောင်းကို ရှင်းပြရန်။

# နောက်ခံသမိုင်းကြောင်း အချိန်ကာလပြ လမ်းကြောင်းများ (Historical Time Line)

အချိန်ကာလပြလမ်းကြောင်းသည် သုံးလေ့သုံးထရှိသော PRA နည်းလမ်းတစ်ခုဖြစ်ပါသည်။ အချိန်ကာလပြလမ်းကြောင်းသည် ရပ်ရွာ၊ လူတစ်ဦးချင်းနှင့် အဖွဲ့များ၏ အတိတ်ကာလ၌ ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်များကို ခုနှစ်ဖြစ်စဉ်အလိုက် လေ့လာခြင်းဖြစ်ပြီး ယင်းသည် အရေးကြီးသော အဓိက မှတ်တိုင်များကို ဖော်ပြပါသည်။

## အသုံးပြုပုံ

- ဒေသခံလူထုများမှတဆင့် အတိတ်က အဖြစ်အပျက်များအနက် အဓိကကျသော အဖြစ်အပျက်များကို လေ့လာရန်။
- ဒေသခံများ၏ သက်ဆိုင်နေသည့် သမိုင်းဖြစ်ရပ်များက လက်ရှိအကြောင်းအရာများကို မည်သို့အကျိုးပြုသည်ကို နားလည်ရန်။
- မိမိစိတ်ဝင်စားသော အကြောင်းအရာများ ( ဥပမာ – ပညာရေး ၊ ကျန်းမာရေး ၊ စသဖြင့် ) နှင့် ပတ်သက်၍ ပြောင်းလဲမှုများကို ဆွေးနွေးရန်။

## လုပ်ငန်းစဉ်

(၁) ရွာ၏ သမိုင်းကြောင်းကို ကောင်းကောင်းသိပြီး ပြောပြနိုင်သည့် အသက်အရွယ်ကြီးသူများကို ရွေးချယ်ပြီး သူတို့နှင့်တွေ့ဆုံရန် ဖိတ်ကြားပါ။

(၂) လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။ ရွာ၏သမိုင်းကြောင်းနှင့် ပတ်သက်၍ စတင် ဆွေးနွေးပါ။ အောက်ပါ မေးခွန်းများကို စတင်မေးမြန်းပါ။

- ရွာကို ဘယ်နှစ်ခုနှစ်က စတည်ခဲ့တာလဲ?
- ရွာသမိုင်းတစ်လျှောက် အရေးကြီးတဲ့ ဘယ်လို အဖြစ်အပျက်များဖြစ်ခဲ့လဲ?
- ဘယ်လို ပြောင်းလဲမှုတွေ အဓိက ပြောင်းလဲသွားလဲ? ဘာကြောင့် အဲဒီလို ပြောင်းလဲရတာလဲ?

(၃) ရွာသားတစ်ဦးကို အဓိက အဖြစ်အပျက်များနှင့် ပတ်သက်ပြီး ကတ်ပြားပေါ်တွင် စာလုံးအမည်းနှင့် ရေးချပါစေ။ အကယ်၍ ရွာသားများက မလုပ်ဆောင်နိုင်လျှင် ပံ့ပိုးကူညီသူကိုယ်တိုင် ချရေးပါ။

(၄) ထပ်ထည့်ချင်သော ဖြစ်ရပ်များရှိလျှင် ထပ်ထည့်ပါစေ။ ပြည့်စုံပြီဟုယူဆလျှင် ရေးထားသော ကတ်များကို ခုနှစ်အလိုက် စီခိုင်းပါ။ အစောပိုင်း ဖြစ်ရပ်များကို အပေါ်ပိုင်း၊ နောက်ပိုင်းဖြစ်ရပ်များကို အောက်ဘက်တွင် စီခိုင်းပါ။ ထို ဒီအစီအစဉ်အတိုင်း ဖတ်ပြပြီး သဘောကျ၊ မကျ (သို့) ထပ်ပြင်စရာများရှိပါသလား မေးပါ။

(၅) ဖြစ်ရပ်၏ ညာဖက်တွင် အချိန်/ခုနှစ်ကို ရေးပါ။ ခုနှစ်ကို ရွာသားများက မမှတ်မိလျှင် အခြားနည်းလမ်းများကို သုံးပါ။ တစ်ခါတစ်ရံ ပံ့ပိုးကူညီသူက ကိုယ်ပိုင်သုံးသပ်ချက်ဖြင့် ခန့်မှန်းပြီး ခုနှစ်များကို အနီးစပ်ဆုံး ဖော်ထုတ်ပါ။

(၆) ဖြစ်ရပ်များမှ မိမိစိတ်ဝင်စားသော အကြောင်းအရာကို အဓိကဆွေးနွေးပါ။

(၇) အချိန်ပြမျဉ်းနှင့် ပတ်သက်ပြီး ပါဝင်ဆောင်ရွက်သူများကို ဆန်းစစ်ခိုင်းပါ။ ပြန်လည်ထင်ဟပ်ခိုင်းပါ။ အောက်ပါမေးခွန်းများကိုမေးနိုင်ပါသည်။

- အတိတ်တုန်းက ဘယ်လို အခြေအနေမျိုးရှိခဲ့ပါသလဲ?
- အဓိက ဖြစ်ပျက်ခဲ့တာတွေက ဘာတွေလဲ?
- ဘယ်လိုအပြောင်းအလဲတွေ ဖြစ်ခဲ့သလဲ? ဘာကြောင့် ဖြစ်ခဲ့တာလဲ?

(၈) မိမိ မရှင်းလင်းသော အချက်အလက်များ ကျေးရွာသမိုင်းကြောင်းတွင် ပါဝင်နေပါက ပိုမိုနားလည်စေရန်

မေးခွန်းများ မေးနိုင်ပါသည်။

(၉) ကျေးရွာသမိုင်းကို စာရွက်ပေါ်တွင် အသေးစိတ် ကူးယူပါ။ ပါဝင်ဆွေးနွေးသူများ၏ အမည်၊ ပံ့ပိုးသူ အမည်၊ ဒေသအမည်၊ ရက်စွဲ ၊ အညွှန်းများ စသည်တို့ကို အပြည့်အစုံ ရေးပါ။

(၁၀) ရရှိလာသော အချက်အလက်များ မှန်၊ မမှန်ကို ရွာထဲ၌ ရှိသော အခြားလူကြီးသူမများ နှင့် တိုက်ဆိုင် စစ်ဆေးကြည့်ပါ။ အချက်အလက်များ စစ်ဆေးရာတွင် အခြားနည်းဖြင့် ရလာသော သတင်းအချက် အလက်များကိုပါ ရယူပြီး သုံးဖက်မြင်အောင် ကြည့်ပါ။ ကွဲလွဲချက်များ ရှိလာပါက သေချာစေရန် ထပ်မံ မေးမြန်းပါ။

## အကျိုးပြုပုံ

- ဤလေ့ကျင့်ခန်းသည် ရွာသူ ရွာသားများနှင့် ရင်းနှီးမှု ရလွယ်သည်။ များသောအားဖြင့် အခြားလေ့ကျင့်ခန်းတွင် ပါဝင်ခွင့်မရသော သက်ကြီးရွယ်ကြီးများအား အလေးထားရာ ရောက်သည်။ ၎င်းတို့၏ အမြင်များကို အရေးတယူ ထည့်သွင်းစဉ်းစားရာ ရောက်သည်။
- ရွာ၏ သမိုင်းကြောင်းကို ပိုမိုမြင်သာစေသည်။ ပြောင်းလဲမှုနှင့် ပတ်သက်၍ ရွာသားများ၏ အမြင်ကို နားလည်နိုင်လာပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီအစဉ် ရေးဆွဲရာတွင် အရေးပါသည်။

## အဟန့်အတား

သက်ကြီးဝါကြီးများသည် မှတ်ဉာဏ်အားမကောင်းသဖြင့် အတိတ်က ဖြစ်ရပ်များ၊ အချိန်များကို တိတိကျကျ ပြောဆိုနိုင်ရန် ခဲယဉ်းသည်။

**၁၀.၁.၂၀၁၃**

ပုံ – ၄။ ကံကြီးကုန်းရွာ၏ နောက်ခံသမိုင်းကြောင်း အချိန်ကာလပြ လမ်းကြောင်းများ

| | |
|---|---|
| ၂၀၀၇ | ကျေးရွာအုပ်ချုပ်ရေးမှူး အသစ်ပြောင်း |
| | ရွာဦးစေတီပြင်ဆင်မွမ်းမံ |
| ၂၀၀၈ | ရွာရေလွှမ်း လူများသေဆုံး |
| | ရွာထဲကို NGO အဖွဲ့များ စတင်ဝင်လာ |
| ၂၀၀၉ | ကျေးရွာကော်မတီခွဲဖွဲ့ |
| | ရွာလမ်းများဖောက် |
| ၂၀၁၀ | ရွာကျောင်းကို ဆရာမ အသစ်ရောက်လာ |
| ၂၀၁၁ | ကျေးရွာလျှပ်စစ်မီးရရှိ |
| ၂၀၁၂ | ကျေးရွာသို့တန်ဖိုးနည်း ဖုန်းများချပေး |

ရေးဆွဲသူ = ဦးလှမြင့်(ကျေးရွာလူကြီး)
ဒေါ်အေးရီ(ရွာခံ)
မြင့်စံ(ကာလသားခေါင်း)

# ကျေးရွာသို့ စူးစမ်း လေ့လာ ဖြတ်လျှောက်ခြင်း (Transect Walk)

စူးစမ်းလေ့လာဖြတ်လျှောက်ခြင်းကို ရပ်ရွာတစ်ခုအတွင်း စိုက်ပျိုးရေး၊ ပတ်ဝန်းကျင် အနေအထားအလိုက် ကွဲပြားပုံကို သိရှိရန် အသုံးပြုပါသည်။ ယင်းဖြတ်ပိုင်းပုံတွင် မြေအနိမ့် အမြင့်၊ မြေဆီလွှာ အမျိုးအစား၊ စိုက်ပျိုးသီးနှံ၊ ကြုံတွေ့သော ပြဿနာများနှင့် ဖြေရှင်းနိုင်သော နည်းလမ်းများ ပါဝင်ပါသည်။ သဘာဝအရင်းအမြစ်များကို ဦးစားပေး ဖော်ပြသည်။ စူးစမ်းလေ့လာဖြတ်လျှောက်ခြင်းကို အရင်းအမြစ်ပြမြေပုံရေးဆွဲပြီးမှ အသုံးပြုလေ့ရှိကြပါသည်။ ထိုသို့ဆောင်ရွက်လျှင် အချက်အလက်များ ပြန်လည်စစ်ဆေးရာတွင် အထောက်အကူရနိုင်ပါသည်။

## အသုံးပြုပုံ

- သဘာဝ အရင်းအမြစ်များ၏ အခြေအနေ၊ ပြဿနာများနှင့် ယင်းတို့ ဖြစ်နိုင်ချေရှိသော အခြေအနေများကို ဖော်ပြရန်။
- လူမှုရေးပြမြေပုံနှင့် သဘာဝ အရင်းအမြစ်ပြမြေပုံများ ရေးဆွဲသည့်အခါ၌ တွေ့ရှိလာသော အကြောင်းအရာများကို ပိုပြီး တိကျသေချာစေရန်။
- ကြားဖြတ်စီမံကိန်းလုပ်ငန်းများ စီစဉ်ရန် နှင့် ကြားဖြတ်စီမံကိန်းများကို စစ်ဆေးရန်။
- ကြားဖြတ်စီမံကိန်းဆောင်ရွက်မှုများ နှင့် စီမံကိန်းများကို စောင့်ကြပ်ကြည့်ရှုရန်၊ အကဲဖြတ် သုံးသပ်ရန်။

## အသုံးပြုနိုင်သည့် အချိန်များ

- အိမ်ထောင်စုများနှင့်အတူ လယ်ယာစိုက်ပျိုးရေးစနစ်နှင့် မွေးမြူရေးစနစ်များ စသည်တို့ကို အစီအစဉ်များ ချမှတ်သည့်အချိန်။
- ကွဲပြားခြားနားသော မြေမျက်နှာသွင်ပြင်ပုံစံတို့၏ အသုံးပြုပုံများနှင့် အခွင့်အလမ်းတို့ကို စစ်တမ်း ကောက်ယူသည့်အချိန်။
- ကျေးရွာ၌ လုပ်ငန်းများကို စတင်ပြီး အစီအစဉ်များကို ချမှတ်သည့်အချိန်။

## လုပ်ငန်းစဉ်

**အဆင့် ၁။** ။ ဒေသနှင့် ပတ်သက်၍ ဗဟုသုတ အတော်အသင့်ရှိပြီး ဤလေ့ကျင့်ခန်းကို စိတ်ဝင်စားသော လူတစ်စုကို ရွေးပါ။

စူးစမ်းလေ့လာဖြတ်လျှောက်ခြင်း ကိရိယာကို အသုံးပြုမည့် ကျေးရွာရှိ လူများအား ထိုကိရိယာအကြောင်းကို မိတ်ဆက်ပေးပါ။ ရည်ရွယ်ချက်ကို ရှင်းပြပါ။

- ရွာ၏အရင်းအမြစ်ပြမြေပုံဆွဲခြင်း လေ့ကျင့်ခန်း (Villa ge Resource Mapping exercise) ကို ပြန်ကြည့်ပြီး ကျေးရွာများကို သတ်မှတ်လမ်းကြောင်းအတိုင်း ကြည့်ရှုသုံးသပ် ဖော်ထုတ်ခြင်းဖြင့် အိမ်ထောင်စုများကို အဓိကျသော မြေမျက်နှာသွင်ပြင်ပုံစံနှင့် အရင်းအမြစ်များ (Land types and resources) ကို ပြောရန် အခွင့်အရေးပေးပါ။

**အဆင့် ၂။ ။ စတင်မထွက်ခွာမီ လမ်းလျှောက်ရင်း မည်သည့် သတင်းအချက်အလက်၊ အကြောင်းအရာများ ကောက်ယူမည်ကို ဆွေးနွေးပါ။ ယင်းတို့ကို မှတ်သားရန် စာရွက်လွတ်များကို ပြင်ဆင်ထားပါ။ လမ်းလျှောက်ဖြတ်ပိုင်းပုံ ရေးဆွဲရန်အတွက် ၎င်းတို့နှင့်အတူ နေရာ သတ်မှတ်ပါ။**

- **သတ်မှတ်ထားသော ဖြတ်ပိုင်းပုံလမ်းကြောင်းအတိုင်း သွားပါ။ အကယ်၍ ထပ်ပြင်စရာ၊ ပြောင်းလဲစရာများ ရှိခဲ့လျှင် ပြောင်းလဲပါ။ သတ်မှတ်ထားသော အချက်အလက်များ၊ လိုက်လံကြည့်ရှုရမည့် ကိစ္စများနှင့် ပတ်သက်သော စာရင်းများနှင့် အရင်းအမြစ်မြေပုံကို မှီငြမ်းနိုင်စေရန် တစ်ပါတည်း ယူဆောင်သွားပါ။**
- **ပတ်ဝန်းကျင်ကို လေ့လာပါ။ စိတ်ထဲတွင် မှတ်၍ရသမျှ မှတ်ပါ။ အကယ်၍ ရေးပြီး မှတ်သားရန် လိုအပ်လာလျှင် ရေးပြီး မှတ်သားထားပါ။**
- **ကျေးရွာမှ မိမိနှင့်အတူပါလာသော လူများ အချင်းချင်း စကားပြောဆိုသည်ကို နားမလည်၊ မရှင်းလင်းပါက ပြန်လည်မေးမြန်းပါ။ ၎င်းတို့ ပြောဆိုသည်များကို သေသေချာချာ နားစိုက်ထောင်ပါ။ ၎င်းတို့အချင်းချင်း ဆွေးနွေးပြောဆိုနေကြသည်များကိုလည်း နားထောင်ပါ။ ရှင်းပြရန်လိုသော နေရာများတွင် ထပ်မံရှင်းပြခိုင်းပါ။**
- **လိုအပ်လျှင် အချို့နေရာများ၌ အသေးစိတ် ဆွေးနွေးရန်အတွက် ရပ်လိုက်ပါ။ ခေတ္တနားရန်နှင့် အချက်အလက်များ ရေးမှတ်ရန် အချိန်ယူပါ။**
- **မိမိမသိသော၊ မရင်းနှီးသော အရွက်များ၊ အပင်များနှင့် အခြားအရာများတွေ့လျှင် ယူဆောင်လာခဲ့ပါ။ ထိုအချက်များသည် နောက်ပိုင်းတွင် ဆွေးနွေးရန်၊ မှတ်တမ်းတင်ရန် အရေးပါလာပါလိမ့်မည်။**
- **ကျေးရွာတွင်း သွားရောက်လေ့လာပြီး ပြန်လာသောအခါ စာရွက်ကြီးတစ်ခုပေါ်၌ ကျေးရွာဖြတ်ပိုင်းပုံကို စတင် ရေးဆွဲပါ။ လေ့လာရာတွင် ပါဝင်သူခဲ့များကို ဦးဆောင်ပါစေ။ ပုံဆွဲ နေစဉ်၌ သင့်မှတ်စုနှင့် အခြားသူများ၏ မှတ်စုများကိုလည်း အသုံးပြုပါ။**
- **ဆွဲထားသော ဖြတ်ပိုင်းပုံကိုပြပြီး အခြားသူများ၏ အမြင်ကို မေးမြန်းပါ။ မသေချာ၊ မရှင်းလင်းသည့် အချက်များကို သေချာအောင်၊ ရှင်းလင်းအောင် မေးပါ။ အခြားနည်းလမ်းများကို သုံးပြီး ရထားသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး သုံးဖက်မြင် အမြင်ဖြင့် ကြည့်ပါ။**
- **၎င်းတို့ တက်တက်ကြွကြွနှင့် အချိန်ပေး ပါဝင်ခြင်းကို ကျေးဇူးတင်ကြောင်း ပြောပြပါ။**


**အဆင့် ၃။ ။ စူးစမ်းလေ့လာဖြတ်လျှောက်ခြင်းများမှ ရလာသော ရလဒ်များနှင့် လက်ရှိတွင် အသုံးပြုသည့် အခြေအနေများ၊ ပြဿနာများ၊ အလားအလာရှိမှုများနှင့် ဖြေရှင်းချက်များကို မှတ်တမ်း တင်ထားပါ။**

## အကျိုးပြုပုံ

- **ဤလေ့ကျင့်ခန်းသည် ပါဝင်သော ရွာသူ/သားများနှင့် ပိုမိုရင်းနှီးမှု ရလွယ်သည်။ နေရာတစ်ခု၏ ဖြတ်ပိုင်းမှု အနေအထားကို ပေါ်လွင်စေသည်။ ယခင်နည်းများကို သုံးပြီး ရယူထားခဲ့သော အချက်အလက်များကို ပြန်လည် စစ်ဆေးနိုင်သည်။**
- **အတူတူ လမ်းလျှောက်သောအခါ ဒေသခံများက နယ်မြေကျွမ်းကျင်သူများအဖြစ် ဦးဆောင်ရသဖြင့် ၎င်းတို့အနေဖြင့် မိမိတို့ကိုယ်ကို ယုံကြည်မှုပိုလာစေသည်။**

## အဟန့်အတား

- **ပုံထွက်လာမှုကိုသာ အဓိကထားနေသည့်အတွက် အရေးကြီးသော ဆွေးနွေးချက် အကြောင်းအရာများ မေ့ကျန်သွားနိုင်ပါသည်။**



ပုံ-၅ ။ ကျေးရွာသို့ စူးစမ်းလေ့လာဖြတ်လျှောက်ခြင်း (**Transect Walk**)

# ကြွယ်ဝချမ်းသာမှု အဆင့်သတ်မှတ်ခြင်း၊ဇယားသုံး၍ အမှတ်ပေးနည်း နှင့် အဆင့်သတ်မှတ်နည်း (Wealth Ranking, Matrix Scoring and Ranking)

ရည်ရွယ်ချက်

**သင်ယူသူများအား အဆင့်သတ်မှတ်သော၊ အမှတ်ပေးသော ကိရိယာများကိုသိရှိနားလည်စေရန်နှင့် လေ့လာသင်ယူနိုင်စေရန် ရည်ရွယ်ပါသည် ။**

အချိန်

**မိနစ် ၉၀**

အထောက်အကူပြုပစ္စည်းများ

**စာရွက်လွတ်များ ၊ စာရွက်ကြီးများ၊ စက္ကူတိပ်၊ ရောင်စုံမင်ချောင်းများ ၊ ရောင်စုံမြေဖြူခဲများ။**

ဖြစ်စဉ်ပံ့ပိုးကူညီသူ အနေဖြင့် သတိပြုရန် အချက်များ

- **ပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် ကြွယ်ဝချမ်းသာမှုအဆင့် သတ်မှတ်ခြင်း၊ ဇယားနှင့် အမှတ်ပေးခြင်း၊ အဆင့်သတ်မှတ်ခြင်းများအကြောင်းနှင့် အဆင့်သတ်မှတ်ခြင်းကိရိယာ (Tanking Tool) များ၏ လိုက်နာရမည့် အချက်များကို ရှင်းပြပြောဆိုရန်။**
- **ကိရိယာတစ်ခုချင်းစီ၏ ရည်ရွယ်ချက်များကို ရှင်းပြပြောဆိုရန်။**
- **ကိရိယာတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များအကြောင်းကို ရှင်းပြရန်။**

# ကြွယ်ဝချမ်းသာမှုအဆင့်သတ်မှတ်ခြင်း
# (Wealth Ranking)

ဝင်ငွေနှင့် အခြားမြင်သာသော ပိုင်ဆိုင်မှုစံနှုန်းများပေါ်တွင် အခြေခံလျက် မိသားစုများ၏ လူမှုစီးပွားရေး အခြေအနေကို အဆင့်ခွဲကြည့်ရာတွင် ဤနည်းလမ်းကို သုံးပါသည်။ လူမှုစီးပွားရေးကွာခြားမှုကို ဒေသခံများ မည်သို့ သဘောပေါက်သည်ကို ပိုမိုနားလည်ခွင့်ရပါသည်။ ဤအဆင့်ခွဲမှုသည် ဝင်ငွေနှင့် ရုပ်ဝတ္ထု ပစ္စည်းများပိုင်ဆိုင်မှုပေါ်တွင် အခြေခံထားပါသည်။ ဤနည်းလမ်းသည် လူတို့၏ ကြွယ်ဝချမ်းသာမှုကိုလည်းကောင်း သို့မဟုတ် သာယာဝပြောမှုကို လည်းကောင်း တိုင်းတာသောနည်းလမ်း ဖြစ်ပါသည်။

## အသုံးပြုပုံ

- ကျေးရွာအတွင်းရှိ ကြွယ်ဝမှု စံသတ်မှတ်ချက်များနှင့် လူတန်းစားအလွှာများ ကွဲပြားခြားနားရခြင်း၏ အကြောင်းအရင်းများကို ဖော်ထုတ်သတ်မှတ်ရန်။
- အိမ်ထောင်စု (သို့) အုပ်စုများ၏ ဝင်ငွေ၊ ဉစ္စာဓန ကြွယ်ဝမှု၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများကို သတ်မှတ်ခွဲခြား ဖော်ပြရန်။
- လူထု၏ အသက်မွေးဝမ်းကြောင်း၊ အားနည်းမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများ စသည်တို့ကို ရှာဖွေဖော်ထုတ်ရန်။
- စီမံကိန်းအစီအစဉ်အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်မှုများ ဆောင်ရွက်သည့်အခါ အခြေခံအချက်အလက်များ သတ်မှတ်ရန်။

## အသုံးပြုနိုင်သည့်အချိန်များ

- ဦးတည်အုပ်စု များကို အထောက်အပံ့ပေးချိန်။
- ဖြစ်နိုင်ချေရှိသော အရင်းအမြစ်များအပေါ်တွင် အခြေခံပြီး ကွဲပြားခြားနားသော ကြွယ်ဝချမ်းသာသည့် အဆင့်အတန်းများအတွက် သင့်တော်သော ဒီဇိုင်းများရေးဆွဲသည့် အချိန်။
- တိုးတက်ပြောင်းလဲခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုသည့် လှုပ်ရှားမှုများတွင် လေ့လာ ကြည့်ရှုသည့် အချိန်။

## လုပ်ငန်းစဉ်များ

- ဤကြွယ်ဝချမ်းသာမှုအဆင့်သတ်မှတ်ခြင်းကို နည်းလမ်း အမျိုးမျိုးဖြင့် သတ်မှတ်နိုင်ပါသည်။ (ဥပမာ – ကတ်များ စီခြင်း၊ လူမှုရေး အခြေအနေပြ မြေပုံရေးဆွဲခြင်း)

## ကတ်များစီခြင်း

- မိမိပြုလုပ်မည့် ဒေသရှိ အိမ်ထောင်စုများကို စာရင်းပြုစုထားပါ။
- ကတ်ပြားတစ်ခုပေါ်တွင် အိမ်ထောင်ဦးစီးတစ်ယောက်၏ အမည်ကို ရေးပါ။ အိမ်ထောင်စုတစ်ခုကို ကတ်ပြား တစ်ကတ်ကိုအသုံးပြုပြီး ရေးပါစေ။
- ပါဝင်သူများအား လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

- ထိုအိမ်ထောင်ဦးစီးများအား စီးပွားရေးအခြေအနေအရ အဆင့် အုပ်စုခွဲပေးပါရန် ပါဝင်သူများအား တိုက်တွန်းပါ။
- ပါဝင်သူများကိုယ်တိုင် အဆင့်ခွဲခြားခြင်းကို ၎င်းတို့ စိတ်ကြိုက်ခွဲပါစေ။
- အိမ်ထောင်စု ၃၀-၄၀ ရှိသော ရွာငယ်များအတွက် အိမ်ထောင်စုများကို ဥစ္စာဓနကြွယ်ဝမှု အမြင့်ဆုံးမှ အနိမ့်ဆုံးသို့ စီခိုင်းပါ။
- ထိုစီစဉ်ထားသော အစီအစဉ်ကို အဘယ့်ကြောင့် ထိုသို့ စီရသနည်းဟု မေးမြန်းပါ။ ပါဝင်သူများအနေဖြင့် မည်သည့်စံများကို အခြေပြုပြီး စီထားသည်ကို ပံ့ပိုးကူညီသူက သိလာပါလိမ့်မည်။
- အိမ်ခြေများသော ရွာကြီးများအတွက်မူ အထက်ပါနည်းဖြင့် ခွဲခြားရန် ခက်ခဲပါလိမ့်မည်။ ရွာသားများကို ၎င်းတို့ကိုယ်တိုင် အဆင့်အတန်း သတ်မှတ်ခိုင်းပါ။ ပါဝင်သူများအချင်းချင်း ဆွေးနွေးတိုင်ပင်ပြီး ခွဲထားသော အဆင့်အတန်းများနှင့် မည်သို့သောလူများ ထိုရွာ၌ နေထိုင်လျှက် ရှိနေကြသည်ကို လေ့လာပါ။ ၎င်းတို့ကိုယ်တိုင် မသတ်မှတ်နိုင်ပါက သတ်မှတ်နိုင်စေရန် အားပေးပါ။

## အကျိုးကျေးဇူး

- ရွာလူထုကိုယ်တိုင် ဥစ္စာဓနကြွယ်ဝမှုကို တိုင်းတာသော သတ်မှတ်ချက်စံညွှန်းများကို သိနိုင်ပါသည်။
- ဒေသခံလူထု၏ လူမှုရေး၊ စီးပွားရေးအမြင်များကို သိရှိနိုင်သည်။
- စီမံချက်အတွက် အဓိက ဦးတည်အုပ်စုကို သိနိုင်သည်။

## ကန့်သတ်ချက်များ

- ကတ်များကို အဓိကသုံးသောကြောင့် စာမတတ်သူများအတွက် အခက်အခဲရှိနိုင်ပါသည်။ ချမ်းသာမှု၊ ဝင်ငွေနှင့် ပိုင်ဆိုင်မှုများကို ပွင့်ပွင့်လင်းလင်း ပြောဆိုရန်အတွက်လည်း အခက်အခဲရှိနိုင်ပါသည်။

# ဇယားသုံး၍ အဆင့်သတ်မှတ်နည်း၊ အမှတ်ပေးနည်း (Matrix Scoring, Ranking Method)

PRA ဆောင်ရွက်ရာတွင် ဇယားသုံး၍ အဆင့် သတ်မှတ်ခြင်းနည်းသည် ထင်ရှားသည့် နည်းလမ်း တစ်ခု ဖြစ်သည်။ အချက်အလက် မြောက်များစွာကို ဆန်းစစ်ရန်၊ ပုံဖော်ရန် နှင့် တင်ပြရန် အသုံးပြုလေ့ရှိကြသည်။ အချက်အလက် အမျိုးမျိုးကို စံမျိုးစုံအသုံးပြု၍ နှိုင်းယှဉ်ကြည့်နိုင်ပြီး ရှင်းလင်းလွယ်ကူသော နည်းလမ်းဖြစ်သည်။ သတ်မှတ်ထားသော အင်္ဂါရပ်များ(သို့) စံများကို အခြေခံပြီး အကြောင်းအရာများကို နှိုင်းယှဉ်ချိန်ထိုး နားလည်စေနိုင်ပြီး မည်သည်ကို ရွေးချယ်ရမည်ကိုလည်း သိစေနိုင်ပါသည်။ ဤနည်းလမ်းကြောင့် ပါဝင်သူရော ပံ့ပိုးကူညီသူပါ ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်ကိုလည်း သဘောပေါက်စေနိုင်ပါသည်။

## အသုံးပြုပုံ

- လုပ်ငန်းများကို အိမ်ထောင်စုများ၏ နှစ်သက်၍ သင့်တော်သောလုပ်ငန်းများကို သတ်မှတ်ရာတွင်၊
- ပြဿနာနှင့် အခွင့်အလမ်းတို့၏ ကွဲပြားခြားနားသော ကိစ္စရပ်များ၊ အမျိုးမျိုးသော လုပ်ငန်းများအကြောင်းကို သတ်မှတ်ရာတွင်၊
- အိမ်ထောင်စုများ၏ ဦးစားပေးရွေးချယ်မှုနှင့် ယင်းကဲ့သို့ ဦးစားပေးရွေးချယ်ရခြင်းနှင့် ပတ်သက်ပြီး အကြောင်းပြ ချက်များကို သတ်မှတ်ရာတွင်အသုံးပြုသည်။

## အသုံးပြုသည့် အချိန်များ

- အိမ်ထောင်စုများ၏ ကြိုက်နှစ်သက်သော လုပ်ငန်းများ၊ အမျိုးမျိုးသော ကိစ္စရပ်များကို သတ်မှတ်ခြင်းနှင့် လုပ်ငန်းများ၏ အစီအစဉ်များကို ရေးဆွဲသတ်မှတ်သည့် အချိန်။
  - ကောက်ပဲသီးနှံစိုက်ပျိုးခြင်း
  - ခြံမွေးတိရစ္ဆာန် မွေးမြူခြင်း
  - လူမှုရေး သို့မဟုတ် ပြည်သူလူထု၏ လုပ်ငန်းများ
- ဒေသခံလူထုများအတွက် အရေးကြီးသော ပြဿနာများနှင့် အကြောင်းပြချက်များကို လေ့လာခြင်း။

## လုပ်ငန်းစဉ်

(၁) သတ်မှတ်ချက်စံများ အသုံးပြုပြီး ဆုံးဖြတ်ချက်ချပုံကို အသေးစိတ် နားလည်သဘောပေါက်လိုသည့် ခေါင်းစဉ် (သို့) အကြောင်းအရာကို ရွေးချယ်သတ်မှတ်ပါ။

(၂) ဇယားသုံး၍ လုပ်ကိုင်ဆောင်ရွက်လိုသူ တစ်ဦးချင်း (သို့) အုပ်စုကိုလည်း ရွေးချယ်သတ်မှတ်ပါ။

(၃) ပါဝင်ရမည့်သူများကို လေ့ကျင့်ခန်း ဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ပါ။ ဆောင်ရွက်ရမည့် လုပ်ငန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းနားလည်အောင် ပြောပြပါ။

(၄) အကြောင်းအရာကို ခေါင်းစဉ်မှ စတင်၍ ဆွေးနွေးပါ။ ရွေးချယ်ရန် နည်းလမ်းများကိုလည်း စာရင်းရေးချ ပြုစုပါ။ ဆွေးနွေးရာမှ ထွက်ပေါ်လာသည့် ရွေးချယ်ရန် နည်းလမ်းအကြောင်းအရာများကိုလည်း ချရေးပါ။

(၅) နောက်အဆင့်မှာ စံသတ်မှတ်ရန် ဖြစ်သည်။ အလွယ်ကူဆုံးနည်းမှ ပေါ်ထွက်လာသည့် ရွေးချယ်ရန် ၎င်းနည်းလမ်းများကို အစုံလိုက်(၂စုံစီ) ပြုစု၍ နှိုင်းယှဉ်ပြီး မည်သည်ကို အဘယ်ကြောင့် ပိုနှစ်သက်သည်ကို သိရှိစေသည့် နည်းလမ်းပင် ဖြစ်ပါသည်။ ဘာကြောင့် ရွေးရသည်ဆိုသည်မှာ စံများပင် ဖြစ်ပါသည်။

စံသတ်မှတ်ချက် အများအပြား ပေါ်ထွက်လာပါက ပါဝင်သူများနှင့် ဆွေးနွေးပြီး အရေးပါသော စံအချို့ကို ရွေးချယ်သတ်မှတ်ရန် ဖြစ်ပါသည်။

(၆) စံများအားလုံးသည် အပြုသဘော (အပေါင်းလက္ခဏာ) ဆောင်ပြီး တိကျမှုလည်း ရှိရန် အရေးကြီး ပါသည်။ အပြုသဘောစံနှင့် ဆန့်ကျင်ဘက်စံများ(အနှုတ်သဘော) နှစ်မျိုးလုံးကိုပါ အသုံးပြုပါက လူများ ရှုပ်ထွေး သွားနိုင်ပါသည်။

(၇) ဇယားတစ်ခု ရေးဆွဲပြီးရွေးချယ်ရန် နည်းလမ်းများ၊ အကြောင်းအရာများကို ဒေါင်လိုက်ရေးသား ဖော်ပြ၍ စံများကို အလျားလိုက်ဖော်ပြပါ။ ၎င်းတို့ကို နေရာပြောင်း၍လည်း ဖော်ပြနိုင်ပါသည်။ သို့သော် အထူး သတိပြုရမည်မှာ နှိုင်းယှဉ်မှုသည် စံများကိုအခြေခံ၍ နှိုင်းယှဉ်ခြင်းဖြစ်ပြီး ရွေးချယ်ရန်များကို အခြေခံခြင်း မဟုတ်ပါ။ ဆိုလိုသည်မှာ စံတစ်ခုကိုရွေးချယ်ပြီး အကြောင်းအရာ အားလုံးကို ရွေးချယ်ရန် အဆင့်သတ်မှတ် အမှတ်ပေးခြင်း ဖြစ်သည်။ စံတစ်ခုကို သုံးပြီးပါက နောက်တစ်ခုကို ဆက်၍သုံးပြီး အဆင့်သတ်မှတ် အမှတ်ပေး ရပါမည်။

(၈) အဆင့်သတ်မှတ်ခြင်း၊ အမှတ်ပေးခြင်းကို လိုက်၍ အဆင့်များ ကွဲပြားနိုင်ပါသည်။

## အမှတ်ပေးပုံ

(၁) အဆင့်သတ်မှတ်ခြင်းအစား အမှတ်လည်းပေးနိုင်ပါသည်။ ၁ မှတ်မှ ၁၀ မှတ် ရှိသော ပုံသေ အမှတ်ပေး ပုံစနစ် ကျင့်သုံးနိုင်ပါသည်။ အကြောင်းအရာ တစ်ခုချင်းအတွက် အမှတ်ပေးရန် စံတစ်ခုကို ရွေးချယ်ပြီး ပါဝင်သူများကို အမှတ်ပေးစေပါ။ သက်ဆိုင်ရာ အကွက်များတွင် ရမှတ်များကို မှတ်သားထားပါ။ အထူးသဖြင့် ပြုပြင်လွယ်သည့် သစ်စေ့များ၊ ခဲလုံးများ စသဖြင့် သုံးပြီး လုပ်နိုင်ပါသည်။

(၂) စံတစ်ခုကိုသုံးပြီး အကြောင်းအရာအားလုံးကို အမှတ်ပေးပြီးပါက နောက်စံတစ်ခုကိုရွေးပြီး အထက်ပါအတိုင်း အမှတ်ပေးပါ။ စံအားလုံးကုန်သည်အထိ ဆောင်ရွက်ပါ။

(၃) စံတစ်ခုနှင့်ပတ်သက်ပြီး အမှတ်ပေးရာတွင် ပါဝင်သူများအချင်းချင်း ဆွေးနွေးသည်ကို အထူးဂရုပြု နားထောင်ပြီး မှတ်သားပါ။ ဤအချက်များသည်များစွာ အသုံးဝင်မည့် အချက်အလက်များ ဖြစ်လာပါလိမ့်မည်။

(၄) ဇယားကို ပါဝင်သူများမှ ရှင်းပြခိုင်းပါ။ ၎င်းတို့ တွေ့ရှိချက်များကိုလည်း မှတ်သားထားရန် ပြောပါ။ ၎င်းတို့ ပြန်ပြောနိုင်ရန် အချိန်အလုံအလောက်ပေးပါ။ ရည်ရွယ်ချက်များကိုလိုက်၍ ၎င်းတို့ တွေးတော ဆင်ခြင်နိုင်ရန် အဓိက မေးခွန်းများလည်း မေးမြန်းပါ။

(၅) ဇယားကို သုံးပြီး တွေ့ဆုံမေးမြန်းမှုကြောင့် ပို၍ ရှင်းလင်းထင်ရှားစေနိုင်ပါသည်။ မရှင်းလင်းသည်များ ရှိလျှင်လည်း မေးခွန်းများ မေးမြန်းခြင်းဖြင့် ရှင်းလင်းစေနိုင်ပါသည်။

(၆) အဆိုပါဇယားကို စာရွက်ပေါ်တွင် အသေးစိတ် ကူးရေးပါ။

(၇) ၎င်းတို့ ပါဝင်ဆောင်ရွက်မှုကို ကျေးဇူးတင်ကြောင်း ပြောပါ။

# ရာသီခွင်ပြ ပြက္ခဒိန် နှင့် အသက်မွေးလုပ်ငန်းကို ဆန်းစစ်ခြင်း ပြက္ခဒိန်
# (Seasonal Diagram, Livelihood Calendar)

## ရည်ရွယ်ချက်

**သင်ယူသူများအား ရာသီခွင်ပြ ပြက္ခဒိန်များကို အခြေခံကာ အသုံးပြုသည့် ကိရိယာများကို သိရှိစေရန် ရည်ရွယ်ပါသည်။**

## အချိန်

**မိနစ် ၉၀**

## အထောက်အကူပြုပစ္စည်းများ

**စာရွက်များ၊ စာရွက်ကြီး၊ စက္ကူတိပ်များ၊ ရောင်စုံမင်ချောင်းများ။**

## လုပ်ငန်းစဉ်များ

- **သင်ယူသူများအား အဖွဲ့ ၂ ဖွဲ့ ခွဲစေပါ။ (ဝန်ထမ်းများနှင့် ကျေးရွာရှိသူများ)**
- **ရာသီအလိုက် ပြုလုပ်လေ့ရှိသည့် ပွဲလမ်းသဘင်များ၊ လုပ်ငန်းများနှင့် ဆက်စပ်ပြီး ပြုလုပ်လေ့ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများ စသည်တို့ကို မှတ်သားစေရမည်။**
- **လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်များ ချမှတ်သည့်အခါ အိမ်ထောင်စုများနှင့် သင့်တော်သော အချိန်၊ ရာသီများကို သတ်မှတ်ရမည်။**
- **ပံ့ပိုးကူညီသူက အသေးစိတ် မှတ်သားရမည်။**

## ဖြစ်စဉ်ပံ့ပိုးကူညီသူ အနေဖြင့် သတိပြုရန် အချက်များ

- **ပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် ရာသီခွင်ပြ ပြက္ခဒိန်နှင့် အသက်မွေးဝမ်းကျောင်း ဆန်းစစ်ခြင်း ပြက္ခဒိန်တို့၏ အရေးကြီးသော အချက်များကို ပြောဆို သတိပေးရန်။**
- **ကိရိယာတစ်ခုချင်းစီအတွက် ထားရှိသော ရည်ရွယ်ချက်များကို ပြောဆိုရန်။**
- **ကိရိယာတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များ အကြောင်းကို ရှင်းပြရန်။**

# ရာသီခွင်ပြပုံ (Seasonal Diagram)

ရာသီခွင်ပြပုံကို ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Diagram ) ၊ရာသီခွင် လုပ်ငန်းပြပုံ (Seasonal Activity Pofile) ၊ ရာသီခွင်ဆန်းစစ်မှုပြပုံ (Seasonal Analysis) များ စသဖြင့် ခေါ်ဆိုကြသည်။ ရာသီခွင်ပြပုံသည် PRA နည်းလမ်းများ၌ အသုံးများပါသည်။ ဤနည်းလမ်းကို လအလိုက်၊ နှစ်အလိုက် စသည့် အချိန် ဆန်းစစ်မှုများကို ပြုလုပ်သောအခါ အသုံးပြုသည်။ ယင်းပုံသည် ရွာလူထု၏ အချိန်အလိုက်၊ ရာသီအလိုက် ပြောင်းလဲမှုများကို ဖော်ပြခြင်းဖြစ်ပါသည်။ စာရင်းဇယား အတိအကျ မဖော်ပြသော်လည်း အခြား ကောက်ယူထားသော ကွင်းဆင်း လေ့လာထားသည့် သတင်းအချက်အလက်များနှင့် ပေါင်းစပ်နိုင်ပါသည်။ ယင်းပုံမှ တဆင့် ရွာလူထု၏ လုပ်ငန်းအမျိုးမျိုး၊ လှုပ်ရှားဆောင်ရွက်မှု အမျိုးမျိုးကို သိရှိနိုင်သကဲ့သို့ ထိုမှတဆင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ သုံးစွဲမှုများကို ပိုပြီး လေ့လာနိုင်ပါသည်။

## အသုံးပြုပုံ

- အလုပ်များသော အချိန်၊ လူမှုရေးများ လုပ်ဆောင်သောအချိန်၊ အကြွေးများသောအချိန်၊ ရောဂါထူသောအချိန်၊ အစားအစာ ရှားပါးသောအချိန်၊ အလုပ်သမားရရှိနိုင်သောအချိန် စသည်တို့ကို သတ်မှတ်နိုင်ရန်။
- ဘယ်အချိန်မှာ ဘယ်လိုလုပ်ငန်းတွေ လုပ်နိုင်မလဲဆိုသည့် စီမံကိန်းများ ရေးဆွဲသည့်အခါ အသုံးပြုရန်။
- မိမိတို့ ပြုလုပ်မည့် စီမံချက် ဘယ်အချိန်မှာ ဝင်ရောက်လုပ်ကိုင်ရမည် ဆိုသည်ကို သိရန်။
- ရာသီအလိုက် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်မှုများကို သိရှိရန်။
- ရွာလူထု၏ တစ်ဦးနှင့် တစ်ဦး ဆက်နွယ်မှုများကို သိရှိရန်။

## လုပ်ငန်းစဉ်

(၁) လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

(၂) ယခုရောက်ရှိနေသော ရာသီနှင့် ယင်းရာသီ၌ လုပ်ကိုင်နေရသော အလုပ်များ စပြီး ဆွေးနွေးပါ။ ယခု ရောက်နေသည့် လနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆက်ပြီး ဆွေးနွေးပါ။ နာမည်များကို စာလုံး အမည်းနှင့် ကတ်ပေါ်မှာရေးပါ။

(၃) လတိုင်းရှိ တူညီသည်များကို သတ်မှတ်ခိုင်းပါ။ တစ်လပြီး တစ်လသတ်မှတ်ပါ။ သင်္ကေတ (သို့မဟုတ်) ပုံဆွဲပြီး ဖော်ပြခိုင်းပါ။ သူတို့ဘာသာသူတို့ လုပ်ခိုင်းပါ။ ပျော်စရာလည်း ကောင်းသလို သူတို့အားလုံးလည်း ပိုပြီး ပါဝင်လာနိုင်ပါလိမ့်မည်။ စာမတတ်သောသူများ အတွက်လည်း အဓိပ္ပါယ် ရှိလာလိမ့်မည်။

(၄) ကြမ်းပြင်ပေါ်တွင် ဇယားကွက်ဆွဲပါ။ ဇယား၌ ကော်လံ ၁၃ ခုပါပြီး အတန်းကတော့ မိမိတို့ လေ့လာ ချင်သလောက် ထည့်နိုင်ပါသည်။ ပထမဆုံး အတန်း၌ ကတ်များနှင့် လများ၏ နာမည်ကို သင်္ကေတ (သို့) မြင်သာအောင် ရေးပါ။

(၅) ပထမဆုံး ဒေါင်လိုက်အကွက်များတွင် ရာသီအလိုက် မိမိစိတ်ဝင်စားသော အကြောင်းအရာများကို ဆွဲပါစေ။ ပြီးနောက် ပါဝင်ဆွေးနွေးသူများကို ယခုလက်ရှိ ၎င်းတို့ အလုပ်လုပ်နေကိုင်နေသော လုပ်ငန်းနှင့် လ ကို မေးပါ။ ယင်းအလုပ်များ၏ အရေးပါသော ပမာဏကို ပဲစေ့၊ တုတ်ချောင်းများနှင့် သရုပ်ဖော်ခိုင်းပါ။ ဥပမာ – အလုပ်သမား ရနိုင်သော လများကို မေးမြန်းပြီး ပဲစေ့များနှင့် ရက်ဘယ်လောက်ဆိုသည်ကို ဖော်ပြနိုင်ပါသည်။ တုတ်ချောင်းများနှင့် ယခုကာလအတွင်း မိုးရွာသော ရက်များ၊ မိုးရေချိန် ပမာဏများကို ဖော်ပြနိုင်ပါသည်။ အကြောင်းအရာတစ်ခုပြီးဆုံးသွားမှသာ နောက်အကြောင်းအရာတစ်ခုကို စတင်ပါ။

(၆) ပါဝင်ဆွေးနွေးသူများကို အခြားဆွေးနွေးစရာများ ဆက်လက်၍ ဆွေးနွေးချင်သလား။ သို့မဟုတ် ယခု

ဆွေးနွေးပြီးသားများကို ထပ်မံပြုပြင်စရာများ ရှိသေးလားမေးမြန်းပါ။ "ပုံကို ပြင်စရာရှိပါသလား၊ ထပ်မံထည့်ချင်သည်များ ရှိသေးပါသလား" မေးမြန်းပါ။

(၇) ပုံ၌ ဖော်ပြထားသည်များကို မေးပါ။ မရှင်းလင်းသည်များကို သေချာအောင်မေးပါ။

(၈) ဆွေးနွေးမှုကို ပံ့ပိုးပေးပါ။ ပါဝင်ဆွေးနွေးသူများကြား ဆန်းစစ်မှုများကို ကူညီပံ့ပိုးပေးပါ။ ဆွေးနွေးသည့်အခါ အောက်ပါအချက်အလက်များ ပါဝင်ပါစေ။

- အဓိက တွေ့ရှိချက်များ၊ လေ့လာချက်များ
- တွေ့ရှိချက်များနှင့် ပတ်သက်ပြီး အကြံပြုချက်များ
- အကြံပေးချက်များနှင့် လုပ်ဆောင်ရန် အချက်များ

(၉) ဆွေးနွေးလိုသည့် အကြောင်းအရာများကို ဆွေးနွေးနိုင်စေရန် အစကတည်းက ပါဝင်ဆွေးနွေးသူများကို လမ်းကြောင်းထိန်းပေးပါ။

(၁၀) ပုံကို စာရွက်ပေါ်၌ ကူးဆွဲပါ။ အညွှန်း၊ ပါဝင်ဆွေးနွေးသူ၊ ပံ့ပိုးကူညီသူ၊ နေရာ၊ အချိန်၊ နေ့ရက်များရေးပါ။

(၁၁) ပါဝင်သူများကို အချိန်ပေးပြီး တက်တက်ကြွကြွ ဆွေးနွေးပါဝင်ကြသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။

(၁၂) အခြားသတင်းပေးနိုင်သောသူများကို ရာသီခွင်ပြပုံကိုပြပြီး သတင်းအချက်အလက်များ မှန်၊ မမှန် သေချာအောင် ဆွေးနွေးပါ။

ရာသီခွင်ပြပုံသည် ရာသီများအတွင်း အပြောင်းအလဲများကို ဖော်ပြရန်နှင့် ဆန်းစစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ "ဘာကြောင့် ခုလို ဆွဲတာလဲ" "ဒီပုံနဲ့ ပတ်သက်ပြီး ပြောပြနိုင်မလား" စသည့် မေးခွန်းမျိုးမေးပြီး ရှင်းရှင်း လင်းလင်း သိအောင်လုပ်ပါ။

ရွာလူထုမှာ အချိန်နှင့် ပတ်သက်ပြီး ၎င်းတို့ဘာသာ သတ်မှတ်ထားသည့် စနစ်များနှင့် စံညွှန်း (ယူနစ်)များ ရှိကြပါသည်။ ဒေသတစ်ခုနှင့်တစ်ခု မတူညီနိုင်ပါ။ ထို့ကြောင့် ကူညီပံ့ပိုးသူအနေဖြင့် ဒေသခံများ၏ စနစ်နှင့် ယူနစ်များကို ပထမဆုံး နားလည်အောင် ကြိုးစားရပါမည်။ အောက်ပါ မေးခွန်းများမေးပေးနိုင်ပါသည်။

အခု ဘာလလဲ? ဘာရာသီလဲ? တစ်ခြားလတွေ၊ ရာသီတွေက ဘာတွေလဲ?

ရာသီ အစီအစဉ်အလိုက်က ဘယ်လိုလဲ? ရာသီများ၏ အဓိက လုပ်ငန်းများ၊ လှုပ်ရှားမှုများက ဘာတွေလဲ? မည်သည့်လက စတင်ပြီး ဆွေးနွေးကြမလဲဆိုသည်ကို ရွာကလူများ၏ သဘောထားအတိုင်း စတင်ပါ။ အများအားဖြင့် စိုက်ပျိုးရေးရာသီ၏ ပထမလကို စတင်လေ့ရှိကြပါသည်။ မြေကြီးပေါ်၌ မြေဖြူ၊ ပဲစေ့၊ တုတ်ချောင်းများနှင့် ရာသီပြပုံဆွဲခြင်းသည် နေရာကျယ်ဝန်းပြီး အပြောင်းအလဲလုပ်ရန် လွယ်ကူပါသည်။ စတုရန်းပုံ၊ ထောင့်မှန်ပုံရနိုင်သော တိုင်များပါသည့် ကြမ်းပြင်ပေါ်၌လည်း ဇယားကွက်ဆွဲရပိုမို ပိုလွယ်ကူပါသည်။

**၁၀.၁.၂၀၁၃**

## ကံကြီးကုန်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

| လများ / အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝမ်းပျက်ဝမ်းလျှော | ⊖⊖⊖⊖⊖ | ⊖⊖⊖ | ⊖⊖ | | | | | | | | | |
| တုပ်ကွေး | | | | ⬬⬬⬬⬬ | ⬬⬬ | ⬬ | | | | | | |
| စပါးစိုက် | | | | | | | | ☺☺☺ | ☺☺ | ☺ | | |
| မြေပဲစိုက် | ●●● | ●● | | | | | | | | | ●●●●● | |
| ဖရဲစိုက် | ▓ | ▓ | | | | | | | | | | |

**ရေးဆွဲသူအမည်=ကံကြီးကုန်းကျေးရွာသူရွာသားများ**

ပုံ-၆ ။ ရာသီခွင်ပြပုံ (**Seasonal Diagram**)

# ဗင်ပုံစံ (Venn diagram)

အသုံးများသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ရွာ၌ရှိသော အဖွဲ့အစည်းများ၏ တစ်ဖွဲ့နှင့် တစ်ဖွဲ့ဆက်နွယ်မှု၊ လူတစ်ဦးချင်းစီ၏ ဆက်နွယ်မှု၊ အရေးပါသော ဆုံးဖြတ်ချက်ချမှုများကို ဖော်ပြသည့်အခါ အသုံးပြုပါသည်။ ဘိန်းမုန့်ပုံစံ အဝိုင်းများကိုအသုံးပြုပါသည်။ အဝိုင်းပုံစံ အမျိုးမျိုးသည် အဖွဲ့အစည်းနှင့် လူတစ်ဦးချင်းစီကို ကိုယ်စားပြုပါသည်။ အဝိုင်းပုံကြီးမှုသည် ဩဇာအာဏာ ပိုမိုသက်ရောက်မှုရှိသည်ကို ပြပါသည်။ အဝိုင်းများကြား အကွာအဝေးများသည် ဩဇာသက်ရောက်မှု အတိုင်းအတာကို ဖော်ဆောင်ပြပါသည်။ အဝိုင်းများတစ်ခုနှင့် တစ်ခုထပ်တူကျနေလျှင် တစ်ခုနှင့် တစ်ခု၏ ရောယှက်မှုကိုဖော်ပြပါသည်။

## အသုံးပြုမှု

ရွာ၌ရှိသော အဖွဲ့အစည်း၊ လူတစ်ဦးချင်းစီနှင့် စီမံကိန်းများကို လေ့လာရန်နှင့် နားလည်ရန် အတွက် အလွန် အသုံးဝင်ပါသည်။ ယင်းပုံစံကို–

- အဖွဲ့အစည်းများနှင့် လူတစ်ဦးချင်း၏ ရွာလူထုအပေါ် ဩဇာသက်ရောက်မှု
- ရွာမှာရှိသော အုပ်စုအမျိုးမျိုးနှင့် လူအမျိုးမျိုးတို့၏ ဒေသခံများအပေါ် ဩဇာလွှမ်းမိုးမှု
- ရပ်ရွာရှိ အဓိကလူသည် မည်သူဖြစ်သည်နှင့် ၎င်းတို့က လူများအပေါ် သိသာ၊ ထူးခြားသော ဩဇာလွှမ်းမိုးမှုများကို လေ့လာဆန်း စစ်သည့်အခါ အသုံးပြုကြပါသည်။
- ထို့ပြင် လုပ်ငန်းများ၊ စီမံကိန်းများ၏ အသုံးဝင်မှုနှင့် အရေးပါမှုများ ဆက်နွယ်နေပုံ၊ လူများ၏ ရောဂါများပေါ်သို့ ထင်မြင်ချက်များ၊ လူမှုဆက်ဆံရေးပုံစံအဆင့်ဆင့်များကိုလည်း သိရှိနိုင်ပါသည်။

## လုပ်ငန်းစဉ်

(၁) လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

(၂) အဖွဲ့အစည်းအမျိုးမျိုးနှင့် လူတစ်ဦးချင်းစီကို စာရင်းပြုစုခိုင်းပါ။

(၃) ကတ်အသေးပေါ်မှာ အားလုံးကို ဖော်ပြခိုင်းပါ။

(၄) ကတ်များကို ဆွေးနွေးမည့် အကြောင်းအရာအလိုက် အရေးပါမှုပေါ် မူတည်ပြီး အထက်မှအောက်သို့ အစီအစဉ် အတိုင်း နေရာချပါ။ ကတ်အားလုံးနေရာချပြီးပါက ထပ်ပြင်ချင်သလား ပြောင်းလဲချင်သလား စသဖြင့် မေးပါ။

(၅) အဖွဲ့အစည်းများနှင့် လူတစ်ဦးချင်းစီ၏ အရေးပါမှုအလိုက် အဝိုင်းများ ဆွဲခိုင်းပါ။ အဝိုင်းကြီးလေ အရေးပါမှု မြင့်မားလေ ဖြစ်ပါသည်။ အဝိုင်းများ၌ အဖွဲ့အစည်းနှင့် လူများ၏ နာမည်ကိုကပ်ပါ။ သို့မဟုတ် အဝိုင်းများ အတွင်း၌ ဖော်ပြခိုင်းပါ။

(၆) မြေပေါ်တွင် ရွာကို ကိုယ်စားပြုသော အဝိုင်းတစ်ခုဆွဲခိုင်းပါ။ အဝိုင်းကြီးများကို ကျေးရွာလူထုနှင့် နီးသော နေရာများ၌ ကြီးစဉ်ငယ်လိုက်ထားပါ။ အဝိုင်းအသေးဆုံးသည် ရွာနှင့် အဝေးဆုံးတွင် ရှိရပါမည်။

(၇) အဝိုင်းများ အားလုံးနေရာချပြီးလျှင် နေရာချထားမှုကို သဘောတူ၊ မတူမေးပါ။ ပြောင်းလဲလိုပါက ပြောင်းလဲရန် အားပေးပါ။

(၈) အချို့အဝိုင်းများသည် တစ်ခုနှင့်တစ်ခု ထပ်တူကျနေနိုင်ပါသည်။ တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုရှိသည်ကို ဖော်ပြပါသည်။ အဝိုင်းများများထပ်လေ များများဆက်နွယ်မှုများလေဖြစ်ပါသည်။

(၉) ဘာကြောင့် အဝိုင်းများကို ယခုလို နေရာချရသလဲမေးမြန်းပါ။ သူတို့၏ ဆွေးနွေးမှု၊ ရှင်းပြမှုများကို မှတ်သား ထားပါ။

(၁၀) စာရွက်ပေါ်မှာ ပြန်လည်ကူးယူပါ။ ရွာနာမည်၊ ပါဝင်သူများ၊ နေ့စွဲ၊ အညွှန်းကိုရေးပါ။ (အရွယ်အစားက ဘာကို ကိုယ်စားပြုလဲ၊ အကွာအဝေးက ဘာကိုပြောတာလဲ စသဖြင့် ဖော်ပြပါ။)

(၁၁) ရွာသားများ၏ တက်တက်ကြွကြွနှင့် အချိန်ပေးပြီး ပူးပေါင်း ပါဝင်ဆောင်ရွက်မှုအတွက် ကျေးဇူးတင်ကြောင်း ပြောပါ။

(၁၂) အခြား ဗဟုသုတရှိသောသူများနှင့် သုံးဖက်မြင် ဆွေးနွေးပါ။ သတင်းအချက်အလက် မှန်၊ မမှန် သေချာအောင်လုပ်ပါ။

ဗင်ပုံစံကို ကျောက်တုံးများနှင့်လည်း အသုံးပြုနိုင်ပါသည်။ ကျောက်တုံး အရွယ်အစား အမျိုးမျိုးကို သုံးနိုင်ပါသည်။ ဒေသထွက်ပစ္စည်းများကိုလည်း အသုံးပြုနိုင်ပါသည်။ (ဥပမာ – သစ်ရွက်၊ ပဲစေ့)


## အကျိုးကျေးဇူး

အဖွဲ့အစည်းများနှင့် လူတစ်ဦးချင်း၏ ဆက်သွယ်မှု၊ ဩဇာသက်ရောက်မှုများကို ပေါ်လွင်စေပါသည်။ ဒေသထွက်ပစ္စည်း၊ ပုံများ၊ သင်္ကေတများ သုံးသည့်အတွက် လူများ၏ စိတ်ဝင်စားမှုနှင့် ပါဝင်မှုပိုမိုရရှိစေပါသည်။ စာမတတ်သူများလည်း ပါဝင်ဆွေးနွေးနိုင်ပါသည်။ တိုးတက်မှုနှင့် ဆန်းသစ်မှုများကို ဖြစ်စေပါသည်။

ဗင်ပုံစံကို အခြေခံ၍ အခြားကျေးရွာ နှင့် သက်ဆိုင်သော ကိစ္စရပ်များကို လေ့လာနိုင်ပါသည်။ (ဥပမာ – ကျေးရွာတွင်း ကုန်စည်ရောင်းဝယ် ဖောက်ကားရေး)

## အဟန့်အတား

ဆွေးနွေးစရာ ကိစ္စများပါက ပိုမို ခက်ခဲနိုင်ပါသည်။ ပံ့ပိုးကူညီသူသည် ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။




ပုံ–၇။ ကံကြီးကုန်းကျေးရွာ၏ စက်ဝိုင်းပုံချိတ်ဆက်မှုပြဇယား (**Venn Diagram**)

# အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးခြင်း
# (Focused Group Discussion)

ဆွေးနွေးမည့်သူ ၆-၁၀ ယောက်အထိ ပါဝင်ပြီး ကူညီပံ့ပိုးသူ တစ်ယောက် ဦးဆောင်ဆွေးနွေးနိုင်သည့် ဆွေးနွေးပွဲမျိုးဖြစ်သည်။ မိမိတို့ဘက်မှ ကူညီပံ့ပိုးသူတစ်ယောက်၊ မှတ်တမ်းပြုစုသူတစ်ယောက်နှင့် လေ့လာစောင့်ကြည့်နေသူတစ်ယောက် ပါဝင်ရမည်။

## အသုံးပြုပုံ

ရပ်ရွာအတွင်းတွင် ဖြစ်ပျက်နေသော အကြောင်းအရာများ၊ ယခင်က ဖြစ်ပျက်ခဲ့သောအကြောင်းအရာများနှင့် သတိမပြုမိသော အကြောင်းအရာများကို သိရှိနိုင်စေရန် အသုံးပြုပါသည်။

## လုပ်ငန်းစဉ်

- မိမိတို့ အဖွဲ့အကြောင်းနှင့် လာရောက်ရသည့်အကြောင်းအရင်းကို မိတ်ဆက်ပါ။
- မိမိတို့ သိလိုသည့်အကြောင်းအရာများကို ဆွေးနွေးနိုင်မည့်သူများကို ရွာခံအချင်းချင်းရွေးပါစေ။
- ကူညီပံ့ပိုးသူက ဦးဆောင်ဆွေးနွေးပါ။
- အားလုံးပါဝင် ဆွေးနွေးစေရန် အားပေးပါ။
- ပံ့ပိုးသူမှ ဦးဆောင်ဆွေးနွေးနေစဉ် မှတ်တမ်းပြုစုသူမှ ဆွေးနွေးနေသည့် အကြောင်းအရာများကို မှတ်သားထားပါစေ။
- ရွာခံအချင်းချင်းကို လွတ်လပ်စွာပြောဆိုဆွေးနွေးပါစေ။
- အကယ်၍ ဆွေးနွေးပွဲ ဦးတည်ချက် လွဲသွားလျှင် ပံ့ပိုးသူမှ လမ်းကြောင်းပေါ်သို့ ပြန်လည်ဆွဲခေါ်ပါ။
- ဆွေးနွေးသူတို့၏ စိတ်ခံစားချက်များကိုပါ မှတ်တမ်းတင်ပါ။
- ၎င်း၏ ဆွေးနွေးချက်များကို အနှစ်ချုပ်ပါ။
- အခြားအကြံပြုချက်၊ ထင်မြင်ယူဆချက်များကို နားဆင်ပါ။
- ဆွေးနွေးပွဲပြီးသွားသည့်အခါ ကူညီပံ့ပိုးသူနှင့် မှတ်တမ်းတင်သူ အချင်းချင်း မိမိတို့ မှတ်သားထားချက်များကို ညှိနှိုင်းပြီး အဓိကတွေ့ရှိချက်များကို မှတ်တမ်းတင်ပါ။

## အကျိုးကျေးဇူး

ရပ်ရွာ၏ သတင်းအချက်အလက်များကို စုံလင်စွာ ရရှိနိုင်သည့်အပြင် အသက်အရွယ်ပေါင်းစုံ ကျင်လည်ရာ ပတ်ဝန်းကျင်ပေါင်းစုံမှ လူများပါဝင်သည့်အတွက် မတူညီသည့် ဘက်ပေါင်းစုံမှ သတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။ အားလုံးပူးပေါင်းပါဝင်သည့်အတွက် လူထုပူးပေါင်းပါဝင်နိုင်မှုကို ရရှိနိုင်ပါသည်။

အဟန့်အတားများ

**ဆွေးနွေးသည့်အချိန်တွင် အမြင်ကွဲပြားမှုများ သဘောထား မတိုက်ဆိုင်မှုများဖြစ်ပြီး အငြင်းပွားမှုများ ဖြစ်လာနိုင်သည့်အတွက် ပံ့ပိုးသူမှ ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။**



ပုံ–၈ ။ အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးခြင်း **(Focused group discussion)**

နောက်ဆက်တွဲ


## PLA နှင့် PRA သမိုင်းကြောင်းကစားနည်း

- ပါဝင်သူများအား (၃)ဖွဲ့ခွဲပါ။ တစ်ဖွဲ့ချင်းစီအား PLA , PRA, RRA ဟုသတ်မှတ်ပေးပါ။
- အခန်းနံရံ ၃ ဘက်တွင် PLA, PRA, RRA ဟု ရေးသားထားသော စာရွက်တစ်ခုစီ ကပ်ထားပါ။
- ထိုကပ်ထားသော နံရံပေါ်ရှိ စာရွက်များနှင့် အကွာအဝေးတူသော ကြမ်းပြင်တွင် စက်ဝိုင်းတစ်ခုဝိုင်းပြီး Participation စာရွက်ကို ကပ်ထားပါ။
- ပါဝင်သူ(၃) ဖွဲ့အား အခြားတစ်နေရာတွင် ရပ်နေပါစေ။
- ပံ့ပိုးကူညီသူမှ သမိုင်းကြောင်းတစ်ခုကို ဖတ်ပြရန်နှင့် ထိုသို့ဖတ်ရာတွင် မိမိတို့နှင့်ဆိုင်သော စကားလုံးပါဝင်ပါက ထိုစကားလုံးစာရွက် ကပ်ထားသည့် နံရံသို့ ပြေးပြီးစာရွက်ကပ်ထားသည့် နံရံအား လက်နှင့်ထိထားရန် ရှင်းပြပါ။ ဥပမာ PLA စာလုံးပါလာလျှင် PLA အဖွဲ့မှ ထိုစာလုံးကပ်ထားသည့် နံရံသို့ပြေးသွားပြီးလက်နှင့် ထိထားရန် )
- သမိုင်းကြောင်းထဲတွင် Participation စကားလုံးပါလာပါက အားလုံး Participation စာလုံးကပ်ထားသော ကြမ်းခင်းရှိ စက်ဝိုင်းအတွင်း ဝင်ရပ်ရန် ရှင်းပြပါ ။
- ပံ့ပိုးကူညီသူမှ အောက်ပါ PRA သမိုင်းကြောင်းကိုဖတ်ပြပါ ။

(အိန္ဒိယနိုင်ငံမှာ ၁၉၆၀ လောက်ကစပြီး လူမှုရေးကူညီမှုလုပ်ငန်းတွေအတွက် အသုံးဝင်မယ့် RRA နည်းလမ်းကို စတင်အသုံးပြုလာကြတယ် ။ ၁၉၇၀ လောက်ကစပြီး ဒေသခံလူထုပါဝင်တဲ့ PRA Tools တွေကို စတင်ပြောင်းလဲသုံးစွဲလာကြတယ် ။ နောက်ထပ် ၁၀စုနှစ်တစ်ခုကြာပြီး ၁၉၈၀ နောက်ပိုင်းမှာတော့ ပိုမို ထိရောက်ပြီး ဒေသခံလူထု ပါဝင်ဆောင်ရွက်မှု အပြည့်အဝပါဝင်တဲ့ PLA Tools တွေကိုသုံးစွဲလာကြပြန်တယ်။ တကယ်တော့ PRA နဲ့ PLA က အခေါ်အဝေါ်သာကွာတာပါ။ အသုံးပြုတဲ့ နည်းလမ်းကတော့ အတူတူပါပဲ။

အားလုံးကတော့ ဒေသခံတွေရဲ့ပါဝင်ဆောင်ရွက်မှုကို ရချင်တာပါ။ တချို့က RRA ကို PRA လို့ ထင်လိုထင်၊ PLA ကို PRA နဲ့ ရောလိုရော ၊ RRA နှင့် PLA ကိုအတူတူပဲ ထင်လိုထင်နဲ့ ရှုပ်ထွေးနေတတ်ကြပါတယ်။ တကယ်တော့ RRA က လူထုရဲ့ပါဝင်ဆောင်ရွက်မှု (Participation) ကို မရစေဘဲ စီမံချက်က တစ်ဖက်သတ် လုပ်ကိုင်သွားတဲ့ ဆန်းစစ်မှုတွေဖြစ်ပြီး PRA နဲ့ PLA ကတော့ ဒေသခံတွေရဲ့ပါဝင်ဆောင်ရွက်မှု (Participation) ကိုရစေတဲ့ နည်းလမ်းတွေပေါ့။ အရေးကြီးဆုံးကတော့ RRA မသုံးဘဲ PLA , PRA ကိုသုံးရခြင်းကတော့ အားလုံးရဲ့ ပါဝင်ဆောင်ရွက်မှု (Participation) ကိုရချင်လို့ပါပဲ)

# ပါဝင်ဆောင်ရွက်ရင်း
# လေ့လာသင်ယူခြင်း




စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း
အခန်း ၈ (H)၊ ဆင်မလိုက်ဈေးကွန်ဒို၊ ၈ လွှာ၊
ကြည့်မြင်တိုင်ကမ်းနားလမ်း၊  ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၃၀၅၉၂၈၊ ၀၉-၄၅၀၀၀၃၀၄၂
www.cbiinmyanmar.org